ကြေးမုံ
The Mirror
Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်၊ ကြာသပတေးနေ့ (12-6-2014) (၇၈၆၉)

မိုးရွာသွန်းမှု

၁၁-၆-၂၀၁၄

ချောင်းဆုံ	၃	ဒသမ	၂၇	လက်မ
သထုံ	၂	ဒသမ	၆၀	လက်မ
မအူပင်	၂	ဒသမ	၃၆	လက်မ
ရန်ကုန် (ဒဂုံမြို့သစ်တောင်ပိုင်း)	၂	ဒသမ	၃၂	လက်မ
မှော်ဘီ (စိုက်ပျိုးရေး)	၁	ဒသမ	၉၇	လက်မ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖိလစ်ပိုင်သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဘီနင်နို အကွီနို(၃) ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

ပိုမိုကောင်းမွန်သည့် အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေး ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇွန် ၁၀ ရက်မှ ၁၂ ရက်အထိကျင်းပလျက်ရှိသည့် မသန်စွမ်းသူများညီလာခံ ဖွင့်ပွဲအခမ်းအနားသို့ သဝဏ်လွှာ ပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံမှာ ပထမဆုံးကျင်းပတဲ့ မသန်စွမ်းသူများညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှလုံးအေးချမ်း သာယာကြပါစေ၊ မိမိတို့ရည်မှန်းတဲ့ ရည်မှန်းချက်တွေ ထမြောက်အောင်မြင်ပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီကနေ့ အခမ်းအနားဟာ လူသားတစ်ဦးဖြစ်တည်မှု၊ ဂုဏ်သိက္ခာရှိစွာ ရပ်တည်ရှင်သန်နိုင်မှုနဲ့ လူသားဖြစ်တည်မှုအပေါ်မှာ လူတစ်ဦးချင်းရသင့်ရထိုက်တဲ့ အခွင့်အရေးကိုခွဲခြားမှုမရှိဘဲ တန်းတူခံစားရရှိစေခြင်း စတာတွေကို ဖော်ကျူးတဲ့ အခမ်းအနားတစ်ရပ်ဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံးဂုဏ်ယူ ဝမ်းမြောက်ကြရမှာပဲဖြစ်ပါတယ်။

ဒီကနေ့ အသက်ရှင်ရပ်တည်နေသူများမှာ တူညီတဲ့အချက်တစ်ချက်ကတော့ အားလုံးဟာလူသားများပင် ဖြစ်တယ်ဆိုတဲ့အချက်ပဲဖြစ်ပြီး ဒီလိုစဉ်းစားတွေးခေါ်မှုမျိုးနဲ့အတူ လူ့အဖွဲ့အစည်းအတွင်း အသက်ရှင်ရပ်တည်နေထိုင်ကြသူများအားလုံး လူသားတစ်ဦး ရသင့်ရထိုက်တဲ့အခွင့်အရေးကို တန်းတူရည်မျှရရှိကြဖို့အတွက် ဝိုင်းဝန်းကြိုးပမ်းကြမှုဟာလည်း အထူးအရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။

ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်းမှာ တစ်ချိန်က မသန်မစွမ်းသူများ ရှိနေခြင်းဟာ မိသားစုအတွက်ကံဆိုးခြင်း၊ ဝန်ထုပ်ဝန်ပိုးဖြစ်ခြင်းနဲ့ တိုင်းပြည်အတွက် အင်အားယုတ်လျော့ခြင်း စသဖြင့် လွဲမှားတဲ့၊ အရှက်အကြောက်လွန်ကဲတဲ့ အဆိုမြင်မှုများရှိခဲ့တာကို ဝမ်းနည်းစွာတွေ့မြင်ကြရမှာဖြစ်ပါတယ်။ သို့သော်လည်း လူ့အခွင့်အရေးရှုထောင့်အရ လူသားတစ်ဦးချင်းစီ ရသင့်ရထိုက်တဲ့အခွင့်အရေးအခြေခံနဲ့ကြည့်မယ်ဆိုရင် အားလုံးဟာကိုယ်အင်္ဂါမပြည့်စုံသည့်တိုင် သာမန်လူသားတစ်ဦးကဲ့သို့ စွမ်းဆောင်ရုံသာမကဘဲ ကျန်းမာကြံ့ခိုင်တဲ့လူသားများထက်ပင် ပိုမိုစွမ်းဆောင်နိုင်တဲ့ မသန်သော်လည်း စွမ်းနိုင်တဲ့မသန်စွမ်းပုဂ္ဂိုလ်များကိုလည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမီယာ၊ ဗွီ၊ ပူတင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဒီမီထရီ၊ အေ၊ မက်ဒ်ဗီဒက်ဗ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

အခန်းပေါင်း ၈၀၀ ကျော်ပါဝင်မည့် ဝန်ထမ်းအိမ်ရာများ မန္တလေးတိုင်းဒေသကြီးအတွင်း ငွေကျပ် ကိုးဘီလီယံ အကုန်အကျခံတည်ဆောက်မည်

မန္တလေး ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေဖြင့် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနက ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆောက်လုပ်အကောင်အထည်ဖော်မည့် စီမံကိန်းတွင် အခန်းပေါင်း ၈၀၀ ကျော် ပါဝင်မည်ဖြစ်ပြီး ခရိုင်အဆင့်ရှိ မြို့များတွင် အခန်း ၅၀ စီခန့်နှင့် မြို့နယ်အဆင့်ရှိမြို့များတွင် အခန်းပေါင်း ၂၅ ခန်းစီ ဆောက်လုပ်မည်ဖြစ်သည်။ ယခုဝန်ထမ်းအိမ်ရာစီမံကိန်းအတွက် မန္တလေးတိုင်းဒေသကြီးမှ ခွင့်ပြုရန်ပုံငွေကျပ် ကိုးဘီလီယံ(ကျပ်သိန်းပေါင်း ကိုးသောင်း)ခွင့်ပြုပေးခဲ့ခြင်းဖြစ်ပြီး တည်ဆောက်ပြီးစီးသော အိမ်ရာများတွင် သက်ဆိုင်ရာမြို့နယ်များ၌ ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ပြီး နေထိုင်ရေးအတွက် အမှန်တကယ် အခက်အခဲရှိသူများကို ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းပြီး စိစစ်ရွေးချယ် နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမြ(မန္တလေး)**

ကျွန်းစုမြို့နယ်၌ သွားလာရေးအဆင်ပြေ၍ ပြည်သူများနှင့် နိုင်ငံခြားခရီးသွားဧည့်သည်များ ပိုမိုလည်ပတ်မှုများလာ

ကျွန်းစု ဇွန် ၁၁

ကျွန်းစုမြို့နယ်သို့ နိုင်ငံခြားခရီးသွားဧည့်သည်များ လာရောက်လည်ပတ်မှုများပြားလာကာ ဇွန် ၈ ရက် ညနေ ၃ နာရီခွဲတွင် ဒိန်းမတ်နိုင်ငံသား Mr.FRIISGAARD ANTON WIBERG နှင့် ဇွန် ၉ ရက် နံနက် ၉ နာရီ ၁၅ မိနစ်တွင် တရုတ်နိုင်ငံသား Mr.DENG TENG နှင့် Mr.ZHANG MGJIE တို့သည် အမြန်ရေယာဉ်ဖြင့် အလည်အပတ်လာရောက်ခဲ့ကြသည်။

ကျွန်းစု-မြိတ် အမြန်ရေယာဉ်များပြေးဆွဲလျက်ရှိသည်နှင့်အညီ အများပြည်သူများ၊ နိုင်ငံခြားခရီးသွားဧည့်သည်များနှင့် မြို့ပေါ်ရှိပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစရှိသည့် လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ကျွန်းစုမြို့ဆိပ်ကမ်းတွင်လည်း စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ကျွန်းစု မြန်/ဆက်)

ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ကြေးမုံ စာတည်းရှုထောင့် ၁၂-၆-၂၀၁၄၊ ကြာသပတေးနေ့

ပြည်သူကိုဗဟိုပြု၍ တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ်ဆောင်ရွက်

ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရေးတွင် အခြေခံအုတ်မြစ်ခိုင်မာအောင် ဆောင်ရွက်ပေးရမည့်တာဝန်နှင့် ပြည်သူတို့၏ လူမှုစီးပွား လိုအပ်ချက်များအား ဦးစားပေးဖြည့်ဆည်းရမည့်တာဝန်တို့ကို တတိယအဆင့်အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်နိုင်ရန်အတွက် ပြုပြင်ပြောင်းလဲရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများအား ယမန်နေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်ရှိ ခန်းမဆောင်၌ လမ်းညွှန်မှာကြားခဲ့သည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် နိုင်ငံတော်အစိုးရသည် ပထမဆုံးအဆင့် (First Wave) ကို နိုင်ငံ့တာဝန်ယူပြီး တစ်နှစ်ကျော်ကာလအတွင်းမှာပင် မြန်မာ့နိုင်ငံရေးတိုးတက်ဖြစ်ထွန်းမှုများကို အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် သမိုင်းမှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့ပြီးဖြစ်သည်။ ဆက်လက်၍ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု၊ အစိုးရယန္တရား တိုးတက်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှု စသည့်ပြုပြင်ပြောင်းလဲမှုတို့ကို မဟာဗျူဟာလုပ်ငန်းစဉ်များအဖြစ် ချမှတ်ပြီး ဒုတိယအဆင့်(Second Wave) အဖြစ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာ၌ ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်မည့်အပိုင်းနှင့် ပြည်သူတို့၏လူမှုစီးပွား ဦးစားပေးလိုအပ်ချက်များကို ချက်ချင်းဆောင်ရွက်ပေးရမည့်အပိုင်းတို့ကို အကောင်အထည်ဖော်နိုင်ရန်အတွက် တတိယအဆင့် အရှိန်အဟုန်မြှင့်တင်မှု (Third Wave) အဖြစ် ဆောင်ရွက်သွားမည်ဟု နိုင်ငံတော်သမ္မတက အဆိုပါအခမ်းအနားတွင် အတိအလင်းပြောကြားလိုက်သည်။

ရေရှည်အတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် ချမှတ်ပေးရမည့်အပိုင်းတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် တရားဥပဒေစိုးမိုးရေးကို ထိရောက်အောင်ဆောင်ရွက်ပြီး ဒီမိုကရေစီအလေ့အကျင့် ရင့်သန်မှုဖြင့် ဒီမိုကရေစီနိုင်ငံအသွင်ကူးပြောင်းမှု ချောမွေ့အောင်မြင်အောင် ဆောင်ရွက်ရေးနှင့် လူမှုစီးပွားတိုးတက်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိလိုက်ရသည်။

လူမှုစီးပွားတိုးတက်အောင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများက ကဏ္ဍအလိုက် လက်တွေ့ကျကျအကောင်အထည်ဖော်ရာတွင် အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးနှင့် ကျန်းမာရေးသည် အခြေခံအုတ်မြစ်ဖြစ်ပါသည်။ ထိုအုတ်မြစ်ခိုင်မာစေရန် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာကျွမ်းကျင်သူနှင့် ကျွမ်းကျင်လုပ်သားများကို လေ့ကျင့်မွေးထုတ်ပေးကြရမည်ဖြစ်သည်။ ထို့အပြင် ပညာရေးကဏ္ဍကို လာမည့်နှစ်တွင် ဘဏ္ဍာငွေပိုမိုခွဲဝေသုံးစွဲပြီး အရှိန်အဟုန်မြှင့်တင်မည်ဟုသိရသဖြင့် ဆရာများ၊ ကျောင်းသားများ၊ မိဘများ၊ ပညာရှင်များနှင့် ဖွံ့ဖြိုးမှုမိတ်ဖက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပါ နီးနီးကပ်ကပ် ညှိနှိုင်းပူးပေါင်းကာ ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ပြည်သူတို့၏ လူမှုစီးပွားလိုအပ်မှုများတွင် အလုပ်အကိုင်နှင့် ဝင်ငွေရရှိနိုင်သည့်နည်းလမ်းများ ဖန်တီးပေးရေးလုပ်ငန်းများမှာလည်း အဓိကအကျဆုံးအချက်ဖြစ်ရာ အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများကို ယခုအခါ သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်နေသည်ကိုလည်း တွေ့ရသည်။ အထူးသဖြင့် ပြည်သူဗဟိုပြုဆောင်ရွက်နေသော ယနေ့အခါသမယတွင် ပြည်သူများနှင့်ထိတွေ့ဆက်ဆံရသော ကုန်စည်အဝင်၊ အထွက် ဆိပ်ကမ်းများ၊ လေဆိပ်များ၊ ရုံးဌာနအသီးသီးနှင့် စည်ပင်သာယာရေးအဖွဲ့အစည်းများတွင် ပြည်သူများမနှစ်မြို့သော ဆက်ဆံဆောင်ရွက်မှုများရှိနေခြင်းသည်လည်း သတိမူရမည့်ကိစ္စများဖြစ်ရာ တာဝန်ရှိသူများက မသိကျိုးကျွံမပြုဘဲ ပြည်သူများကျေနပ်မှု၊ ယုံကြည်မှုရှိလာသည်အထိ ဝန်ဆောင်မှုများ လျင်မြန်တိုးတက်ကောင်းမွန်အောင် ဖိဖိစီးစီးဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူအားလုံး၏ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။ ။

လုပ်ငန်းစဉ်များ အောင်မြင်စွာလုပ်ဆောင်နိုင်ရန် ဥပဒေများပြဋ္ဌာန်း

နေပြည်တော် ဇွန် ၁၁

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ဇွန် ၁၀ ရက် နံနက် ၁၁ နာရီခွဲတွင် ကျင်းပခဲ့ရာ Task Force ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍတို့တွင် ရေရှည်၌ကောင်းမွန်သော အုတ်မြစ်ချပေးနိုင်ရန်နှင့် ရေတိုလုပ်ငန်းစဉ်များ အောင်မြင်စွာ လုပ်ဆောင်နိုင်ရန် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် Working Group များ ဖွဲ့စည်းပြီး မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်၍ နိုင်ငံတော်၌ ပြည်သူတို့၏ လိုအပ်ချက်များအပေါ် အခြေခံ၍ ဆွေးနွေးကြရန်လိုကြောင်း၊ ထိုဆွေးနွေးမှုများမှ ရရှိလာသော ဆွေးနွေးချက်များအား Task Force အစည်းအဝေးများတွင် တင်ပြဆွေးနွေး ဆုံးဖြတ်ကြရန်ဖြစ်ကြောင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်း၍အသက်မွေးပညာသင်တန်းများကို သင်တန်းနှင့် လုပ်ငန်းခွင်ဆက်စပ်လျက် ကျွမ်းကျင်အောင် ပိုမိုပြီးဆောင်ရွက်ရန်နှင့် လိုအပ်ချက်များကို Development Partner များမှ အကူအညီများ လိုအပ်မှာဖြစ်ပါကြောင်း၊ မူဝါဒများ၊ ဥပဒေများရေးဆွဲသည့် ကိစ္စရပ်များတွင် International Experiences ရှိသူများကိုလည်း ဖိတ်ကြားပြီး ရေးဆွဲရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော Task Force အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်က ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ တင်ပြပြီး အထူးလုပ်ငန်းအဖွဲ့ (Task Force) အဖွဲ့မှ ဒုတိယဝန်ကြီးများက နိုင်ငံတော်၌ လိုအပ်လျက်ရှိသော ကျွမ်းကျင်လုပ်သားများနှင့် Working Group များ အပြီးသတ်ဖွဲ့စည်းနိုင်ရေးစီစဉ်ထားရှိမှုများအား တင်ပြဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသူများက ကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များမှ ခေါင်းဆောင်များနှင့် အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဏာမကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

နေပြည်တော် ဇွန် ၁၁

သက်တမ်းရှည်ရှည် ကျန်းမာစွာနေနိုင်ရေး (၅)နှစ်အောက်ကလေး၊ မွေးကင်းစကလေးနှင့် မိခင်သေနှုန်းကျဆင်းရေး၊ ဆေးရုံများအဆင့်မြှင့်တင်ရေးနှင့် တက္ကသိုလ်များကို နိုင်ငံတကာအဆင့်မီစေရေး၊ ပြည်သူများကျေနပ်လောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုရရှိစေရေး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၏လိုအပ်ချက်နှင့် ကျေနပ်မှုကို အပြည့်အဝပေးနိုင်ရေးသည် အလွန်အရေးကြီးကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပသော ပဏာမကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့တွင် ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရာတွင် အခြေခံကျသည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကဏ္ဍအသီးသီးမှ အချိန်နှင့်တစ်ပြေးညီ အောင်မြင်အောင် အကောင်အထည်ဖော်လျက်ရှိရာ လုပ်ငန်းအတွေ့အကြုံများကို အခြေခံ၍ အားသာချက်၊ အားနည်းချက်တို့ကို စိစစ်သုံးသပ်၍ ပိုမိုထိရောက်အောင်မြင်မည့် အကြံပြုချက်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြရန် ဆက်လက်ပြောကြားသည်။

ယင်းနောက် အုပ်စုလိုက်အကြံပြုဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၁၁

ရန်ကုန်	ရွှေဈေး	၆၅၁၀၀၀	-	၆၅၁၆၀၀
မန္တလေး	ရွှေဈေး	၆၅၁၀၀၀	-	၆၅၁၆၀၀

စက်သုံးဆီဈေးနှုန်း

(က)	ဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၁၁၄၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၉၃၀ ကျပ်
(ဃ)	ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	= ၉၆၇. ၀၀
(ခ)	ဥရောပ	တစ်ယူရို	= ၁၃၀၈. ၆
(ဂ)	တရုတ်	တစ်ယွမ်	= ၁၅၅. ၃၅
(ဃ)	ထိုင်း	တစ်ဘတ်	= ၂၉. ၇၇၂
(င)	မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၈၆
(စ)	အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၃၀
(ဆ)	ဂျပန်	တစ်ရာယန်း	= ၉၄၄. ၅၇
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၁၀၇
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၅. ၇၃
(ည)	စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၃. ၆၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

❖ **ရှေ့ဖုံးမှ**

ပိုမိုမြင်တွေ့လာရပြီး သူတို့ဟာ လူ့အဖွဲ့အစည်းအတွင်းမှာ တလေးတစားနဲ့ နေရာပေးခံလာကြရတာကိုလည်း ဝမ်းမြောက်ဖွယ်ရာ တွေ့မြင်ကြရမှာဖြစ်ပါတယ်။ လူသားချင်းအတူတူပဲဖြစ်တာကို တွေ့ကြရမှာဖြစ်ပါတယ်။ ဒီကနေ့မှာ ပွင့်လင်းလာတဲ့အခြေအနေတွေကြောင့်၊ ကမ္ဘာကြီးနဲ့ နီးကပ်စွာဆက်ဆံလာနိုင်တာတွေကြောင့်၊ နည်းပညာတွေရဲ့ တိုးတက်ဖြစ်ထွန်းမှုတွေကြောင့် မသန်စွမ်းသူများအနေနဲ့ သာမန်လူတစ်ဦးလို ရှင်သန်နေထိုင်ဖို့အတွက် အခက်အခဲကွာဟချက်များစွာ ကျဉ်းမြောင်းသွားပြီလို့ ဆိုရမှာပဲဖြစ်ပါတယ်။

ကျွန်တော်တို့ အစိုးရသစ်တာဝန်ယူပြီးတဲ့နောက်ပိုင်းမှာ မသန်စွမ်းသူများအတွက် စီမံဆောင်ရွက်ခဲ့တဲ့ အစီအမံများကို အနည်းငယ်ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၀၆ ခုနှစ်မှာ ကျင်းပခဲ့တဲ့ (၆၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံကနေ အတည်ပြုပြဋ္ဌာန်းပေးခဲ့သော မသန်စွမ်းသူအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့မှာ သဘောတူလက်မှတ်ရေးထိုးပေးခဲ့ပြီး မသန်စွမ်းပုဂ္ဂိုလ်များ လူမှုအသိုက်အဝန်းအတွင်း ပါဝင်နိုင်မှုတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့တဲ့ (၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲမှာ မသန်စွမ်းအားကစားသမားများရဲ့ စွမ်းဆောင်ရည်များကို မြင်တွေ့ခဲ့ကြရမှာဖြစ်ပြီး ဒီအချက်က သူတို့ရဲ့စွမ်းဆောင်နိုင်မှုတွေနဲ့ လူမှုအသိုက်အဝန်းအတွင်း ပါဝင်ပတ်သက်ခွင့်တွေကို နိုင်ငံသားအားလုံးက အသိအမှတ်ပြုဖို့ ထိုက်တန်တယ်ဆိုတာကို ပြသခဲ့ခြင်းလည်းဖြစ်ပါတယ်။

လက်ရှိမှာ မသန်စွမ်းပုဂ္ဂိုလ်များကိုလည်း တန်းတူညီစွာ ဥပဒေအရ အကာအကွယ်ရနိုင်မှုနဲ့ နိုင်ငံသားတိုင်းရဲ့ မွေးရာပါအခွင့်အရေး သေချာစွာ ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံမသန်စွမ်းသူများ အခွင့်အရေးဥပဒေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီးရေးဆွဲလျက်ရှိပါတယ်။ ဒီဥပဒေမှာ ကာယကံရှင် မသန်စွမ်းသူများရဲ့ သဘောထားဆန္ဒလိုလားချက်များနဲ့ အမှန်တကယ်လိုအပ်ချက်များ အကျုံးဝင်နိုင်ဖို့ စုစည်းလုပ်ဆောင်လျက်ရှိပြီး မကြာမီအတည်ပြုပြဋ္ဌာန်းနိုင်ဖို့ ဦးစားပေးလုပ်ဆောင်သွားမှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံ အာဆီယံဥက္ကဋ္ဌရာထူး ရယူဆောင်ရွက်နေတဲ့အချိန်ကာလမှာ အာဆီယံဒေသအတွင်း ထင်ပေါ်ကျော်ကြားအနုပညာရှင်များကို ဖိတ်ခေါ်ပြီး ကျွန်တော်တို့နိုင်ငံက မသန်စွမ်းသူ အနုပညာရှင်များရဲ့ အနုပညာစွမ်းပကားနဲ့ ပူးပေါင်းပြီး အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော် ကျင်းပနိုင်ဖို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့တို့ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ကိုယ်တတ်ကျွမ်းတဲ့ အနုပညာစွမ်းပကားနဲ့ အမိနိုင်ငံတော်ကို အကျိုးပြုတဲ့ ကောင်းမွန်တဲ့လုပ်ရပ်ကောင်းအဖြစ် ကြိုဆိုကြရမှာလည်းဖြစ်ပါတယ်။

မသန်စွမ်းသူများရဲ့ အရေးကိစ္စဟာ လူ့အခွင့်အရေးတစ်ရပ်လို့ပြောရင် မမှားတဲ့အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ရာမှာ၊ ဥပဒေများပြဋ္ဌာန်းရာမှာ မသန်စွမ်းသူများပါ ပါဝင်အကျိုးကျေးဇူးဖြစ်ထွန်းစေမယ့် အစီအမံများပါဝင်စေဖို့လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံသားအားလုံးပါဝင်တဲ့ နေချင်စဖွယ်ကောင်းတဲ့ နိုင်ငံတော်ကြီးဖြစ်လာမှာလည်းဖြစ်ပါတယ်။

ဒီကနေ့ မသန်စွမ်းသူများရဲ့အရေးကိစ္စနဲ့ပတ်သက်ပြီး ပြောဆို၊ လှုပ်ရှားခွင့်တွေရရှိလာတာဟာ အရပ်ဘက်လူ့အဖွဲ့အစည်းများရဲ့ ကြိုးပမ်းမှုကလည်း အထူးအရေးပါခဲ့တယ်ဆိုတာ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း မသန်စွမ်းသူများရဲ့ အခွင့်အရေးဆိုင်ရာ ကိစ္စတွေအတွက် ဆောင်ရွက်ပေးမယ့် အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ မသန်စွမ်းသူများကို ကိုယ်စားပြုတဲ့အသင်းအဖွဲ့များ များစွာပေါ်ပေါက်လာဖို့ အားပေးကြရမှာလည်း ဖြစ်ပါတယ်။

မသန်စွမ်းသူများရဲ့ အရေးကိစ္စဟာ ကျွန်တော်အထက်မှာပြောကြားခဲ့တဲ့အတိုင်း လူ့အခွင့်အရေးကိစ္စဖြစ်တာနဲ့အညီ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံကနေ စဉ်းစားကြရမှာဖြစ်ပြီး ဒီအထဲမှာ မသန်စွမ်းအမျိုးသမီးများနဲ့ ကလေးများကိစ္စတွေ၊ သဘာဝဘေးအန္တရာယ်လိုအရာတွေ ကြုံတွေ့တဲ့အခါမှာ မသန်စွမ်းသူများပါ အကျုံးဝင်နိုင်မယ့် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ စသည်ဖြင့် ကျယ်ပြန့်စွာ ပါဝင်ရမှာလည်း ဖြစ်ပါတယ်။

ကမ္ဘာ့သမိုင်းတစ်လျှောက်မှာရော ဒီကနေ့ကာလမှာပါ မသန်စွမ်း သိပ္ပံပညာရှင်များ၊ အနုပညာရှင်များ၊ အားကစားသမားများ၊ နိုင်ငံရေးနယ်ပယ်မှ ပုဂ္ဂိုလ်များ စသည်ဖြင့် သာမန်လူများနဲ့တန်းတူသာမက ပိုမိုတဲ့စွမ်းဆောင်ရည်များကို ပြသနေကြတဲ့ မသန်စွမ်းပုဂ္ဂိုလ်များရှိနေခြင်းဟာလည်း လူသားချင်းအတူတူပင်ဖြစ်တယ်ဆိုတဲ့ကိစ္စကို သက်သေထူရာ ရောက်ပါတယ်။ ဒါကိုကြည့်ရင် ကိုယ်အင်္ဂါတစ်ခုခုဆုံးရှုံးရသည့်တိုင် စိတ်ဓာတ်ခွန်အားက အရေးကြီးပြီး အဆုံးအဖြတ်ပေးတယ်ဆိုတာကို တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။

မွေးရာပါကြောင့်ဖြစ်စေ၊ အန္တရာယ် တစ်စုံတစ်ရာကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါတစ်ခုခု ဆုံးရှုံးခဲ့ကြရသူများဟာ စင်စစ်တော့ အသက်ရှင်ရပ်တည်နိုင်သေးခြင်းဆိုတဲ့ ကြီးမြတ်တဲ့အခွင့်ထူးတစ်ရပ်ကို ပိုင်ဆိုင်နိုင်နေသေးတာကို အားတက်ဖွယ်တွေ့ရမှာဖြစ်ပါတယ်။ အသက်ရှင်နေသမျှကာလပတ်လုံးဟာ လူသားတစ်ဦးအတွက် မျှော်လင့်ချက်တွေ၊ စိတ်ကူးအိပ်မက်တွေနဲ့ ဖန်တီးနိုင်စွမ်းတွေ အများအပြားကို ပိုင်ဆိုင်နိုင်သေးတာဖြစ်တဲ့အတွက် ဒီအရာတွေကို အင်အားအဖြစ် အသုံးချပြီး မိမိတို့တိုင်းပြည်အတွက် အခြားနိုင်ငံသားများနဲ့တန်းတူ မိမိတို့ကျရာအခန်းကဏ္ဍကနေ ပါဝင်ဆောင်ရွက်ကြပါလို့ တိုက်တွန်းအပ်ပါတယ်။ တစ်ဆက်တည်းမှာပဲ မသန်စွမ်းပုဂ္ဂိုလ်များရဲ့ အခွင့်အရေး၊ သူတို့ရဲ့စွမ်းဆောင်ရည်နဲ့ တိုင်းပြည်အတွက် အကျိုးပြုနိုင်စွမ်းကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းအတွင်းမှာ ပိုမိုအသိအမှတ်ပြုကျယ်ကျယ်ပြန့်ပြန့်လက်ခံလာဖို့ နိုင်ငံတော်အနေနဲ့၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအနေနဲ့သာမက လူ့အသိုင်းအဝိုင်းတစ်ခုလုံးအနေနဲ့ပါ ဝိုင်းဝန်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်မြန်မာ့လူ့အဖွဲ့အစည်းဖြစ်ပေါ်လာရေးကို ကျွန်တော်တို့အားလုံးအတူတူ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါစို့လို့ ဆန္ဒပြုလိုက်ပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၁

လမ်းမကြီးများဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းထားကြသည့် လွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နှင့် ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင်များက အများပြည်သူအကျိုးစီးပွားကို ထည့်သွင်းစဉ်းစားကာ လမ်းမကြီးများနှင့်စပ်လျဉ်းသည့် လက်တွေ့ကြုံတွေ့နေရသော ပြည်သူတို့၏အခက်အခဲများအပေါ် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

အန္တရာယ်ဖြစ်နိုင်သောလမ်း

ရန်ကုန် ဇွန် ၁၁

ကမ္ဘာအေးစေတီလမ်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်ခုံးကျော်တံတားအောက်(မီးပွိုင့်လမ်းဆုံ)အနီးတွင် မိုးတွင်းကာလ လမ်းပေါ်တွင် ရေများတင်ကျန်နေမှုကြောင့် ချိုင့်ခွက်များဖြစ်နေ၍ အဆိုပါလမ်းတွင် သွားလာနေကြသော ခရီးသွားပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် မော်တော်ယာဉ်များအတွက် အန္တရာယ်ဖြစ်နိုင်သဖြင့် တာဝန်ရှိသူများမှ စစ်ဆေးပြုပြင်ပေးနိုင်ရေး အကြံပြုရေးသားလိုက်ရပါသည်။ **(သွန်းဝသန်လင်း)**

ရထားပို့ဆောင်ရေးအပါအဝင် ကုန်းလမ်းပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် မြန်မာ-ဂျပန် ဆွေးနွေး

နေပြည်တော် ဇွန် ၁၁

ဂျပန်နိုင်ငံအစိုးရ၊ မြေယာ၊ အခြေခံအဆောက်အအုံ၊ သယ်ယူပို့ဆောင်ရေးနှင့် ခရီးသွားလာရေးဝန်ကြီးဌာန (MLIT) ဒုတိယဝန်ကြီး H.E. Mr. Ryuji Masuno သည် ယနေ့မွန်းလွဲပိုင်းတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ရထားလုပ်ငန်းနှင့် ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်းအား ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်စေရေးကိစ္စများကို ဆွေးနွေးသည်။

ဆက်လက်၍ ဒုတိယအကြိမ်နှစ်နိုင်ငံ ဒုတိယဝန်ကြီးအဆင့် ဆွေးနွေးပွဲကို ကျင်းပရာ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေသည့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ အကြိုဖြစ်နိုင်ခြေလေ့လာမှုဆောင်ရွက်ခြင်းကိစ္စ၊ ရန်ကုန်ဘူတာကြီးနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် နည်းပညာ အကြံဉာဏ်ကူညီပံ့ပိုးပေးနေသည့်ကိစ္စ၊ ဂျပန်နိုင်ငံမှ ဝယ်ယူပြီး လက်ရှိအသုံးပြုနေသော Rail Bus Engine (RBE) ရထားတွဲများ အဆင့်မြှင့်တင်ရေး၊ မြန်မာ့မီးရထား ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်နိုင်ရေးအတွက် နည်းပညာနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီပေးရေးနှင့် စက်ခေါင်းနှင့်တွဲများ တည်ဆောက်ပြုပြင် မွမ်းမံနိုင်ရေး နည်းပညာအကူအညီ လိုအပ်မှုကိစ္စ၊ ရထားတံတားကြီးများ၌ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည့် နည်းပညာအကူအညီ၊ မကြာမီ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရထားဖြင့်ကုန်သေတ္တာ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းနှင့် ကုန်းတွင်းဆိပ်များ ပေါ်ပေါက်လာရေး လိုအပ်သည့် နည်းပညာ အကူအညီပေးရေး၊ ယာဉ်စစ်ဆေးရေးလုပ်ငန်းအား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးနိုင်ရေး၊ မော်တော်ယာဉ်စစ်ဆေးရေးကိစ္စများ အဆင့်မြှင့်တင်ရေးနှင့် Database System များ အဆင့်မြှင့်တင်နိုင်ရေး ကိစ္စတို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးချန်မောင်နှင့် ဦးမြင့်သိန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဂျပန်နိုင်ငံ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စိတ်နှလုံးဖြူ မေတ္တာတု လူကုန်ကူးခံရသူ လက်တွဲကူ

အစ္စရေးသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံရသူ ရူဗန်ရီဗလင်။

အစ္စရေးသမ္မတအဖြစ် တာဝန်ထမ်းဆောင်ရန် ရူဗန်ရီဗလင်အား ရွေးချယ်တင်မြှောက်

ဂျေရုဆလင် ဇွန် ၁၁

အစ္စရေးပါလီမန် ဥက္ကဋ္ဌဟောင်းနှင့် အမတ်တစ်ဦးဖြစ်သူ ရူဗန်ရီဗလင်အား နိုင်ငံတော်သမ္မတအဖြစ် တာဝန်ယူရန် ပါလီမန်က ဇွန် ၁၀ ရက်တွင် ရွေးချယ် တင်မြှောက်လိုက်ကြောင်း၊ ဝါရင့် နိုင်ငံရေးသမားကြီး ရီဗလင်သည် ရဟူဒီအခြေစိုက် နေထိုင်ရာ ရပ်ကွက်များထူထောင်ရေး လှုပ်ရှားမှုကို ထောက်ခံသူဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကျမ်းကျိန်မည်

ပါလက်စတိုင်းနိုင်ငံတော် ထူထောင်ခြင်းကို ဆန့်ကျင်သော နိုင်ငံရေးသမားတစ်ဦးဖြစ်သူ ရီဗလင်သည် အစ္စရေးနိုင်ငံ၏ ဒသမ မြောက်သမ္မတအဖြစ် ဇူလိုင် ၂၄ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုမည် ဖြစ်သည်။

သမ္မတရှိမွန်ပီရက်စ်၏ နေရာ၌ အစားထိုးဝင်ရောက်လာမည့် ရီဗလင်သည် အစ္စရေးနိုင်ငံ၏ အာဏာရ လီကွတ်ပါတီမှ လက်ယာစွန်းရောက်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။

အသက် ၇၄ နှစ်ရှိ ရီဗလင်သည် ဒုတိယအကျော့ မဲပေးပွဲတွင်ဟက်န္တာပါတီမှ ဥပဒေပြုအမတ်မေရှီထရစ်ကို ၆၃မဲ-၅၃မဲဖြင့် အနိုင်ရရှိခဲ့သည်။ အမတ်နေရာ ၁၂၀ ရှိ အစ္စရေးပါလီမန်က သမ္မတတစ်ဦးကို ရွေးချယ်နိုင်ရန် မဲပေးပွဲပြုလုပ်ခဲ့ရာတွင် ပထမအကျော့ မဲပေးပွဲ၌ ငါးဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ရိုက်တာ။

ဓာတ်ငွေ့ရောင်းချရေးဆိုင်ရာ ဆွေးနွေးပွဲ ရုရှားနှင့် ယူကရိန်း စတင်ကျင်းပ

ရုရှား ဂက်စပရွန်စွမ်းအင်ကုမ္ပဏီ၏ ဓာတ်ငွေ့စက်ရုံတစ်ရုံကို တွေ့ရစဉ်။

ဘရပ်ဆယ် ဇွန် ၁၁

ရုရှားနှင့် ယူကရိန်းနိုင်ငံတို့သည် ဓာတ်ငွေ့ရောင်းချရေးဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ်ကို ဇွန် ၁၁ရက်တွင် စတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

ဥရောပသမဂ္ဂ(အီးယူ)၏ စေ့စပ်ပေးမှုဖြင့် အဆိုပါဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ယူကရိန်းနိုင်ငံ အရှေ့ပိုင်းရှိ တိုက်ခိုက်မှုများဖြစ်ပေါ်နေသည့် ဒေသများ၌ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် သမ္မတသစ် ပိုရိုရှန်ကိုက ညွှန်ကြားခဲ့ပြီးနောက် ဓာတ်ငွေ့ရောင်းချရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ရုရှားအစိုးရသည်ယူကရိန်းအစိုးရအဖွဲ့သစ်နှင့် စေ့စပ်ဆွေးနွေးမှုများ ပြုလုပ်ရန် လိုလားကြောင်း ရုရှားစွမ်းအင်လုပ်ငန်း ထိပ်တန်းကုမ္ပဏီဖြစ်သော ဂက်စပရွန်ကုမ္ပဏီ အကြီးအကဲ အလက်ဇီမီလာက ဥရောပသမဂ္ဂ စွမ်းအင်ရေးရာမဟာမင်းကြီး ဂွန်သာအော်တင်ဂါနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

နှစ်ဦးနှစ်ဖက်လက်ခံနိုင်မည့် သဘောတူညီချက်တစ်ရပ် ရရှိရေးအတွက် ဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ရုရှားကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ကို စေလွှတ်ပေးလိုက်ကြောင်း သမ္မတဗလာဒီမာပူတင်က ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာမာကယ်လ်အား တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။

ပီတီအိုင်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ စစ်သွေးကြွများ သိမ်းပိုက် မြို့ခံများ စွန့်ခွာထွက်ပြေး

ဘဂ္ဂဒက် ဇွန် ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက်မိုင် ၂၀၀ခန့်အကွာတွင်တည်ရှိသည့် မိုဆူးလ်မြို့ကို အစ္စလာမ္မစ်အစွန်းရောက်စစ်သွေးကြွများက သိမ်းပိုက်လိုက်သည့်အတွက် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ လုံးဝပျက်စီးသွားပြီးဟု အီရတ်စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ မိုဆူးလ်မြို့ခံပြည်သူ ငါးသိန်းခန့်သည်လည်း မြို့ကို စွန့်ခွာထွက်ပြေးသွားကြပြီဖြစ်ကြောင်း နိုင်ငံတကာလူဝင်မှုအဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ မိုဆူးလ်မြို့ကို ဆွန်နီမွတ်ဆလင်စစ်သွေးကြွများ၏ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ခံရခြင်းသည် ရှီယာမွတ်ဆလင်များဦးဆောင်သည့် အီရတ်အစိုးရအတွက် မထင်မှတ်ဘဲ အလစ်တိုက်ခိုက်ခံရခြင်းဖြစ်သည်။

အီရတ်နိုင်ငံသည် အခက်အခဲများနှင့် ရင်ဆိုင်နေရပြီဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် နူရီအယ်မာလီကီက ပြောကြားပြီး အရေးပေါ်အခြေအနေ ကြေညာနိုင်ရန် လွှတ်တော်ခေါ်ယူရန်လည်း တောင်းဆိုထားသည်။

မိုဆူးလ်မြို့တည်ရှိရာ နင်နီဗားပြည်နယ်ဒေသ၏ လုံခြုံရေးဆိုင်ရာအကြံပြုချက်များကို ဝန်ကြီးချုပ်က လစ်လျူရှုခဲ့သည်ဟုလည်း နင်နီဗားပြည်နယ်အုပ်ချုပ်ရေးမှူးက ပြစ်တင်ဝေဖန်ထားသည်။

ဘီဘီစီ။

ရေနံချက်စက်ရုံတည်ရှိရာ ဘေဂျီမြို့ကို အီရတ်စစ်သွေးကြွတို့ ထိန်းချုပ်ရန် ကြိုးပမ်း

ဘဂ္ဂဒက် ဇွန် ၁၁

အယ်လ်ခိုင်ဒါအဖွဲ့မှ ခွဲထွက်ခဲ့သော အုပ်စုတစ်စုမှ စစ်သွေးကြွများသည် အီရတ်နိုင်ငံရှိ အကြီးဆုံးသော ရေနံချက် စက်ရုံတည်ရှိရာ မြို့ငယ်တစ်မြို့ကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အီရတ်နိုင်ငံအတွင်း အစ္စလာမ္မစ်နိုင်ငံထူထောင်ရန် ရည်မှန်းထားသော စစ်သွေးကြွအုပ်စုတစ်စုသည် တိုင်းရင်းသား မျိုးနွယ်စုများပါဝင်သော ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့မှတစ်ဆင့် ယင်းမြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရုပ်သိမ်းထွက်ခွာသွားရန် တောင်းဆိုခဲ့သည်။

ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံမှ လုံခြုံရေးဝန်ထမ်း ၂၅၀ ခန့်သည် အခြားသော မြို့ငယ်တစ်မြို့သို့ ထွက်ခွာသွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဇွန် ၁၀ ရက်က စစ်သွေးကြွတို့ ထိန်းချုပ်ခဲ့သော မိုဆူးလ်မြို့ တစ်နေရာကို တွေ့ရစဉ်။

စစ်သွေးကြွများသည် ဘေဂျီမြို့၏ ထင်ပေါ်ကျော်ကြားသော တိုင်းရင်းသားမျိုးနွယ်ခေါင်းဆောင်များနှင့် ဆက်သွယ်ခဲ့ကြောင်း၊ ဘေဂျီမြို့ကို ထိန်းချုပ်ရန် စစ်သွေးကြွများ ဝင်ရောက်လာချိန်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ခုခံတိုက်ခိုက်ခြင်းမပြုရန် တိုင်းရင်းသားမျိုးနွယ် ခေါင်းဆောင်များက တိုက်တွန်းပြောဆိုခဲ့ကြကြောင်း အစိုးရ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ကြီးဖြစ်သော မိုဆူးလ်မြို့ကို စစ်သွေးကြွများက ဇွန် ၁၀ ရက်တွင် ထိန်းချုပ်လိုက်ပြီးနောက် တစ်ရက်အကြာတွင် ဘေဂျီမြို့ကို ဆက်လက်ထိန်းချုပ်နိုင်ရန် ကြိုးပမ်းခြင်းဖြစ်သည်။

စစ်သွေးကြွများသည် မော်တော်ယာဉ်အစီး ၆၀ ခန့်နှင့်အတူ ဘေဂျီမြို့တွင်းသို့ ဝင်ရောက်လာခဲ့ကြောင်း၊ ယင်းမြို့ရှိ အကျဉ်းထောင်မှ အကျဉ်းသားများကို ပြန်လည်လွှတ်ပေးခဲ့ကြောင်း၊ တရားရုံးတစ်ရုံးနှင့် ရဲစခန်းတစ်ခုတို့ကို စစ်သွေးကြွများက ဖျက်ဆီးခဲ့ကြောင်း သတင်းဖော်ပြသည်။

ရိုက်တာ။

တောင်ကိုရီယား ကူးတို့သင်္ဘောနစ်မြုပ်မှု ရဲတပ်ဖွဲ့ဝင်များ စီးနင်းရှာဖွေ

ဆိုးလ် ဇွန် ၁၁

တောင်ကိုရီးယားနိုင်ငံ၌ လူအသေအပျောက်များပြားသော ကူးတို့သင်္ဘောနစ်မြုပ်ခဲ့မှုဖြစ်ရပ်နှင့်စပ်လျဉ်း၍ ဆက်နွယ်မှုရှိသူ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို ရှာဖွေနိုင်ရန် ရဲတပ်ဖွဲ့ဝင်များနှင့် အစိုးရရှေ့နေများပါဝင်သည့် လူထောင်ပေါင်းများစွာသည် ဇွန် ၁၁ရက်က အင်ဆောင်းမြို့ရှိ ဘာသာရေးဆိုင်ရာ ခြံဝင်းတစ်ခုအတွင်းသို့ စီးနင်းဝင်ရောက်ခဲ့ကြသည်။

တာဝန်ရှိသူများက အဆောက်အအုံတစ်လုံးမှ တစ်လုံးသို့ ရွှေ့ပြောင်းကာ ရှာဖွေမှုပြုလုပ်စဉ် ရဟတ်ယာဉ်များက ဝေဟင်အတွင်း ပျံသန်းကာ လုံခြုံရေးစောင့်ကြပ်ပေးခဲ့သည်။

ရဲတပ်ဖွဲ့က အလိုအရှိဆုံး စီးပွားရေးလုပ်ငန်းရှင်မှာ ဝရမ်းပြေးယူဗြောင်အန်းဆိုသူဖြစ်ပြီး အသက် ၇၀ ကျော်အရွယ်ရှိသူဖြစ်သည်။ ၎င်းကို ငွေကြေးအလွဲသုံးသူ၊ အခွန်ရှောင်မှုတို့ ဖြင့်စွဲချက်တင်ရန်ရဲတပ်ဖွဲ့ကလိုလားသည်။ ယူဗြောင်အန်း၏ သားများက ပိုင်ဆိုင်သော ကုမ္ပဏီတစ်ခုမှ ကူးတို့သင်္ဘောသည် ဧပြီ ၁၆ရက်က နိုင်ငံအနောက်တောင်ပိုင်း ကမ်းရိုးတန်းကမ်းလွန်၌ နစ်မြုပ်ခဲ့ရာလူ ၃၀၀ကျော်သေဆုံးခဲ့ရသည်။ **ပီတီအိုင်။**

(၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ အစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၁

(၃)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်ဆွေးနွေးဖက်သုံးနိုင်ငံ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC-II)၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့်ကိုယ်စားလှယ်များ၊ ဆွေးနွေးဖက် သုံးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

အစည်းအဝေးမကျင်းပမီ ဒုတိယဝန်ကြီး ဦးရဲထွဋ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် အစည်းအဝေးခန်းမ၌ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(ယာပုံ)**

ထို့နောက် အစည်းအဝေးဖွင့်ပွဲအခမ်းအနားကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ State Council Information Office မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Mr. Xu Ying၊ ဂျပန်နိုင်ငံ Ministry of Internal Affairs and Communications မှ ညွှန်ကြားရေးမှူးချုပ် Mr. Soi-chiro SEKI နှင့် ကိုရီးယားသမ္မတနိုင်ငံMinistry of Culture, Sports and Tourism မှ ညွှန်ကြားရေးမှူး Mr. Hyun Ki Kim တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်းနောက် ဆွေးနွေးပွဲကို စတင်ကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲထွဋ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ယခုအာဆီယံ အတွင်းရေးမှူးချုပ်က (၁၅)ကြိမ်နှင့် (၁၆)ကြိမ်မြောက် အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ညီလာခံမှ ချမှတ်ခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုကို သုံးသပ်ဆွေးနွေးခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေး၊ လုပ်ငန်းစီမံချက် (၂၀၁၂-၂၀၁၇)အပေါ်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပြန်ကြားရေးနှင့် မီဒီယာကဏ္ဍပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအတွက် ဆွေးနွေးခြင်း၊ အခြားဖြစ်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်သွားနိုင်ရေးအတွက် ဆွေးနွေးခြင်း၊ သုံးကြိမ်မြောက် ARMI+3 ဆွေးနွေးပွဲအတွက် ကြိုတင်ဆောင်ရွက်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မီဒီယာထုတ်ပြန်ချက်မူကြမ်းတွင် ထည့်သွင်းဆောင်ရွက်မည့် အချက်များကို ဆွေးနွေးခြင်း၊ အထွေထွေကိစ္စရပ်များအား ဆွေးနွေးခြင်း၊ ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် SOMRI+3 အစည်းအဝေးအတွက် နေရာနှင့်အချိန် သတ်မှတ်ရေးတို့နှင့် အစည်းအဝေးမှ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းအစီအစဉ်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အာဆီယံ အတွင်းရေးမှူးချုပ်က ARMI+3 အတွက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ချမှတ်ဆောင်ရွက်မှု အကျဉ်းချုပ်ကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နံနက်၁၁ နာရီခွဲတွင် အစည်းအဝေးကို ရပ်နားလိုက်သည်။

(၁၂)ကြိမ်မြောက်အာဆီယံ ပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးကို ဇွန် ၁၂ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-II) ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

လားရှိုး ဇွန် ၁၁

ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြန်မာ့သစ်လုပ်ငန်း ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒုတိယ အထွေထွေမန်နေဂျာရုံး ရှင်းလင်းဆောင်၌ ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက ပြည်သူဗဟိုပြု စွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲကိုကျင်းပရာ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းစိုးဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး လားရှိုးသစ်ထုတ်လုပ်ရေးဒေသ၊ မိုးမိတ်သစ်ထုတ်လုပ်ရေးဒေသ၊ ရွှေလီ-မဘိမ်း သစ်ထုတ်လုပ်ရေးဒေသ၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနတို့မှ အရာထမ်း ၁၆ ဦး အမှုထမ်း ၄၃ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

နောင်ချို၌ စက်မှုလယ်ယာစခန်းဖွင့် ထွန်ယက်လျက်ရှိ

နောင်ချို ဇွန် ၁၁

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် အထက်ကြူအင်းကျေးရွာအုပ်စုအတွင်း တောင်သူများ ပြောင်းသီးနှံစိုက်ရာတွင် ခက်ခဲမှုမရှိစေရေးအတွက် အမှတ်(၉၆) စက်မှုလယ်ယာစခန်း (ခွဲ) နောင်ချိုမြို့မှ Jhondeer ထွန်စက်လေးစီးဖြင့် ရွေ့တန်းစခန်းဖွင့်လှစ်၍ မေလမှစတင်ကာ ထွန်ယက်ပေးလျက်ရှိကြောင်း သိရသည်။

(သန်းသန်းထွေး)

စာအုပ်စာပေ လူ့မိတ်ဆွေ

မယွင်းမချွတ် ကျင့်ဝတ်ညီစွာ သတင်းမီဒီယာ

ဝေယံမောင်

စာနယ်ဇင်း၏အခန်းကဏ္ဍ

ဒီမိုကရေစီအစိုးရသစ် ပေါ်ပေါက်လာပြီးနောက် ပြုပြင်ပြောင်းလဲမှု အရပ်ရပ်တွင် မီဒီယာနှင့် ပတ်သက်၍ ဆင်ဆာစနစ်ကို အပြီးပိုင်ရုပ်သိမ်းခြင်း၊ ပုဂ္ဂလိက နေ့စဉ်ထုတ်သတင်းစာများ ထွက်ပေါ်လာခြင်း၊ စာနယ်ဇင်းလောက အကျိုးကိုသယ်ပိုးမည့် စာပေဆိုင်ရာအဖွဲ့အစည်းများ ပေါ်ပေါက်လာခြင်းတို့သည်လည်း အပါအဝင်ဖြစ်ပါသည်။

စာနယ်ဇင်းကို စတုတ္ထမဏ္ဍိုင်ဟု တင်စားပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး တည်းဟူသော မဏ္ဍိုင် (၃) ရပ်ကို ထိန်းကျောင်းတည့်မတ်ရန်နှင့် ပဉ္စမ မဏ္ဍိုင်ဟု တင်စားခေါ်ဝေါ်သည့် နိုင်ငံသားတို့အကြား ပေါင်းကူးပေးရန် တာဝန်ရှိသည်ဟု ခံယူကြပါသည်။

အထူးသဖြင့် မီဒီယာတို့၏အခန်းကဏ္ဍမှာ နိုင်ငံတော်အစိုးရ၏ ပြည်သူဗဟိုပြုမူဝါဒ အကောင်အထည်ဖော်ရာတွင် မိမိတို့နိုင်ငံ၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအရပ်ရပ်ကို နိုင်ငံသားများသိရှိစေရေး ဆောင်ရွက်ရာတွင် အထူးအရေးပါ အရာရောက်လာပြီဖြစ်ပါသည်။

ပြောင်းလဲလာပြီဖြစ်သည့် မီဒီယာအခင်းအကျင်း

ဒီမိုကရေစီစနစ်သို့အသွင်ကူးပြောင်းရေးတွင် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်မှုအတွက် လူမှုတာဝန်သိသော မီဒီယာကို ရည်မှန်းချက်ထား လုပ်ဆောင်လာသည်ကို မြင်တွေ့လာရပါသည်။

ယခင် အစိုးရလက်ထက် ကျင့်သုံးခဲ့သည့် စနစ်ဟောင်းသည် မီဒီယာ ထိန်းချုပ်မှု မြင့်မားသည့်အခြေအနေ၊ အထက်အမိန့်အတိုင်းသာ လုပ်ဆောင်ရသောအနေအထား၊ အစိုးရအပေါ် ဝေဖန်မှုများအတွက် အပြစ်ဒဏ်ခံရသည့် စနစ်၊ လိုင်စင်စနစ်/ဆင်ဆာစနစ်တို့ဖြင့် ထိန်းချုပ်ထားသည့်ပုံစံ ဖြစ်ပါ၏။

လူမှုတာဝန်သိသော မီဒီယာရည်မှန်းချက်အရ စာနယ်ဇင်းသည် အစိုးရကို ဝေဖန်ထောက်ပြရန် အခွင့်အရေးရှိလာသည်။ အစိုးရသည် အများပြည်သူအကျိုးစီးပွားအလို့ငှာ စာနယ်ဇင်းဆိုင်ရာ စည်းမျဉ်းဥပဒေများရေးဆွဲနိုင်သည်။ ထို့ပြင် **စာနယ်ဇင်းသည် ဒီမိုကရေစီကို ကာကွယ်စောင့်ရှောက်ရန်**အတွက် အများပြည်သူကို မှန်မှန်ကန်ကန် တင်ပြခြင်းနှင့် လူ့အဖွဲ့အစည်း၏လိုအပ်ချက်များနှင့် အကျိုးစီးပွားကို မဆိုင်းမတွ တုံ့ပြန်တင်ပြခြင်းတို့အတွက် တာဝန်ရှိလာသည်။ တစ်နည်းအားဖြင့် **Self Regulation** ခေါ် ကိုယ်တိုင်ပြဋ္ဌာန်းသည့် ဥပဒေကျင့်ဝတ်စည်းမျဉ်းများနှင့်အညီ ကိုယ်တိုင်ထိန်းကျောင်းသွားသည့်အဆင့်ကို ဦးတည်လာပြီ ဖြစ်ပါသည်။

သတင်းထောက်သာ မရှိခဲ့လျှင်

ဤနေရာတွင် ယနေ့တိုင်သက်ရှိထင်ရှားရှိနေပြီး အသက် (၉၀)အရွယ်ရောက်ရှိနေပြီဖြစ်သည့် မြန်မာ့အလင်းသတင်းထောက်ဟောင်းတစ်ဦးဖြစ်သော အဘဦးစံအောင်၏ စကားတစ်ခွန်းကို ကြားယောင်မိပါသည်။ **“ကမ္ဘာပေါ်တွင် သတင်းထောက်သာမရှိခဲ့လျှင် ကမ္ဘာကြီး၏ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများကို မည်သူမျှမသိနိုင်**”ဟူ၏။ သတင်းမီဒီယာ၏အခန်းကဏ္ဍ ကြီးမားလှပေစွ။

ထိုသို့ အရေးပါအရာရောက်သည့် သတင်းမီဒီယာ၏အခန်းကဏ္ဍ တိုးတက်မြင့်မားရေးကို ရှေးရှု၍စာနယ်ဇင်းသတင်းမီဒီယာသမား အများစုပါဝင်နေသည့် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါသည်။

စာနယ်ဇင်းကောင်စီ၏ သတင်းမီဒီယာအဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်မှုများ

ယခုအခါ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)အနေဖြင့် အောက်ပါလုပ်ငန်းရပ်များကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပြီး သတင်းမီဒီယာသမားတို့၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် စာနယ်ဇင်းသင်တန်းကျောင်း ဖွင့်လှစ်ရန်အပါအဝင် ဆောင်ရွက်နေပြီဖြစ်ပါသည်-

(က) စာနယ်ဇင်းကောင်စီမှစတင်၍ မူကြမ်းရေးဆွဲသော သတင်းမီဒီယာဥပဒေကို ၂၀၁၄ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှ ပြဋ္ဌာန်းနိုင်ခဲ့ခြင်း၊

(ခ) စာနယ်ဇင်းလောကသားများအတွက် စာနယ်ဇင်းကျင့်ဝတ် (Ethics) ကို ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ခြင်း၊

(ဂ) သတင်းမီဒီယာအဖွဲ့အစည်းများအားလုံး သဘောတူလက်မှတ်ရေးထိုးနိုင်ခဲ့သည့် သတင်းမီဒီယာကျင့်ဝတ် (Code of Conduct) ကို ၂၀၁၄ ခုနှစ်၊ မေလ ၃ ရက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) တွင် အတည်ပြုထုတ်ပြန်နိုင်ခဲ့ခြင်း၊

သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာလုပ်ငန်းကို စတုတ္ထမဏ္ဍိုင်အဖြစ် ပီပြင်စွာ ရပ်တည်နိုင်စေရန် ရည်ရွယ်ကြောင်းပါရှိပြီး သတင်းမီဒီယာသမားတို့၏ ရပိုင်ခွင့်များနှင့် သတင်းသမားများ လိုက်နာရမည့်တာဝန်နှင့် ကျင့်ဝတ်များ စသည်ဖြင့်ဖော်ပြထားပါသည်။

တိကျမှု၊ တိကျမှု၊ တိကျမှု

သတင်းမီဒီယာသမားများ သတင်းရရှိနိုင်သည့်နေရာ (၃) မျိုး ရှိသည်ဟုဆိုပါသည်-

(က) သဘာဝကပ်ဘေးအဖြစ်အပျက်များ

(ခ) အစည်းအဝေးနှင့် သတင်းစာရှင်းလင်းပွဲများ

(ဂ) သတင်းစာတိုက်ကိုယ်တိုင် စီစဉ်မထားသော အဖြစ်အပျက်များ (ဥပမာ-သဘော်နစ်မြုပ်မှု၊ လေယာဉ်ပျက်မှုစသည်)

နေ့စဉ်နှင့်အမျှ ရရှိနေသောသတင်းများကို အချက်အလက်ပြည့်စုံ မှန်ကန်အောင် သတင်းမီဒီယာသမား(ဝါ)သတင်းထောက်များမှ စစ်ဆေးဖို့ လိုကြောင်း၊ စစ်ဆေးပြီးနောက်မှသာ ဖော်ပြရန် သင့်၊ မသင့်ကို ထပ်မံစဉ်းစားဆုံးဖြတ်ရကြောင်း၊ သတင်းများပုံနှိပ်သည့်အဆင့်မတိုင်မီအထိ ရရှိသည့် သတင်းသည် တိကျမှု၊ ပြည့်စုံမှု၊ တရားမျှတမှု ရှိ၊ မရှိအပြင် အရေးအသားနှင့် အတင်အပြကောင်းမွန်မှုကို သက်ဆိုင်ရာ အယ်ဒီတာများက ဂရုစိုက်ကြရကြောင်း စသည်ဖြင့် သတင်းတစ်ပုဒ် ထည့်သွင်းနိုင်ရေးအတွက် အဆင့်ဆင့်လုပ်ဆောင်ရကြောင်း ဆိုပါသည်။

ဤနေရာတွင် ကွယ်လွန်သူ အမေရိကန်သတင်းစာလုပ်ငန်းရှင်ကြီး ဂျိုးဇက်ပုလစ်ဇာ (Joseph Pulitzer) ၏ စကားကို ပြန်လည်တင်ပြလိုပါသည်။ ၎င်းက စာနယ်ဇင်းတို့ လိုက်နာသင့်သော စည်းမျဉ်း (၃) ခုရှိပြီး ယင်းတို့မှာ “တိကျမှု၊ တိကျမှု၊ တိကျမှု”ဟု ဆိုပါသည်။

အမှားနှင့်မကင်း စာနယ်ဇင်း

ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရရှိလာသည့် လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်၊ သတင်းမီဒီယာဥပဒေနှင့်အညီ ရရှိလာမည်ဖြစ်သည့် သတင်းမီဒီယာသမားတို့အခွင့်အရေးတို့နှင့်အတူ မြန်မာ့ပုံနှိပ်မီဒီယာလောက၏ပုံရိပ်သည် နိုင်ငံတကာမှ အထူးအသိအမှတ်ပြုရသည့်အဆင့်သို့ ရောက်ရှိလာခဲ့ပါသည်။

အချိန်နှင့်အမျှ နေရာအနှံ့မှ နည်းလမ်းမျိုးစုံဖြင့် ရရှိနေသော သတင်းများကို နေ့စဉ်နှင့်အမျှ အချိန်နှင့်တစ်ပြေးညီ ဖော်ပြနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရာတွင် သတင်းမီဒီယာသမားသည် ပုထုဇဉ်သာဖြစ်၍ အမှားမကင်းနိုင်ပါ။ တမင်မရည်ရွယ်သောအမှား၊ တမင်ရည်ရွယ်သောအမှား အပါအဝင် ကျင့်ဝတ်ဆိုင်ရာ မေးခွန်းထုတ်စရာရှိလာနိုင်သည့် ကိစ္စရပ်များကိုလည်း ကြုံတွေ့လာရပါသည်။

အထူးသဖြင့် မိမိရေးသားပြုစုလိုက်သော စာ၊ သတင်းတစ်ပုဒ်သည် အချက်အလက် မမှန် မကန် မှားယွင်းမှုကြောင့် သက်ဆိုင်သူတစ်ဦးဦးအပေါ် အထင်အမြင်လွဲမှားသွားစေခြင်း၊ လူပုဂ္ဂိုလ် တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ထိခိုက်နစ်နာစေခြင်းတို့သည် သတင်းမီဒီယာကျင့်ဝတ်အတိုင်းသာ လိုက်နာဆောင်ရွက်မည်ဆိုပါက ပြဿနာမဖြစ်ပွားနိုင်ဟု ထင်မြင်မိပါသည်။

ဤဆောင်းပါး ရေးသားရခြင်း၏ အဓိကရည်ရွယ်ရင်းမှာ သတင်းတစ်ခုကို တိကျမှန်ကန်မှု ရှိစေရန် Varification မပြုလုပ်ဘဲ ထည့်သွင်းခြင်းနှင့် သတင်းအမှားကို ပြင်ဆင်ချက်ပြုလုပ်ရန် နှောင့်နှေးခြင်း ကိစ္စရပ်များအား သတင်းမီဒီယာသမားတို့၏ ကျင့်ဝတ်ရှုထောင့်မှ တင်ပြလိုခြင်း ဖြစ်ပါသည်။

ကျင့်ဝတ်ဆိုင်ရာ အခြေခံမူ

ဟီရိုရှီးမားအဏုမြူပုံးဖောက်ခွဲမှုနှင့် ပတ်သက်၍ သတင်းရေးသားခဲ့သော သတင်းထောက်လည်းဖြစ်၊ ဝတ္ထုရေးဆရာလည်းဖြစ်သော ဂျွန်ဟာဆေး (John Hersey) က “မြင့်မြတ်တဲ့နေရာမှာပေးပြီး လေးစားလိုက်နာရတဲ့ စည်းမျဉ်းတစ်ခုရှိပါတယ်။ အဲဒါကတော့ **“သတင်းထောက်ဆိုတာ လုပ်ကြံဖန်တီးမှုတွေ မလုပ်ရဘူး”**ဆိုတာပါ။ “အကြံအဖန်တစ်ခုမှမပါလို့ သတင်းထောက်တွေက ရဲရဲတင်းတင်း ကြေညာပြောဆိုနိုင်ရပါမယ်” ဟုဆိုပါသည်။ လွန်စွာမှပင် မှတ်သားဖွယ် အဆိုအမိန့် ဖြစ်ပါ၏။

ကျင့်ဝတ်ဆိုသည်မှာ

မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေသည့် မြန်မာအဘိဓာန်တွင် စာနယ်ဇင်းကို “သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့ကို ခြုံခေါ်ထားသောအမည်” ဟုလည်းကောင်း၊ ကျင့်ဝတ်ကို “လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရား” ဟု လည်းကောင်း ဖော်ပြထားပါသည်။ တစ်နည်းအားဖြင့် စာနယ်ဇင်း

> **မိမိရေးသားပြုစုလိုက်သော စာ၊ သတင်းတစ်ပုဒ်သည် အချက်အလက် မမှန်မကန် မှားယွင်းမှုကြောင့် သက်ဆိုင်သူတစ်ဦးဦးအပေါ် အထင်အမြင်လွဲမှားသွားစေခြင်း၊ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကို ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ ထိခိုက်နစ်နာစေခြင်းတို့သည် သတင်းမီဒီယာ ကျင့်ဝတ်အတိုင်းသာ လိုက်နာဆောင်ရွက်မည်ဆိုပါက ပြဿနာ မဖြစ်ပွားနိုင်**

ကျင့်ဝတ်ဆိုသည်မှာ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းစသည်တို့ ဆောင်ရွက်သည့် စာနယ်ဇင်းသမားများ လိုက်နာစောင့်ထိန်းအပ်သော ဝတ္တရားဟု ဆိုရပါမည်။

ခေတ်အဆက်ဆက်၌ ပြဋ္ဌာန်းခဲ့သော စာနယ်ဇင်းကျင့်ဝတ်များ

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်၌ပြဋ္ဌာန်းခဲ့သော စာနယ်ဇင်းကျင့်ဝတ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ၁၉၆၂ ခုနှစ်တွင် ဗမာ့စာနယ်ဇင်းကောင်စီမှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ် (၁၁) ချက်

(ခ) ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်း ကျင့်ဝတ် (၁၄) ချက်

(ဂ) (၁၇-၉-၂၀၁၂) ရက်နေ့တွင် အများပြည်သူဝန်ဆောင်မှု သတင်းစာအုပ်ချုပ်ရေးအဖွဲ့မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်း ကျင့်ဝတ် (၁၆)ချက်

(ဃ) (၁၃-၁၀-၂၀၁၂) ရက်နေ့တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)မှ ထုတ်ပြန်ခဲ့သည့် စာနယ်ဇင်းကျင့်ဝတ် (၁၅) ချက်

အဆိုပါ ကျင့်ဝတ်များကို လေ့လာကြည့်မည်ဆိုပါက သတင်းမှန်ဖော်ပြရန်နှင့်ပတ်သက်၍ လည်းကောင်း၊ သတင်းမှားယွင်းပါက ပြန်လည်ပြင်ဆင်နိုင်ရန်နှင့်ပတ်သက်၍လည်းကောင်း အတိအလင်းဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံစာနယ်ဇင်း ကောင်စီ (ယာယီ) မှ ထုတ်ပြန်ခဲ့သည့်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ဘဏ်လုပ်ငန်းများနှင့်ဆက်စပ်လျက်ရှိသည့် ဘာသာရပ်များကို စဉ်ဆက်မပြတ် ထည့်သွင်းသင်ကြားပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၁

စီးပွားရေးတက္ကသိုလ်တွင် ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ်သတ်မှတ်၍ သင်ကြားပေးရန်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာရက်တိုသင်တန်းများကို ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို **တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဦးသန်းဝင်း(ကိုယ်စား) မဲ့စဲ့ မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း**က ယနေ့ကျင်းပသည့် ဒသမပုံမှန်အစည်းအဝေး နဝမနေ့တွင် မေးမြန်းရာ **ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဇော်မင်းအောင်**က ရန်ကုန်စီးပွားရေးတက္ကသိုလ်၌ ဘဏ်လုပ်ငန်းကို အထူးပြုဘာသာရပ်(မေဂျာဘာသာ)သတ်မှတ်၍ သင်ကြားပေးနေခြင်းမရှိသော်လည်း ရန်ကုန်စီးပွားရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံဘဏ်သင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ဘဏ်လုပ်ငန်းဒီပလိုမာသင်တန်းကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးပညာမဟာဘွဲ့သင်တန်းကို ၂၀၁၂ ခုနှစ်တွင် လည်းကောင်း စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများတွင်လည်း ဘဏ်လုပ်ငန်းများနှင့် ဆက်စပ်လျက်ရှိသည့် ဘာသာရပ်များကို စဉ်ဆက်မပြတ်ထည့်သွင်းသင်ကြားပို့ချပေးလျက် ရှိပါကြောင်း။ Myanmar - India Entrepreneurship Development Centre (MIEDC)တွင် ရက်တိုသင်တန်းများကို အခါအားလျော်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဘဏ်လုပ်ငန်းဆိုင်ရာ နည်းပညာရက်တိုသင်တန်းများကို အဆက်မပြတ်ဖွင့်လှစ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ ယနေ့ ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်နှင့် ပြည်သူအကျိုးပြုလုပ်ငန်းများစွာ ဖော်ဆောင်ပေးလျက်ရှိရာ ကျန်နေသော အိမ်ရာမြေကွက်ဖော်ထုတ်မှု

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်။

စီမံကိန်းကိုလည်း အကောင်အထည်ဖော်ရန် ဝင်ငွေနည်းပါးသော ပြည်သူများက မျှော်လင့်နေကြပါကြောင်း၊ ကျူးကျော်ပြဿနာဖြေရှင်းခြင်း အပါအဝင် အိမ်ရာလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် မြို့သစ်အိမ်ရာမြေကွက်ဖော်ထုတ်မှု စီမံကိန်းကို ၂၀၁၅ ခုနှစ်ကုန် မတိုင်မီကာလအတွင်း စတင်ဖော်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ **ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်**က နိုင်ငံတော်၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလတွင် ကျူးကျော်အိမ်ရာမဲ့များနှင့် ဝင်ငွေနည်းပြည်သူများ၏ အိမ်ရာလိုအပ်ချက်များ နှစ်စဉ်မြင့်တက်လာရခြင်းသည် မြို့ပြများတွင် အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ပိုမိုအခွင့်သာခြင်းနှင့် လူမှုစီးပွားရေးမြင့်မားစေရန် အခွင့်အလမ်းများရှိ၍ ကျေးလက်ဒေသနှင့် မြို့ငယ်များမှ ပြည်သူများ မြို့ကြီးများသို့ ဝင်ရောက်ရွှေ့ပြောင်းလာခြင်းကြောင့် မြို့ပြများ အလျင်အမြန်ကြီးထွားလာခြင်း (Rapid Growth of Urbinization)ကြောင့် ဖြစ်၍ တစ်နိုင်ငံလုံးရှိ မြို့ပြများ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါကြောင်း။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် တစ်နိုင်ငံလုံးဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ဆက်စပ်၍ တစ်နိုင်ငံလုံးရှိ မြို့ပြစီမံကိန်း (Town Plan)များကို နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ တိုင်းဒေသကြီး/ပြည်နယ် အစိုးရများနှင့် ညှိနှိုင်းပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ စည်ပင်သာယာရေး၊ အထောက်အကူပြုကော်မတီနှင့် ရပ်မိရပ်ဖများဖြင့် တွေ့ဆုံညှိနှိုင်း ရေးဆွဲလျက်ရှိရာ လူဦးရေတစ်သိန်းအထက်ရှိ မြို့ကြီးများနှင့် စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ အရေးပါသည့် မြို့ကြီး စုစုပေါင်း(၅၆)မြို့တွင် မြို့ပြစီမံကိန်း ရေးဆွဲလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် မြို့ပေါင်း(၃၇)မြို့ကို ရေးဆွဲဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အစီအစဉ်အရ အခြားအရေးပါသည့် မြို့ကြီး(၁၂)မြို့တွင် မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ပေးလျက် ရှိပါကြောင်း။

ကျူးကျော်များ နေရာချထားခြင်းကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့၌ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၆၁)နှင့် (၆၇)ရပ်ကွက် ဧရာဝဏ်-ရတနာအိမ်ရာ စီမံကိန်းအတွင်းရှိ ကျူးကျော်နေအိမ်(၄၅၅)လုံးကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်

မဲ့စဲ့ မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း။

(၁၅၅)ရပ်ကွက်တွင် (၆၀၀)စတုရန်းပေ မြေကွက်များ၌ ယာယီနေထိုင်ခွင့်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျူးကျော်ကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် မြို့သစ်များတွင် ယာယီနေရာချထားပေးနိုင်ရန် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ၂၀၁၅ ခုနှစ် မကုန်မီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်သူများ၏ နေရေးအတွက် အိမ်ရာများကို ဆောက်လုပ်ပေးခဲ့ရာ၌ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် ၁၉၇၄-၁၉၈၈ ခုနှစ်(၁၄) နှစ်ကာလတွင် အိမ်ရာယူနစ်ပေါင်း (၁၀၀၀၀) ကျော်ခန့်၊ တပ်မတော်အစိုးရလက်ထက် ၁၉၈၈-၂၀၁၀ ခုနှစ် (၂၂)နှစ်ကာလတွင် အိမ်ရာယူနစ်ပေါင်း(၅၅၀၀၀)ခန့်၊ ယခုအစိုးရခေတ်လက်ထက် ၂၀၁၁ မှ ၂၀၁၅ အထိ (၅)နှစ် ကာလအတွင်းမှာ အိမ်ရာယူနစ်ပေါင်း (၃၅၀၀၀)ခန့်ကို ဆောက်လုပ်ဖြည့်ဆည်းသွားမည်ဖြစ်ပြီး စဉ်ဆက်မပြတ်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အိမ်ရာစီမံကိန်းနှင့် တန်ဖိုးနည်းအိမ်ရာစီမံကိန်းများကို လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် လှိုင်သာယာမြို့နယ်၌ ရွှေလင်ပန်းတန်ဖိုးနည်း အိမ်ရာအပိုင်း(၁)တွင် (၆)ခန်းတွဲ (၄)ထပ် အဆောက်အအုံ(၃၂)လုံး အိမ်ခန်းပေါင်း (၇၆၈)ခန်း၊ အပိုင်း(၂)တွင် (၈)ခန်းတွဲ (၄)ထပ် (၁၆)လုံး အိမ်ခန်းပေါင်း (၅၁၂)ခန်း၊ အပိုင်း(၃)တွင် (၆)ခန်းတွဲ (၄)ထပ် (၂၁)လုံး အိမ်ခန်းပေါင်း (၅၀၄)ခန်းဖြစ်သည့်အတွက် စုစုပေါင်းအခန်း (၁၅၉၂)ခန်းကို လည်းကောင်း၊ လှိုင်သာယာမြို့နယ် ထီးလှိုင်ရှင် အထပ်မြင့်အိမ်ရာစီမံကိန်း၌ အထပ်မြင့်တိုက်(၄၂)လုံး စုစုပေါင်းအခန်း(၅၇၆)ခန်းကို လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ဧရာဝဏ်-ရတနာ အထပ်မြင့်အိမ်ရာစီမံကိန်း၌ (၂၄)ခန်းတွဲ (၁၈)ထပ် တိုက်(၄၉)လုံးကို တည်ဆောက်လျက်ရှိရာ အိမ်ခန်းပေါင်း (၁၆၇၈၄)ခန်းကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ မြရည်နန္ဒာ ရပ်ကွက်မှာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်မှုဖြင့် (၄)ခန်းတွဲ (၄)ထပ်နှင့် (၈)ခန်းတွဲ (၄)ထပ် စုစုပေါင်း(၈၄)လုံး အိမ်ခန်းစုစုပေါင်း (၁၇၂၈)ခန်းကို လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့၌ (၈)ခန်းတွဲ (၄)ထပ် (၁)လုံး၊ (၄)ခန်းတွဲ (၄)ထပ် (၁)လုံး၊ (၄)ခန်းတွဲ(၃)ထပ် (၁)လုံး အိမ်ခန်းပေါင်း (၆၀)ကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ (၄)ခန်းတွဲ(၄)ထပ် အိမ်ရာများ အိမ်ခန်းပေါင်း(၂၀၀)ခန့်ကိုလည်းကောင်း ဆောက်လုပ်ရန် စီမံလျက်ရှိပါကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေး၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသော **"The Whipping Act (၁၉၀၉) (ကြိမ်ဒဏ်ပေးခြင်း အက်ဥပဒေ)ကို ရုပ်သိမ်းသည့် ဥပဒေကြမ်း"**နှင့် ပညာရေးမြှင့်တင်မှုကော်မတီက တင်သွင်းခဲ့သည့် **"၂၀၁၂ ခုနှစ် အခြေခံပညာရေး ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာစာအဖွဲ့ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် ပညာရေးသုတေသန ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကြမ်း၊ ၂၀၁၂ ခုနှစ် တက္ကသိုလ်ပညာရေးဥပဒေကြမ်း"** တို့ကို ရုပ်သိမ်းရန် လွှတ်တော်က အတည်ပြုခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကျင့်သုံးရန်အဆိုကို လွှတ်တော်ကအတည်ပြု

နေပြည်တော် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းထားသည့် **"လာမည့် ပါတီစုံမည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျကိုယ်စားပြုစနစ်ကို ကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆက်လက်ဆွေးနွေးကြပြီး လွှတ်တော်က အဆိုကို အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်က မိမိတို့နိုင်ငံသည် ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ကျင့်သုံးမည်ဆိုပါက မိမိတို့နိုင်ငံ၏ အခြေအနေနှင့် သဟဇာတဖြစ်သည့် ရွေးကောက်ပွဲစနစ်များ ရွေးချယ်နိုင်ရန် အလွန်အရေးကြီးပါကြောင်း၊ ရွေးချယ်ရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု၊ လူ့အဖွဲ့အစည်း၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ ကိုးကွယ်သည့်ဘာသာများနှင့် ဆီလျော်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို လက်တွေ့ဖော်ဆောင်နိုင်မှု၊ လူနည်းစုတိုင်းရင်းသားများ၏ မေးရာပါအခွင့်အရေး၊ အခွင့်အလမ်းများ လက်လွတ်ဆုံးရှုံးရသည့် နစ်နာခြင်းများဖြစ်ပေါ်မှု၊ နိုင်ငံသားများ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်များ ထိခိုက်မှု၊ အမျိုးသားနိုင်ငံရေး ဦးဆောင်လုပ်ကိုင်မှုတွင် လူနည်းစု တိုင်းရင်းသားများ ပါဝင်ထမ်းဆောင်နိုင်ခြင်း ပိုမိုဖြစ်ထွန်းမှုနှင့် ရွေးကောက်ခံတစ်ပါတီ အာဏာရှင်စနစ် ပေါ်ထွန်းလာနိုင်မှု ရှိ/မရှိတို့အပေါ် လေ့လာသုံးသပ်ရမည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးရှုမောင်က မဲဆန္ဒရှင်များ အများစုဆန္ဒရှိသည့်ပုဂ္ဂိုလ်များ ပါဝင်နိုင်ပါက ဒီမိုကရေစီနည်းလမ်းကျသည့် စနစ်ကို ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ပါတီများသည့် မဲဆန္ဒနယ်များနှင့် တိုင်းဒေသကြီးများတွင် အချိုးကျကိုယ်စားပြု PR စနစ်ကို ကျင့်သုံးသင့်ပါကြောင်း၊ ယင်းစနစ်ကို ကျင့်သုံးပါက ပါတီများတွင် အရည်အချင်းရှိသည့် ပုဂ္ဂိုလ်ကြီးများ၊ ခေါင်းဆောင်ကြီးများ လွှတ်တော်အတွင်းသို့ ရောက်ရှိလာနိုင်ပါကြောင်း၊ ရွေးကောက်ပွဲများတွင် အမျိုးသားလွှတ်တော်အတွက် ပြည်နယ်နှင့် တိုင်း

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးဆိုင်ပေါင်းနပ်။

ဒေသကြီးတစ်ခုလျှင် (၁၂) ဦးနှုန်း ရွေးကောက်တင်မြှောက်ရမည် ဖြစ်သည့်အတွက် မည်သည့်စနစ်ဖြင့် ရွေးချယ်သည်ဖြစ်စေ ရွေးချယ်တင်မြှောက်နိုင်ပါကြောင်း၊ အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်ရွေးချယ်ရာတွင် အချိုးကျစနစ်ကျင့်သုံးရန် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးမြင့်နိုင်က ကော်မရှင်အနေဖြင့် တင်ပြရန် မရှိပါကြောင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အဆိုရှင်က ၎င်း၏ သဘောထားကိုတင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ကိုခံယူရာ အဆိုအား အတည်ပြုရန်သဘောတူသည့် ကိုယ်စားလှယ်ဦးရေသည် လွှတ်တော်အစည်းအဝေးခန်းမအတွင်းရှိ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်ရှိသည့်အတွက် အဆိုအား အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ယခုကိစ္စသည် စနစ်တစ်ခုမှ တစ်ခုသို့ ပြောင်းခြင်းဖြစ်သည့်အတွက် အလွန်အရေးကြီးပြီး အထူးဂရုစိုက်ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးချက်များကိုကြည့်ပါက နိုင်သူအကုန်ယူ သို့မဟုတ် အချိုးကျ ရွေးကောက်ပွဲစနစ် နှစ်ခု၏ ကောင်းကျိုးနှင့်ဆိုးကျိုးများသာ ဝေဖန်သွားသည်ကို တွေ့ရှိရပါကြောင်း၊ ရွေးကောက်ပွဲစည်းမျဉ်းများ ရေးဆွဲခြင်းရောက်အောင် အားသာချက်အားလုံးကို မည်သို့ဖော်ဆောင်မည်၊ အားနည်းချက်များကို မည်သို့ ထိန်းချုပ်မည်ဆိုသည့်ကိစ္စအား စနစ်တကျချဉ်းကပ်ရန် လိုအပ်သည့်အတွက် ကော်မရှင်တစ်ရပ်ဖွဲ့စည်း၍ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်းပြောကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ရယူ၍ ကော်မရှင်ဖွဲ့စည်းခဲ့သည်။

အစည်းအဝေးတွင် **နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ ဦးရှုမောင်။

ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းပြီး တပ်မတော်သား ကိုယ်စားလှယ်နှစ်ဦးက ဆွေးနွေးရာ လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးချက်များနှင့်ပတ်သက်၍ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ရန် ဆုံးဖြတ်သည်။

ထို့နောက် **ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုပြီး ယင်းဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော်များတွင် တရားမ မူလအမှုတန်ဖိုး အကန့်အသတ်မရှိ စီရင်ပိုင်ခွင့်ရှိသည့်အပြင် ပင်လယ်ရေကြောင်း အမှုစီရင်ပိုင်ခွင့်နှင့် ပတ်သက်၍ နိုင်ငံတကာသင်္ဘောများ ဝင်ထွက်သွားလာကြသည့် ဆိပ်ကမ်းများရှိသော တိုင်းဒေသကြီး/ပြည်နယ်များအပါအဝင် ပင်လယ်ရေကြောင်း အမှုလွှဲပြောင်းပေးပါက စစ်ဆေးစီရင်နိုင်ရန် ပင်လယ်ဆိပ်ကမ်းမရှိသော တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း အပ်နှင်းရန် လိုအပ်သည့်အတွက် ယင်းဥပဒေကို တင်သွင်းခဲ့ခြင်းဖြစ်ပါကြောင်း သိရသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၂/၂၀၁၀)ကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုခဲ့သည်။

(သတင်းစဉ်)

အရည်အသွေးပိုင်းရာနှုန်းပြည့်စိတ်ချယုံကြည်ရသော မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်တင်ပို့

နေပြည်တော် ဇွန် ၁၁

ယနေ့နံနက်၆ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ဟိုတယ်ဇုန်အနီး စက်မှုလယ်ယာမြေစနစ် တစ်ဆက်တစ်စပ်တည်း ဧက(၃၀၀၀)စိုက်ကွင်းသို့ ရောက်ရှိပြီး ပုလဲသွယ်စပ်မျိုးစပါး F1 မျိုးစေ့ထုတ် ဧက(၁၀၀)စိုက်ကွင်းတွင် အမလိုင်း(A)လိုင်းမျိုး စိုက်ခင်းများ ရင့်မှည့်ဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေနှင့် ရိတ်သိမ်းရန် အသင့်ဖြစ်နေမှုများကို ကြည့်ရှုပြီး **(အောက်ပုံ)**မျိုးစေ့များကို အချိန်မီ အချိန်ကိုက် တောင်သူများလက်ဝယ် ဖြန့်ဖြူးနိုင်ရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ Chiangmai Frozen Foods Public Company, C.T Prosper Group မှ ဥက္ကဋ္ဌ Dr. P. Prayoon နှင့် Big-M Company မှ Mr. Mong Kool ပါဝင်သော ထိုင်းနိုင်ငံမှ လုပ်ငန်းရှင်များအဖွဲ့နှင့်အတူ အော်ဂဲနစ်နည်းပညာဖြင့်စိုက်ပျိုးထားသော ဓာတုကင်းလွတ် ကန်စွန်းဥစိုက်ခင်း၊ ပိန်းဥစိုက်ခင်းနှင့် ကညွတ်သီးနှံစိုက်ခင်းများကို ကြည့်ရှုသည်။

ထို့နောက် ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက(၉၀၀) စိုက်ကွင်းအတွင်းရှိမြန်မာနယူးဧရာကုမ္ပဏီ၏ ခေတ်မီအအေးခန်းစနစ် အော်ဂဲနစ်ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ အရောင်းပြခန်းအတွင်း ရောင်းချရန် ခင်းကျင်းပြသထားသော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများကိုလည်းကောင်း၊ နယူးဧရာကုမ္ပဏီ၏ (Net House) ပိုက်ကွန်စနစ်ဖြင့်စိုက်ပျိုးထားသော ဂျပန်မူရင်းမျိုးကန်စွန်းစိုက်ခင်း၊ ထိုင်းနိုင်ငံမူရင်းမျိုး ကညွတ်စိုက်ခင်းများနှင့် ဟင်းသီးဟင်းရွက်အမယ်စုံ စိုက်ခင်းများကို လည်းကောင်း၊ ထိုင်းနိုင်ငံ ဈေးကွက်သို့ တင်ပို့ရန် ရှေ့ပြေးစမ်းသပ်စိုက်ပျိုးထားသော ကညွတ်သီးနှံ၊ ငရုတ်သီးနှံ၊ စပ်မျိုးခရမ်းသီး၊ ပုံစံသွင်းခွက်ဖြင့် စိုက်ပျိုးထားသော လေးထောင့်ပုံ ဘူးသီးစိုက်ခင်းနှင့် ဈေးကွက်ဝင်ဘူးသီး စိုက်ခင်းများ၊ ထိုင်ဝမ်မူရင်းမျိုး သင်္ဘောသီးစိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ့လယ်ယာထွက်ကုန် သီးနှံများ ထိုင်းနိုင်ငံဈေးကွက်သို့ စဉ်ဆက်မပြတ် တင်ပို့ရောင်းချနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ခေတ်မီထုပ်ပိုးကိရိယာများ အပါအဝင် ဈေးကွက်တင်ပို့ရောင်းချရန် အရည်အသွေးပိုင်းရာနှုန်းပြည့် စိတ်ချယုံကြည်ရသော မျိုးကောင်း မျိုးသန့်များအား ထိုင်းနိုင်ငံ Chiangmai Frozen Foods Public Company, C.T Prosper Group မှ ဇူလိုင်လအတွင်း တာဝန်ယူတင်ပို့ပေးရန်နှင့် သီးနှံအမယ်များအလိုက် ထိုင်းနိုင်ငံဈေးကွက်၊ အမေရိကန်၊ ဂျပန်နိုင်ငံ၊ ဥရောပနိုင်ငံ ဈေးကွက်များသို့ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်တင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သော ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ (၁၁၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အဲယ်လ်ဘတ် အက်ဖ်ဒဲလ်ရိုဆာရီယိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၂

၂၀၁၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ထံမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ၊ ဗွီ၊ လပ်ဗ်ရော့ဗ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

သံအမတ်ကြီး ဦးဝင်းနိုင် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၁၂

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းနိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်တွင် အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ မမ်နွန်ဟူစိန်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

(သတင်းစဉ်)

✳ ရခိုင်ပြည်နယ်မှ

ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် လူနာစုစုပေါင်း ၂၆၂၃၁ ဦးအား ဆေးကုသမှုပေးနိုင်ခဲ့ပြီး အရေးပေါ်လူနာ ၃၈ ဦးအား စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ လွှဲပြောင်းကုသမှုများဆောင်ရွက်ပေးခဲ့သည်။

၎င်းအပြင် ဆေးကုသရေးအဖွဲ့များသည် စစ်တွေမြို့နယ်အတွင်းရှိ ကြားညှပ်ရခိုင်ကျေးရွာများဖြစ်သည့် သဲချောင်း(ရခိုင်)၊ သာယာကုန်း၊ ဇောပူဂျာ၊ ပလ္လင်ပြင်၊ ဒေါင်းပြောက်ကေ၊ အောင်တိုင်ကျေးရွာများသို့လည်းကောင်း၊ သွားလာရန်ခက်ခဲသော ရခိုင်ကျေးရွာများဖြစ်သည့် အုန်းရေဖော်၊ ငတောက်တက်၊ တောကန်၊ သုံးဆောင်၊ ဖော်မတက်၊ ကန်ပြင်၊ ချီလည်ပင်း၊ ညိုရောင်ချောင်း၊ မြစ်နားကျေးရွာများသို့လည်းကောင်း သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းအဖွဲ့များသည် ကယ်ဆယ်ရေးစခန်းများနှင့် ကျေးရွာများတွင် နေ့စဉ်ကူးစက်ရောဂါနှင့် ထူးခြားဖြစ်စဉ်များစောင့်ကြပ်ကြည့်ရှုခြင်းနှင့် သတင်းပေးပို့ခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ယနေ့အထိ ကူးစက်ရောဂါများကပ်အသွင်ဖြစ်ပွားမှုမရှိဟု သိရသည်။

ထို့အပြင် ကျန်းမာရေးဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရခိုင်ပြည်နယ်ကာကွယ်ဆေးထိုးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် ကာကွယ်ဆေး အအေးလမ်းကြောင်းစနစ် တိုးတက်ကောင်းမွန်ရေးကိစ္စများ၊ နေရောင်ခြည်သုံး ရေခဲသေတ္တာ ၂၆ လုံး တပ်ဆင်မည့်လုပ်ငန်းများ၊ ရခိုင်ပြည်နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း ဆက်လက်အရှိန်အဟုန်မြှင့်ဆောင်ရွက်မည့်ကိစ္စများကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရ၊ ရခိုင်ပြည်နယ်အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာ (Emergency Coordination Centre) တို့နှင့်ညှိနှိုင်း၍ ကုလသမဂ္ဂအဖွဲ့များ၊ ပြည်တွင်းပြည်ပမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ပြည်ပဈေးကွက်မှ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် အင်ကြင်းကျောက်များကို ပထမဆုံးအကြိမ် အဖြစ် ဇွန် ၆ မှ ၁၀ ရက်အထိ ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်-တောင်အာရှနိုင်ငံများ ကုန်စည်ပြပွဲနှင့် (၂၂)ကြိမ်မြောက် တရုတ်ပြည် ကူမင်းပို့ကုန်သွင်းကုန်ဆိုင်ရာ ကုန်စည်ပြပွဲတွင် ပါဝင်ပြသခဲ့သည်။ တရုတ်ငွေကြေး ယွမ် ၂၀၀ - ၃၀၀ ဝန်းကျင်မှ ယွမ်တစ်သောင်းကျော်တန်ဖိုးရှိသည့် ကြုံဆစ်များသဖွယ် အင်ကြင်းကျောက်အဆင့်များကို ပါဝင်ပြသထားရာ စိတ်ဝင်စားမှု များပြားခဲ့သည်။

"အင်ကြင်းကျောက်ကြုံဆစ်က အဆစ်တွေ တက်လာသလို ရာထူး၊ စည်းစိမ်ဥစ္စာတွေ အဆင့်ဆင့် တိုးတက်လာမယ်လို့ အတိတ်နိမိတ်ကောက်ပြီး ဝယ်ယူလေ့ရှိကြပါတယ်။ အခု ကုန်စည်ပြပွဲမှာ အရောင်းအသွက်ဆုံးကတော့ ယွမ် ၁၀၀၀၊ ၂၀၀၀ ဝန်းကျင်တွေဖြစ်တဲ့ အင်ကြင်းကျောက် အချောထည်တွေပဲ ဖြစ်ပါတယ်" ဟု အင်ကြင်းကျောက်မျက်ရောင်းဝယ်သူ ဦးမင်းဆွေက ပြောသည်။

မြန်မာနိုင်ငံတွင် အရည်အသွေးကောင်းသော အင်ကြင်းကျောက်များကို မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ်နှင့် မလှိုင်မြို့နယ်တို့တွင် တွေ့ရလေ့ရှိပြီး မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မုံရွာနှင့် ကသာခရိုင်များတွင်လည်း အရည်အသွေးသင့်တင့်သည့် အင်ကြင်းကျောက်များကို တွေ့ရကြောင်း မြန်မာ့အင်ကြင်းကျောက်နှင့် ပတ်သက်သည့် လက်ကမ်းစာအုပ်၌ ဖော်ပြထားသည်။

အင်ကြင်းကျောက်ကို စီးပွားရေးအလုပ်အကိုင် အောင်မြင်မှု ရရှိစေနိုင်မည့် ကျောက်တစ်မျိုးအဖြစ် ခံယူထားကြသလို အဆောင်ပစ္စည်းအဖြစ် ထားရှိခြင်းသည် အနာဂတ်တွင် လာဘ်လာဘ တိုးတက်စေနိုင်သည်ဟု ယုံကြည်သဖြင့် ဝယ်ယူရန် လာရောက်လေ့လာခြင်းဖြစ်ကြောင်း ကူမင်းမြို့နေ ဒေသခံတစ်ဦးက ဆိုသည်။

မြန်မာနိုင်ငံ၌ အင်ကြင်းကျောက်ကို တန်ဖိုးထားစုဆောင်းသည့် ဓလေ့မရှိသေးသော်လည်း အခြားနိုင်ငံများ၌ အင်ကြင်းကျောက်၏ စွမ်းအင်ကို ယုံကြည်မှုဖြင့် စုဆောင်းသူများလည်းရှိသည်ဟု သိရသည်။

"မြန်မာနိုင်ငံမှ အင်ကြင်းကျောက်တွေက အရှေ့တိုင်းရဲ့ပုံသဏ္ဌာန်လည်းပါတယ်။ အနောက်တိုင်း ကြိုက်တဲ့ ကျောက်မျက် အရည်အသွေးလည်း ရှိတဲ့အတွက် ပိုပြီး ထူးခြားမှု ရှိပါတယ်။ မြန်မာနိုင်ငံကလည်း အင်ကြင်းကျောက် ထွက်တယ်၊ လုပ်နိုင်တယ်ဆိုတာ ကမ္ဘာကသိစေချင်လို့ အခုလိုပြပွဲတွေ ပါဝင်ပြသတာဖြစ်ပါတယ်။ ရောင်းရဖို့ အဓိကထားတာမဟုတ်ပေမယ့် စိတ်ဝင်စားပြီး ဝယ်ယူကြပါတယ်"ဟု အင်ကြင်းကျောက်မျက်ရောင်းဝယ်ရေး လုပ်ကိုင်သူတစ်ဦးက ရှင်းပြသည်။

အင်ကြင်းကျောက်သည် ရှေးခေတ် သစ်တောသစ်ပင်ကြီးများ၏ အကြွင်းအကျန် ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်သည်။ ကမ္ဘာ့နိုင်ငံအနှံ့အပြားတွင် တွေ့နိုင်သလို အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျောက်ဖြစ်ရုပ်ကြွင်းသစ်တောများရှိသည်။ အာရှတိုက်တွင်လည်း အင်ဒိုနီးရှား၊ တရုတ် နှင့် မြန်မာနိုင်ငံတို့တွင် အင်ကြင်းကျောက်ထွက်ရှိသည်။

(နန္ဒာဝင်း)

ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတားအတက်တွင် ယာဉ်တိမ်းမှောက်

ရန်ကုန် ဇွန် ၁၁

ဒေါပုံမြို့နယ် မဟာဗန္ဓုလတံတားအတက်တွင် ဇွန် ၁၁ ရက် နံနက် ၅နာရီခွဲခန့်က ယမုံနာလမ်းအတိုင်း တံတားဘက်သို့မောင်းနှင်လာသည့် ကွန်တိန်နာတင်ယာဉ် ၇က/. . . . သည် နံနက်အချိန် ကားရှင်းနေသောကြောင့် တံတားအတက်ကို အရှိန်ဖြင့်ကွေ့လိုက်စဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်မောင်းမှာ ဦးအောင်ပါလေဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ထိခိုက်မှုမရှိဘဲ လိုအပ်သည်များကို မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ယာဉ်မှုစစ် ရဲအုပ်မောင်မောင်လွင်တို့က ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

(၁၉၇)

မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၁

မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်း စာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ဇွန် ၉ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပရာ မွေးဖွားမှုနှင့် သေဆုံးမှု မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစာရင်းဇယားများ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းနှင့် မြင်းခြံ၊ ညောင်ဦး ခရိုင်အတွင်းရှိ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းဆိုင်ရာ ခရိုင်နှင့် မြို့နယ်အဆင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက မိမိတို့နိုင်ငံ၏ မွေးဖွားမှုနှင့် သေဆုံးမှုဆိုင်ရာ မှတ်ပုံတင်ခြင်းစနစ်များ ပိုမိုအားကောင်းလာစေရေးနှင့် ကလေးသူငယ်များ၏ အခွင့်အရေးဆုံးရှုံးမှုမရှိစေရေးအတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ရာ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်မှ တာဝန်ရှိသူများက လုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ သိရှိနားလည်စေရေးအတွက် ဗဟိုအဆင့်သင်တန်းများအပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် ဆင့်ပွားသင်တန်းများဖွင့်လှစ်ပို့ချပြီးဖြစ်ပါကြောင်း၊ မွေးဖွားမှုနှင့် သေဆုံးမှုမှတ်ပုံတင်ခြင်းလုပ်ငန်းအား ပြည်သူများ သိရှိနားလည်လိုက်ပါဆောင်ရွက်စေရေးအတွက် အသိပညာပေးရေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ခရိုင်နှင့် မြို့နယ်အလိုက် ဆောင်ရွက်မည့်အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ပိုင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ပိုင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ သာသနာရေးဝန်ကြီးဌာန (ရန်ကုန်ရုံးခွဲ)၌ ကျင်းပသည်။**(ယာပုံ)**

စာနယ်ဇင်း ရှင်းလင်းပွဲတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇာနည်ဝင်း၊ သာသနာ့ရေးရာနှင့် ဝိနိစ္ဆယဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းညွန့်၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်တို့က မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၁၉၉၆ ခုနှစ် မတ် ၁ ရက်တွင် သရေစည်သူ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)က နိုင်ငံတော်အကြီးအကဲထံ ပုဂ္ဂိုလ်ရေးရင်းနှီးမှုဖြင့် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြု ကျောင်းတော်ကြီးအား နိုင်ငံတော်အစိုးရက ဦးဆောင်တည်ဆောက်ပေးရန် တင်ပြခဲ့ရာ နိုင်ငံတော်အကြီးအကဲက လက်ခံ၍ ကျောင်းတော်ကြီးအား ဆောက်လုပ်ခွင့်ပြုခဲ့ကြောင်း၊ ထိုသို့ ခွင့်ပြုချက်အရ ၁၉၉၆ ခုနှစ် အောက်တိုဘာ ၂၆ ရက်တွင် နာယကအဖွဲ့ ငါးဦး၊ တည်ဆောက်ရေးဦးစီးကော်မတီဝင် ၁၅ ဦး၊ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ၊ ပစ္စည်းရှာဖွေရေးလုပ်ငန်းကော်မတီတို့ကို ဖွဲ့စည်းခဲ့ကြောင်း။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆရာတော် ဦးပညာဝံသနှင့် အလှူရှင်များက ငွေကျပ်သိန်း ၁၀၀၀ စီ၊ အေးရှားဝေါကုမ္ပဏီက ငွေကျပ်သိန်း ၁၄၀၀၊ အများပြည်သူလှူဒါန်းငွေကျပ်သိန်း ၂၁၀၀ နှင့် စည်ပင်ဘဏ် ချေးငွေကျပ်သိန်း ၂၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၈၅၀၀ ကျော် အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း။

ယင်းနောက် ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး ရေစက်ချလှူဒါန်းပွဲ မဟာမင်္ဂလာ အခမ်းအနားကို ကျင်းပပြီး မဟာသန္တိသုခ ကျောင်းတော်ကြီးအား "သံဃိက"သံဃာအား ရည်မှန်း၍ ဗုဒ္ဓသာသနာတော်အား လှူဒါန်းခဲ့ကြောင်း။

၂၀၀၂ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် ဩဝါဒါစရိယဆရာတော်ကြီး အပါး ၂၀၊ နာယကအဖွဲ့ ခြောက်ဦး၊ ဂေါပက အလုပ်အမှုဆောင်အဖွဲ့ ၂၂ ဦး၊ ပညာရေးနှင့် သင်ကြားပို့ချရေးကော်မတီရှစ်ဦးတို့အား ဖွဲ့စည်း၍ အုပ်ချုပ်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ လွှဲပြောင်းလှူဒါန်းပြီး နောက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ဩဝါဒါစရိယ ဆရာတော်များအား ရွေးချယ်ခန့်အပ်ခဲ့ကြောင်း။

ပီနန်ဆရာတော်ကြီးသည် ဆယ်စုနှစ် တစ်ခုခန့် ပြည်ပသို့ ကြွရောက်သီတင်းသုံးရာမှ မဟာသန္တိသုခ ကျောင်းတော်ကြီးသို့ တည်းခိုသီတင်းသုံးမည့်ကိစ္စနှင့် ပတ်သက်၍ သင်တန်းမှူး ဆရာတော်မှတစ်ဆင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လျှောက်ထားခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က အာဂန္တု(ဧည့်သည်)အဖြစ် တစ်ပါးတည်းနေထိုင်ခွင့်ပြုရန် ၂-၁-၂၀၁၃ ရက်တွင် ဆုံးဖြတ်ခဲ့ကြောင်း။

ပီနန်ဆရာတော်ကြီးအား တစ်ပါးတည်းသာ သီတင်းသုံးနေထိုင်ခွင့်ပြုခဲ့သော်လည်း ဆရာတော်ကြီးက နောက်လိုက်သံဃာများ၊ လူပုဂ္ဂိုလ်များအား ကျောင်းတော်ကြီးပေါ် အင်အားသုံး နေထိုင်စေခဲ့ကြောင်း၊ ထိုအခြေအနေများကြောင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ပီနန်ဆရာတော်အပေါ် အရေးယူဆောင်ရွက်ရန် ဆုံးဖြတ်ချက်များစွာ ချမှတ်ခဲ့ရပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ စတုတ္ထအစည်းအဝေးက ပီနန်ဆရာတော်နှင့် အဖွဲ့အား ၂၀၁၄ ခုနှစ် မတ် ၃၁ ရက် နောက်ဆုံးထား၍ ကျောင်းတော်ကြီးမှ အပြီးအပိုင် ထွက်ခွာသွားရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် သံဃာထုတစ်ရပ်လုံး ကိုယ်စား အရေးယူဆောင်ရွက်နိုင်ရန် လိုအပ်လာသဖြင့် ထိုသို့ လိုအပ်ချက်နှင့်အညီ တိုင်းသံဃနာယကအဖွဲ့နှင့် တိုင်းဒေသကြီးအစိုးရ အဖွဲ့တို့က ဦးပညာဝံသနှင့်အဖွဲ့အား အပြီးအပိုင်ဖယ်ရှားရေး အမြန်ဆောင်ရွက်ရန် ဇွန် ၄ ရက်တွင်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် လည်းကောင်း ညွှန်ကြားချက်များ ထုတ်ပြန်၍ ဇွန် ၁၁ ရက် နံနက် ၁ နာရီခန့်တွင် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ခွင့်ပြုချက်မရရှိဘဲ သီတင်းသုံးနေထိုင်သော သံဃာများအား ဖယ်ရှားရှင်းလင်း၍ ချိတ်ပိတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် တက်ရောက်လာကြသော စာနယ်ဇင်းများ၏ မေးမြန်းချက်များကို နိုင်ငံတော်သမ္မတရုံး အကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးရွာစဉ် အမြဲရေကြီးသည့် (၁၅၅)လမ်း

ရန်ကုန် ဇွန် ၁၁

တာမွေမြို့နယ် ဗလီထိပ်မီးပွိုင့်အနီး သမိန်ဗရမ်းလမ်းနှင့် ကျိုက္ကဆံလမ်းဆုံရာတို့တွင် မိုးရွာလိုက်သည်နှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။ ဖြစ်စဉ်မှာ ဗဟန်းမြို့နယ်ဘက်မှလာသော မိုးမခချောင်းသည် တောင်ကျရေသဖွယ် မိုးရွာလိုက်သည်နှင့် အနိမ့်ပိုင်း တာမွေကြီး (က+ဂ)ရပ်ကွက် (၁၅၅)လမ်းကို ဖြတ်သန်းစီးဆင်းကာ ရေနုတ်မြောင်းအတွင်း ဝင်ရောက်စေသဖြင့် စီးဆင်းသော ရေအားနှင့် ရေနုတ်မြောင်း မမျှတဘဲ ရေလျှံမှုများ အမြဲကြုံတွေ့နေရသည်ဟု ရပ်ကွက်သားများက ဆိုသည်။

(၁၉၇)

(၁၅)ကြိမ်မြောက် အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၁၁

(၁၅)ကြိမ်မြောက် အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို လာမည့်စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရန် စီစဉ်ထားပြီး ယခုလတ်တလောတွင် ယင်းနှီးနှောဖလှယ်ပွဲရှိ Workshop များတွင် ဦးဆောင်ဆွေးနွေးလိုသော မြန်မာနိုင်ငံသား ဆရာ ဆရာမများကို ဖိတ်ခေါ်ထားကြောင်း ဗြိတိသျှကောင်စီ(မြန်မာ)မှ သတင်းရရှိသည်။

ထိုပွဲတွင် အလုပ်ရုံဆွေးနွေးပွဲပေါင်း ၅၀ ခန့် ပါဝင်မည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲ၏ အဓိကအကြောင်းအရာများကို နိုင်ငံခြားပညာရှင်တစ်ဦးက အဖွင့်သဘောဖြင့် ဦးဆောင်ဆွေးနွေးစတင်သွားမည်ဖြစ်သလို မြန်မာနိုင်ငံနှင့်နိုင်ငံတကာ ပညာရှင်များ၏ Parallel Workshop များကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ နှီးနှောဖလှယ်ပွဲတွင် အလုပ်ရုံဆွေးနွေးပွဲများကို ဦးဆောင်ဆွေးနွေးမည့် မြန်မာနိုင်ငံသား အင်္ဂလိပ်ဘာသာသင်ကြားရေး ပညာရှင်ဆရာ ဆရာမများသည် www.myanmar-network.netနှင့် www.britishcouncil.org.mm တို့မှ ဖိတ်ခေါ်လွှာများကို download ပြုလုပ်ရယူကာ ဖြည့်စွက်ပြီး yangon 2014 @ mm.britishcouncil.org သို့ အီးမေးလ်ဖြင့် ဇူလိုင် ၁၅ ရက် မတိုင်မီ ပေးပို့ရမည်ဖြစ်ကြောင်း၊ ဦးဆောင်ဆွေးနွေးရန် ရွေးချယ်ခံရသူများကို ဇူလိုင် ၁၈ ရက် မတိုင်မီ ပြန်လည် အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲတွင် ယခုနှစ်၏ အဓိက အကြောင်းအရာမှာ "Engage: Making Teaching and Learning More Engaging for All" ဖြစ်ပြီး ယခုနှစ်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော အခြေအနေများအရ အင်္ဂလိပ်ဘာသာကို သုံးစွဲမှုပိုမိုကျယ်ပြန့်လာနေပြီဖြစ်ရာ အင်္ဂလိပ်ဘာသာ သင်ကြားမှုနှင့် သင်ယူမှုတွင် ပြည်သူအားလုံးစိတ်ဝင်တစား ပါဝင်နိုင်ရန် စွဲဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးသွားကြရန်ဖြစ်ကြောင်း သိရသည်။

ယင်းနှင့် ပတ်သက်၍ ဗြိတိသျှကောင်စီ(မြန်မာ)၏ ပညာရေးဌာန၊ ညွှန်ကြားရေးမှူး Susana Galvan က အင်္ဂလိပ်ဘာသာစကားကို ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုအသုံးပြုလာသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်ဘာသာသင်ကြားသူ ဆရာ ဆရာမများ၏ အရည်အချင်းများသည်လည်း ပိုမိုဆန်းသစ်ထိရောက်ရန် လိုအပ်လာကြောင်း၊ သင်ကြားသင်ယူမှုတွင် သင်ယူသူများ ပိုမိုစိတ်ဝင်စားစွာ ပါဝင်နိုင်ရန်အတွက် ယခုနှီးနှောဖလှယ်ပွဲတွင် နိုင်ငံတကာ အတွေ့အကြုံရှိ ဝါရင့်အင်္ဂလိပ်ဘာသာ သင်ကြားပြသနေသော ပညာရှင်များက ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် ဆရာ ဆရာမများ တက်ရောက်သင့်ပါကြောင်း ပြောကြားခဲ့သည်။

ထက်ခိုင်(စမ်းချောင်း)

✳ ကျောဖုံးမှ

များနေတယ်"ဟု ကိုယ်တိုင်ကြုံတွေ့ရသူတစ်ဦးက ပြောသည်။

ထိုသို့ မမြင်ရဘဲ ရေညှိဖုံးနေသော ဒိုင်ခွက်မှ ရေမီတာယူနစ်ကို ရေမီတာဖတ်သူမှ စိတ်မှန်းဖြင့် ဖတ်သွားခြင်းကြောင့် ရေဖိုးအခွန်ဆောင်ရန် ဘီလ်ရောက်လာသည့်အခါ များပြားလှသော ယူနစ်ပမာဏဖိုးကို ပေးဆောင်ရခြင်း ဖြစ်သည်။

ထိုရပ်ကွက်အတွင်း ရေသွယ်တန်းပေးဝေခြင်းကို လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်ဝန်းကျင်က ယခင်မြို့တော်ဝန်ဟောင်း ဦးအောင်သိန်းလင်းက ကမကထပြုကာ စီစဉ်ပေးသွားခဲ့ခြင်းဖြစ်သည်။

(၆၈၀)

လူသွားစင်္ကြံပေါ်မှ မော်တော်ယာဉ်များ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်း အလယ်လမ်း မြို့တော်ခန်းမဘေးရှိ လူသွားစင်္ကြံလမ်းပေါ်တွင် မော်တော်ယာဉ်များမှာ လူသွားလမ်းပေါ်သို့ ထိုးထားသည့်အပြင် စီးပွားရေးလုပ်ငန်းကြော်ငြာဆိုင်းဘုတ်ကလည်း လူသွားစင်္ကြံလမ်း၏ အလယ်တည့်တည့်တွင် ပိတ်ပြီးပြုလုပ်ထား၍ ခြေကျင်လျှောက်သူပြည်သူများမှာ လူသွားစင်္ကြံပေါ်မှ လျှောက်ချင်သော်လည်း **(အပေါ်ပုံ)** လူသွားစင်္ကြံပျောက်နေပြီး ကားလမ်းမပေါ်မှ သွားနေရသဖြင့် ယာဉ်တိုက်ခြင်းခံရမည်ကို စိုးရိမ်နေကြရပါသည်။ ပြည်သူများ စိတ်အေးချမ်းသာစွာ လူသွားစင်္ကြံပေါ်မှ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် သွားလာလို့ရအောင် ပိတ်ဆို့ထားမှုများအား သက်ဆိုင်ရာမှ အမြန်ဖယ်ရှားပေးစေလိုကြောင်း သိရသည်။

(၆၉၀)

စာမျက်နှာ ၆ မှ

စာနယ်ဇင်းကျင့်ဝတ်တွင် သတင်းဖော်ပြမှုများနှင့် ပတ်သက်၍ အောက်ပါအတိုင်းရေးသားထားပါသည်-

(က) သတင်းမီဒီယာတစ်ခုက ဖော်ပြသောသတင်းတိုင်း အချက်အလက်တိကျမှန်ကန်ရန်နှင့် တတ်နိုင်သမျှ ပြည့်စုံရန် စိစစ်ရမည်။ သို့မဟုတ် လိုရင်းအချက်အလက်များကို တမင်သက်သက် ထိမ်ချန်ခြင်းမပြုရ။

(ခ) တိကျမှန်ကန်မှုမရှိသော သတင်းကိုဖော်ပြမိ၍ ပြင်ဆင်ရန်လိုအပ်ပါက သက်ဆိုင်ရာ မီဒီယာသည် အမြန်ဆုံး ပြန်လည်ပြင်ဆင် ဖော်ပြပေးရမည်။ သတင်းမှန် ဖြေရှင်းချက်ကိုလည်း ၎င်းသတင်းထည့်သွင်းသည့်နေရာနှင့် အနီးစပ်ဆုံးစာမျက်နှာတွင် ထင်ရှားစွာ ဖော်ပြပေးရမည်။

ယင်းအပြင် သတင်းစာကျွမ်းကျင်ပညာရှင်များအဖွဲ့ **(SPJ - Society of Professional Journalists) မှ ၁၉၉၆ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့်** ကမ္ဘာတစ်ဝန်းရှိ သတင်းသမားအများစု လက်ခံကျင့်သုံးလျက်ရှိသည့် **စာနယ်ဇင်းကျင့်ဝတ်**တွင်လည်း သတင်းမှန်ရရှိရေးနှင့်ပတ်သက်၍ "ရရှိနိုင်သည့် သတင်းအရင်းအမြစ်များအားလုံးမှ သတင်းမှန်ကန်မှုကို စစ်ဆေးရမည်ဖြစ်ပြီး အမှုမဲ့ အမှတ်မဲ့အမှားများကို ရှောင်ရှားသင့်သည်။ ရည်ရွယ်ချက်ဖြင့် မိမိလိုရာ ဆွဲရေးခြင်းအား မည်သည့်အခါမျှ ခွင့်မပြု" ဟူ၍လည်းကောင်း၊ သတင်းမှားယွင်းမှုများကို ပြင်ဆင်ရေးတို့နှင့်ပတ်သက်၍ **"သတင်းမှားများ ဖော်ပြမိလျှင် ရိုးသားပွင့်လင်းစွာ ဝန်ခံပြီး သတင်းအမှန်အား ချက်ချင်းပြင်ဆင်ပေးသင့်သည်"** ဟူ၍လည်းကောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)မှ ထုတ်ပြန်ခဲ့ပြီးဖြစ်သည့် သတင်းမီဒီယာ ကျင့်ဝတ်တွင်လည်း မီဒီယာဌာနများ၏ တာဝန်ဝတ္တရားတွင် "ပုံနှိပ်ဖော်ပြသော သို့မဟုတ် ထုတ်လွှင့်သော အချက်အလက်များအားလုံးသည် ကျင့်ဝတ်လမ်းညွှန်နှင့် ကိုက်ညီမှုရှိရမည်" ဟု ဖော်ပြထားပြီး မီဒီယာအစီအစဉ်များဆိုင်ရာ ကျင့်ဝတ်များတွင် "တိကျမှု၊ ဘက်မလိုက်မှုနှင့် မျှတမှု၌ ဆောင်ရွက်ရန်အချက်များ"၌ သတင်းမှန်ရရှိရေးနှင့် သတင်းမှားယွင်းမှုတို့ကို ပြင်ဆင်ရေးနှင့် ပတ်သက်၍ အထက်ပါအချက်များ ပါဝင်ပါသည်။

သတင်းမီဒီယာသမားတွေ ဘာ့ကြောင့် ကျင့်ဝတ်ကို လိုက်နာကြသလဲ

စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းသမားများမှာ ဩဇာထူထောင်ကြသူများသာ ဖြစ်ကြပါသည်။ တစ်နည်းအားဖြင့် အာဏာပိုင်ပုဂ္ဂိုလ်များ မဟုတ်ကြ။ လုပ်ပိုင်ခွင့်အာဏာ သူတို့တွင်မရှိ။ သို့ဖြစ်၍ လုပ်နိုင်ခွင့်အာဏာနှင့် တည်ဆောက်၍မရနိုင်ဘဲ စာနယ်ဇင်းကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာလုပ်ဆောင်ခြင်းဖြင့်သာလျှင် နိုင်ငံသားများ (ဝါ) စာဖတ်သူများ၏ ယုံကြည်လေးစားအားထားမှုတည်းဟူသောဩဇာကို တည်ဆောက်နိုင်မည်ဟုဆိုပါသည်။

ကျင့်ဝတ်ဆိုသည်မှာ အပြုအမူများကို လမ်းညွှန်တည့်မတ်ပေးသည့် အခြေခံမှုများဖြစ်ပြီး ဘာလုပ်သင့်သည်၊ ဘာမလုပ်သင့်ပါဆိုသည်ကို ဖော်ပြထားသည့်အတွက် ကျင့်ဝတ်ကို လိုက်နာခြင်းဖြင့် အောက်ပါအကျိုးတရားများ ရရှိစေနိုင်သည်ဟုဆိုပါသည် -

(က) ကျင့်ဝတ်က မိမိ၏ပရော်ဖက်ရှင်နယ်အဆင့်အတန်းကို ပြဆိုသည်။

(ခ) ကျင့်ဝတ်က မိမိ၏ဂုဏ်သိက္ခာကို ဆက်စပ်သည်။

(ဂ) ကျင့်ဝတ်သည် မိမိ၏အသိတရားရှင်သန်မှုကို ပြဆိုသည်။

(ဃ) ကျင့်ဝတ်သည် မိမိ၏စိတ်သဘောထားခံယူချက်တစ်မျိုးလည်း ဖြစ်သည်။

(င) ကျင့်ဝတ်သည် မိမိ၏အသက်မွေးဝမ်းကျောင်းလုပ်ငန်း၏ အခြေခံစည်းမျဉ်းဖြစ်သည်။

(စ) ကျင့်ဝတ်သည် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆက်ဆံရေးကို တိုးမြှင့်နိုင်စွမ်းသည်။

(ဆ) ကျင့်ဝတ်သည် ရောဂါကာကွယ်ဆေးတစ်မျိုးဖြစ်သည်။

(ဇ) ကျင့်ဝတ်သည် လမ်းလွဲချော်မကျစေရန် ထိန်းပေးသည့်အရံအတားဖြစ်သည်။

(ဈ) ကျင့်ဝတ်သည် မိမိ၏တန်ဖိုးဖြစ်သည်။

ကျင့်ဝတ်နှင့်အညီ သတင်းမီဒီယာ

မကြာခင်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့် သတင်းမီဒီယာဥပဒေတွင် သတင်းမီဒီယာသမားတစ်ဦးသည် ကျင့်ဝတ်နှင့်တာဝန်များ လိုက်နာရန်တာဝန်ရှိပြီး ထိုသို့လိုက်နာရန်အချက်များတွင် အောက်ပါအချက်များပါဝင်ကြောင်း တွေ့ရှိရပါသည်-

(က) သတင်းတိုင်းအချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှပြည့်စုံစေရန် စိစစ်ခြင်း၊

(ခ) တိကျမှန်ကန်မှုမရှိသောသတင်းကို ဖော်ပြမိ၍ ပြင်ဆင်ရန်လိုအပ်ပါက ပုံနှိပ်မီဒီယာဖြစ်လျှင် ပြင်ဆင်ချက်ကို ထင်ရှားသော စာမျက်နှာ၌လည်းကောင်း၊ အခြားမီဒီယာဖြစ်လျှင် အနီးစပ်ဆုံး အချိန်၌လည်းကောင်း အမြန်ဆုံးဖော်ပြခြင်း၊

(ဂ) မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့် ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်း။

ဥပဒေဆိုသည်မှာ

ဥပဒေပြဋ္ဌာန်းချက်ဟူသည် ဥပဒေဘောင်အတွင်း နေထိုင်သူအားလုံးသိရှိ လိုက်နာကြရမည့်အရာ ဖြစ်ပါသည်။ ပြစ်မှုတစ်စုံတစ်ရာ ကြုံတွေ့ကြရသည့်အခါမှ ဥပဒေကို မသိ၍ ကျူးလွန်မိပါသည်ဟု အကြောင်းပြ ထုချေ၍မရပါ။ Ignorance of Law is no excuse ဖြစ်ပါ၏။

သို့ဖြစ်ရာ စာနယ်ဇင်းကျင့်ဝတ်၊ သတင်းမီဒီယာကျင့်ဝတ်များတွင်လည်း ပါဝင်၊ သတင်းမီဒီယာဥပဒေတွင်လည်း ပြဋ္ဌာန်းထားသည့် စာနယ်ဇင်းဆိုင်ရာကျင့်ဝတ်နှင့်စည်းကမ်းများကို အလေးအနက် လိုက်နာစောင့်ထိန်းရန် လိုအပ်လာပြီဖြစ်ပါသည်။

ဩဇာကြီးမားသော သတင်းစာ

လွတ်လပ်သော တိုင်းပြည်များတွင် စာနယ်ဇင်းကဏ္ဍ၌ သတင်းစာသည် အရေးအကြီးဆုံးဟု ဆိုပါသည်။ အချို့နိုင်ငံများတွင် သတင်းစာကို စတုတ္ထမဏ္ဍိုင်ဟုပင် မှတ်ယူကြ၏။

တိုင်းပြည်နှင့် လူထုအတွက် ရေးသားနေကြသော သတင်းစာများအနေဖြင့် သတင်းမီဒီယာကျင့်ဝတ်တို့နှင့်အညီ ဆောင်ရွက်ကြမှသာလျှင် စတုတ္ထမဏ္ဍိုင်တည်းဟူသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံမည် ဖြစ်ပါသည်။

မယွင်းမချွတ် ကျင့်ဝတ်ညီစွာ

မြန်မာ့သတင်းမီဒီယာလောကသည် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် လူမှုတာဝန်သိသော အယူအဆနှင့်အတူ တိုးတက်မှုလမ်းကြောင်းပေါ်တွင် ရောက်ရှိနေပေပြီ။

ဒီမိုကရေစီစနစ်ဖော်ဆောင်မှု၌ စာနယ်ဇင်းတို့၏ အခန်းကဏ္ဍကို စတုတ္ထမဏ္ဍိုင်ဖြစ်စေရန်ဟုပင် သတင်းမီဒီယာဥပဒေ၌ အတိအလင်းပြဋ္ဌာန်းထားပြီးလည်း ဖြစ်ပါသည်။

သတင်းမီဒီယာသမားတို့အနေဖြင့် အာဏာပိုင်အဖွဲ့အစည်း (၃) ရပ်၏ လေးစားယုံကြည်မှု၊ နိုင်ငံသားတို့၏ အားကိုးယုံကြည်မှု၊ နိုင်ငံတကာ သတင်းမီဒီယာလောက၏ အသိအမှတ်ပြု ယုံကြည်မှုတို့ကို အစဉ်အမြဲရရှိနိုင်စေရန်နှင့် သတင်း လွတ်လပ်ခွင့်ကို တိုးမြှင့်သည်ထက် တိုးမြှင့်ရရှိစေနိုင်ရန်မှာမူ ယခုအခြေခံမှပင်စတင်၍ သတင်းမီဒီယာဥပဒေ၊ ကျင့်ဝတ်၊ စည်းကမ်းများနှင့်အညီ လုပ်ဆောင် ခြင်းသည်သာလျှင် သတင်းမီဒီယာလောက အဆင့်အတန်း တိုးတက်မြင့်မား ရေးအတွက် အထိရောက်ဆုံး အဓိကနည်းလမ်းဖြစ်ပါကြောင်း တိုက်တွန်း ဖော်ပြအပ်ပါသည်။

သတင်းမီဒီယာကျင့်ဝတ်နှင့်အညီရပ်တည်သည့် စတုတ္ထမဏ္ဍိုင် တည်းဟူသော စွမ်းအားဖြင့် ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရာခရီးကြမ်းကို ပန်းခင်းသောလမ်းအဖြစ် ဖော်ဆောင်နိုင်ကြပါစေသတည်း။ ။

မှီငြမ်း။ (၁) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ) မှ ထုတ်ပြန်ချက်များ

(၂) ကြည်သာထွန်းရေးသားသည့် "သတင်းစာပညာ မိတ်ဆက်"

အိုလံပစ်နေ့ အထိမ်းအမှတ် ဘိလိယက်နှင့်စနူကာပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၁

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်မှ "အိုလံပစ်နေ့အထိမ်းအမှတ်" ဘိလိယက်၊ စနူကာ Pool(9 ball) ကျား/မ တစ်ဦးချင်းပြိုင်ပွဲများကို နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ ဇွန် ၂၀ ရက်နှင့် ဇွန် ၂၁ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲသို့ လက်ရည်မီသော အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ရုံးခန်း ဖုန်း-၃၇၅၁၀၄သို့ ဇွန် ၁၈ ရက် နောက်ဆုံးထား၍ လူကိုယ်တိုင်လာရောက် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကျောင်းထောက်ပံ့ကြေးပေးရေးနှင့် ပညာသင်ထောက်ပံ့ကြေးပေးရေးဆိုင်ရာများ ဆွေးနွေး

ပြည် ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ပြည်(ရုံးခွဲ)မှ ကြီးမှူးဆောင်ရွက်သော ၂၀၁၄-၂၀၁၅ ပညာသင်နှစ် အခြေခံပညာအဆင့် ကျောင်းများအား ကျောင်းထောက်ပံ့ကြေးပေးရေးအစီအစဉ် ချမှတ် အကောင်အထည်ဖော်ရေးအတွက် အခြေခံပညာဦးစီးဌာန အဆင့်ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက ပြည်မြို့ အထက(၁)၌ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးရုံး ပြည်(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးနှင့် ပြည်ခရိုင်ပညာရေးမှူး ဦးတင်ဌေးတို့က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမာမာဇင်က ထောက်ပံ့ကြေးပေးရေး အစီအစဉ်အကောင်အထည်ဖော်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကျောင်းထောက်ပံ့ကြေးပေးရေးနှင့် ပညာသင်ထောက်ပံ့ကြေးပေးရေး အစီအစဉ်နှစ်ရပ်လုံးကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၅-၂၀၁၆၊ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်များအထိ လေးနှစ်စီမံကိန်း ချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး ကျောင်း ထောက်ပံ့ကြေးငွေများကို ကျောင်း၏ လိုအပ်ချက်များတွင် စနစ်တကျ ခွဲဝေသုံးစွဲနိုင်ရေးနှင့် ကျောင်းစာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ အခြေခံပညာဦးစီးဌာန အဆင့်ဆင့်ပွားသင်တန်းကို ဇွန် ၉ ရက်မှ ၁၁ ရက်အထိ ပြည် အထက (၁)၌ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)



ဆရာမ ဒေါ်ချမ်းမြေ့အေးအောင်
B.Sc(Chem:): Diploma in Dental Technician (Ygn)တြိစက္ကဇာတာခွင်၊ ဗေဒင်၊ လက္ခဏာပညာများဖြင့်အနုစိတ်ဟောဆိုပါသည်။
ဖုန်းဖြင့် ကြိုတင်၍ ချိန်းဆိုပါရန် ဖုန်း-၀၉-၅၁၁၉၅၁၇၊ အမှတ်(၃၀၇)/(၆)၊ ဝေဇယန္တာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။

ပျောက်ဆုံး

မောင်ဇော်နိုင်မိုး[၈/ရနခ(နိုင်)၀၉၅၄၆၅] အဖ ဦးဝင်းနိုင်၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက Ph: 09-254128398 သို့ အကြောင်းကြားပေးပါရန်။

ရာသီမေထုန် လနယုန်

ဒေါက်တာမောင်ဖြေ

"နယုန်တွင်မူ၊ ခုံမင်တပ်ရစ် ပြက်လျှပ်စစ်နှင့်
နတ်ပစ္စုန္န အမွှန္နတို့
ခုန်ကရေပန်း ကြွလေဖျန်း၏။
ပန်းယုတိတာ သူမနာလည်း
သင်းစွာလှိုင်စေ၊ ကြိုင်လွင့်ကြွေလျက်
မြိုင်ခြေပျို့ ပျို့ညို့ရရို့တည်း။

(အဘိရုကပျို့)

နယုန်လသည် နွေရာသီတွင်ပါဝင်သောနွေနှောင်းလဖြစ်သည်။ ပူအိုက်သောနေရှိန်ကြားမှ မိုးသေးဖွဲရွာသွန်းတတ်၏။ ထိုအခါ မြေလွှာပြင်ဝယ်မြက်နုများက စိမ်းလန်းစိုပြည်လျက်ရှိချေပြီ။ ဤသည်ကို ရှေးတောင်သူတို့က နယုန်မိုးသေး မြက်သားမွေးဟူ၍ ဆိုခဲ့ကြဟန်ရှိ၏။

နယုန်မိုးသေးဟူသည် အခါခပ်သိမ်းမိုးသေးမဟုတ်ပေ။ တစ်ခါတစ်ရံ မြစ်ရေတိုး ကွင်းရေလျှံသည်အထိ ရွာသွန်းတတ်သည်။ ထို့ကြောင့် မြစ်ချောင်းနားနေသူတို့အဖို့ ကြောက်ဖွယ်မိုးပင်ဖြစ်တတ်ချေ၏။

"သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသဟုန်ဟုန်၊ တဖြင်သုန်ဖြင့်၊ နယုန်ရေရှူး၊ ရေဦးရေလွင်၊ ရေသမင်သို့၊ လျှင်လျှင်တုပ်တုပ်၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏"ဟူ၍ မာဃဒေဝလင်္ကာသစ်ကြီး၌ သူယုတ်သူမိုက်တို့ဖြင့် ဥပမာနှိုင်းကာ နယုန်ရေရှူးဟုပြဆိုခဲ့သည်။ မိုးသေးမိုးဖွဲ၊ ရေဦးရေရှူးတို့နှင့် အပြိုင်ပွင့်ငုံလေ့ရှိသော ရာသီပန်းမှာ "ပန်းယုထိကာ၊ သူမနာလည်း၊ သင်းစွာလှိုင်စေ၊ ကြိုင်လွင့်ကြွေလျက်"ဟူ၍ မင်းလှရာဇကျော်ထင်က အဘိရုကပျို့တွင် ပါဠိစကားဖြင့် စံပယ်ပန်းအနွယ်ကိုရာသီပန်းအဖြစ် ထည့်သွင်းဖွဲ့ဆိုထား၏။

နယုန်လသည် မိုးကျသောကာလဖြစ်သည့်အလျောက် လယ်သမားတို့သည် ပျိုးကြဲကြသည်။ စိန္တကျော်သူ ဦးဩ က "နယုန်ဝါလကြဲကြပျိုးထောင်"ဟု စပ်ဆိုခဲ့သည်။ ဤကဲ့သို့ ပျိုးထောင်ပျိုးကြဲအလုပ်ကို တောင်သူလယ်သမားတို့ ပြင်ဆင်ကြသောအခါ စိုက်ပျိုးရေး၌ အောင်မြင်စေကြောင်းရည်စူး၍ "ပုန်းမကြည်ပွဲ" ကို ကျင်းပပူဇော်ကြသည်။ ကောက်ညှင်းပေါင်းကို ဘဲဥပြုတ်နှင့်တကွ ပန်းကန်ထဲထည့်၍ သတ်မှတ်ထားသောလယ်မြေတစ်ဝိုက်၌ ပသပြီးလျှင် မြေပြင်ကို ရေသွန်းလောင်းရသည်။ ပုန်းမကြည်ဟူသော ဝေါဟာရမှာ ပုဗ္ဗကြယ်ဟူသော ဝေါဟာရမှ ဆင်းသက်လာကြောင်း အဆိုရှိသည်။

ပုဗ္ဗကြယ်ကို ပသခြင်းကြောင့် ပုန်းမကြည်ပွဲဟု ခေါ်သည်ဟုဆိုသည်။

မဟာအတုလမင်းကြီးက " နတ်စည်ငယ်ရွှမ်းပါလို့၊ ခြိမ့်မွှမ်းငယ်သံစုံ၊ ကမြူးရယ်ခုန်သည်၊ လနယုန်သည်ချိန်မို့၊ မြူတိမ်လွှာဆိုင်းပြန်တော့တယ်လေး။ ရာသီငယ်မေထုန်၊ ဆယ့်နှစ်လမို့၊ ဇေဋ္ဌငယ်ပြောင်ရှိန်၊ တောက်လောင်ငယ်ထိန်သည်၊ရာဇိန္ဒနတ်၊ ပိဋ္ဌကတ်မှာ၊ မပြက်ကယ်ထွက်စံ၊ စာညီလာခံသောခါ၊ ဗိုလ်ခြံတဲ့ရွှေလယ်မှာ၊ ငွေစံပယ်ဖြူမုလေးက၊ မွှေးလှတယ်လေး" ဟုစပ်ဆိုခဲ့သည်။

နယုန်လကို ပုဂံခေတ်ကနံယုန်၊ နယုန်ဟူ၍လည်းကောင်း၊ အင်းဝခေတ်က နံမျုန်ဟူ၍လည်းကောင်း ကျောက်စာများ၌တွေ့ရပေသည်။ မေထုန်ရာသီဟု ခေါ်သည်။ ရာသီရုပ်မှာ မိန်းမယောကျ်ားနှစ်ပါးစုံ အပျို၊ လူပျိုရုပ်ဖြစ်သည်။ စန်းပြည့်နက္ခတ်မှာ ဇေဋ္ဌနက္ခတ်ဖြစ်သည်။ ယှဉ်သောတာရာမှာ မြင်းတာရာဖြစ်သည်။

နွေရာသီ၏နွေနှောင်းလနွေစန်လဖြစ်သော်လည်း ကဆုန်လအပူရှိန်သည် နယုန်လသို့ရောက်လေလျှင်၊ လက်မြှောက်အရှုံးပေးစပြုလာ၏။ နယုန်မိုးသေးမြက်သားမွေးဟု စကားစဉ်ရှိသော်လည်း ယေဘုယျအားဖြင့် နယုန်မိုးသည် မိုးဦးနိဒါန်းမျှသာဖြစ်၏။ ရွာလတ္တံ့သောအနာဂါတ်မိုးများနှင့် နှိုင်းစာလျှင် မိုးသေးမိုးဖွဲ့ဟုဆိုခြင်းဖြစ်တော့သည်။

ယင်းစကားအရ မိုးသည်နယုန်လ၌ ဖွဲဖွဲကလေးရွာသည်မဟုတ်။ တစ်ခါတစ်ရံ ကောင်းကင်ယံတစ်ခွင်၌ မိုးတိမ်လွှာတို့တလိမ့်လိမ့်တက်၍ လာတတ်သည်။ ဂျိုးဂျိမ့်ဂျိမ့်သံပြုတတ်သည်။ မိုးဥတုရောက်တော့မည်ဟု သတိပေးလျက်ရှိချေသည်။

အချိန်အခါအလျောက်မိုးကိုအားကိုးနေကြသော တောင်သူလယ်သမားများသည် ဤကာလ၌အာဒိမာလုပ်ငန်း စရမည်ကိုသိကြပြီးဖြစ်သည်။ မိမိတို့၏လုပ်ငန်းဖြစ်သော ဆန်အတွက်မျိုးစပါး၊ ဝါ၊ ပြောင်း၊ နှမ်း၊ ဂျုံ၊ ပဲစသည်တို့ စိုက်ပျိုးရန် မိုးကိုအမှီပြု၍ ထွန်ကြ၊ ယက်ကြ၊ စိုက်ကြ၊ ပျိုးကြရန်အတွက်ပြင်ဆင်ပြီးဖြစ်၏။ လယ်ယာလုပ်ငန်းခွင်၌ စကြရတော့သည်။ သိဒ္ဓတ္ထမင်းသားကို ဖွား၍ တစ်လမြောက်သောအခါ ခမည်းတော်မင်းတရားသည် များစွာသော မှူးမတ်ဗိုလ်ပါအခြွေအရံတို့နှင့်ထွက်ချီစံပယ်၍ လယ်ထွန်မင်္ဂလာပြုပုံကို ဇိနတ္ထပကာသနီကျမ်း၌ ဖော်ပြထားခဲ့လေသည်။

"ဆဒ္ဒန်ရှင်ရွှေထွန်နှင်ကယ်၊ ကျွန်းခွင်ကအေးလေ့" အစချီသည့် သံတော်ဆင့်မြို့စားဦးစီ၏ ဖွဲ့ဆိုထားသော ဗုံကြီးသံကိုလေ့လာခြင်းဖြင့် ရှေးခေတ်ကဘုရင်များသည်လည်း လယ်ထွန်မင်္ဂလာပွဲပြုကာ စိုက်ရေးပျိုးရေးအားပေးခဲ့ကြသည်ကို တွေ့ရပေမည်။

"နန်းယမုန်နယ်လကို၊ ကြယ်ပြဟ္မာဏတာရာ၊ ရွှေဇေဋ္ဌပုဏ္ဏဝယ်၊ ယုန်စန္ဒာပြိုင်မျှ၊ မုလေးပျလေးသွယ်ငယ် ရွှေစပယ်သင်းတဲ့မာသ၊ သုမေ့ရိပ်သာမှာ၊ ဥကင်စာသည်လ" စသည်ဖြင့် စာတော်ပြန်ပွဲကို တိုင်းတာမြို့သူကြီးဦးဖက်က ဖွဲ့ဆိုထားသည်။ ထိုလတွင် စာတော်ပြန်ပွဲများပြုလုပ်ကျင်းပကြသည်။

နယုန်လတွင် ရဟန်းတော်များက စာညီလာခံပွဲကျင်းပကြသည်။ စာပြန်ပွဲကျင်းပသည်ဟု ခေါ်ဆိုကြသည်။ ရှေးမြန်မာမင်းများလက်ထက်က အဆောင်အယောင်အခမ်းအနားများနှင့် ကျင်းပခြင်းဖြစ်သည်။ ရှေးမြန်မာဘုရင်များလက်ထက်တွင် ထေရဝါဒဗုဒ္ဓဘာသာတော်၌ ယုံကြည်ကြသောသူများဖြစ်သည့်အလျောက် သာသနာတော်ထွန်းကားပြန့်ပွားရေးကို အားပေးခဲ့ကြသည်။ သာသနာတော်သုံးရပ်ရှိရာတွင် ပရိယတ္တိသာသနာတော်ခိုင်မြဲရန်အရေးကြီးသည်။ ထိုသာသနာတော်စည်ပင်ဖွံ့ဖြိုးမှ ကျန်သာသနာတော်နှစ်ရပ်တည်တံ့ပေမည်။ ဤသို့ဖြင့် စာပေပရိယတ္တိကို ပေါက်မြောက်ထွန်းကားလာအောင် ထူးချွန်သူများပေါ်ထွန်းလာစေရန် စာတော်ပြန်ပွဲများ ကျင်းပခြင်းဓလေ့ဖြစ်ပေါ်လာခဲ့သည်။

ပထမစာတော်ပြန်ပွဲကို အင်းဝပြည့်ရှင်သာလွန်မင်းတရားကြီးလက်ထက် သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် စတင် ကျင်းပသည်ဟု မြန်မာရာဇဝင်တို့တွင်ဆိုသည်။ ပထမပြန်စာမေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ပရိယတ္တိသာသနာထွန်းကားရေးဖြစ်သည်။ ပထမပြန်စာမေးပွဲအတွက် ရှင်လောင်းပဥ္စင်းလောင်းတို့ဖြေဆိုရန် သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဆန်း၊ အလင်္ကာ၊ အဘိဓာန်၊ သဒ္ဒဘေဒစိန္တာ၊ ကစ္စာယနသာရ၊ ဝါစဝါစက၊ ဝိဘကျတ္တာ၊ ဒွေမာတိကာ၊ မာတိကာ၊ ဓာတုကထာ၊ ယမိုက်လဋ္ဌာန်းကျင့်တို့ကို ပထမငယ်၊ ပထမလတ်၊ ပထမကြီး၊ ပထမကျော် အဆင့်တို့အတွက် ပြဋ္ဌာန်းသည်။ သီပေါမင်းတရားလက်ထက် သက္ကရာဇ် (၁၂၄၅)ခုနှစ်တွင် ပထမပြန်စာမေးပွဲဆိုင်ရာ စည်းကမ်းဥပဒေများကို ထုတ်ပြန်၍ စနစ်တကျကျင်းပသည်။ စာမေးပွဲဝင်သူတို့သည် ပါဠိကိုနှုတ်ကတိအာဂုံပြန်ဆိုရသည်။

အနက်အဓိပ္ပာယ်ကိုနှုတ်ဖြင့်မေး၍ နှုတ်ဖြင့်ဖြေရသည်။ အနက်အဓိပ္ပာယ်ကို ပုစ္ဆာထုတ်၍လည်း စာရွက်ဖြင့်မေး၊ စာရွက်ဖြင့်ဖြေရသည်။ ပထမကြီးအောင်သူတို့တွင် အမှတ်အများဆုံးရသူကို ပထမကျော်ဘွဲ့ဖြင့်ချီးမြှင့်ပူဇော်သည်။ သီပေါမင်းပါတော်မူပြီးနောက် ပထမပြန်စာမေးပွဲများသည် အဆက်ပြတ်ခဲ့သည်။

၁၂၅၇ (ခရစ် ၁၈၉၆) နယုန်လကစ၍ ပထမပြန်စာမေးပွဲများကို နှစ်စဉ်ကျင်းပသည်။ သက္ကရာဇ် (၁၂၆၅)ခုနှစ်မှစ၍ အစိုးရပထမပြန်စာမေးပွဲ၏ အစဉ်ကိုလိုက်၍ မြန်မာနိုင်ငံတွင်းရှိသော ဗုဒ္ဓဘာသာအသင်းများက ပရိယတ္တိစာမေးပွဲများကို ကျင်းပလာကြသည်။

ယနေ့တိုင် ထိုစာပြန်ပွဲများကို ကျင်းပလျက်ရှိသည်။ သက္ကရာဇ်(၁၃၁၂) ခုနှစ် (ခရစ်နှစ် ၁၉၅၀ ပြည့်)တွင် နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ဖွဲ့စည်း၍ ဆာဦးသွင်နှစ်စဉ်ကျင်းပခဲ့သော တိပိဋကရေးရွေးချယ်ပွဲကို နိုင်ငံတော်ကကြီးမှူး၍ ကျင်းပခဲ့ရာ ယနေ့တိုင်ဖြစ်သည်။

နယုန်လ၏ ထူးခြားသောလက္ခဏာကိုတင်ပြရသော် လွန်ခဲ့သော မဟာသက္ကရာဇ် ၁၀၇ ခုနှစ်အတွင်းကဖြစ်၏။ ကပိလဝတ်၊ ဒေဝဒဟနှင့် ကောလိယသုံးမြို့သည် ဂေါတမဘုရားရှင်၏ သာကီဝင်မျိုးနွယ်တို့ နေထိုင်ကြသောမြို့တော်ကြီးများဖြစ်သည်။ သူ့မြို့သူ့နိုင်ငံအဖြစ် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ထားကြသည်။ လယ်ယာစိုက်ပျိုးရေးတွင် ရောဟိနီမြစ်ရေကို အဓိကထားကြသည်။ ရောဟိနီမြစ်သည် ဟိမဝန္တာမှဆင်းကာ ကပိလနှင့် ကောလိယနှစ်မြို့ကြားမှ ဖြတ်သန်းလေသည်။ ထိုနှစ်တွင် မိုးခေါင်သောကြောင့် ရောဟိနီမြစ်ရေသည် နည်းပါးလေသည်။ နှစ်နိုင်ငံလယ်သမားများအတွက် ရေလုံလောက်စွာမပေးစွမ်းနိုင်တော့ပေ။

ရေပြဿနာသည် နှစ်နိုင်ငံပြည်သားလယ်သမားများအဖို့ သေရေး ရှင်ရေးပင်။ မြစ်ရေကို ခွဲဝေသုံးစွဲနိုင်ရေးအတွက် မြစ်ကမ်း၌တွေ့ဆုံဆွေးနွေးကြရပြီး ဆွေးနွေးပွဲအခြေအနေမှာ တင်းမာလာသည်။

ဆိုင်ရာသံတမန်၊ ဝန်ကြီး၊ ဝန်လေးတို့နှင့် ဖြေရှင်းသော်လည်း မပြေလည်ပေ။ နောက်ဆုံးအဖြေကား အချင်းများ၍ စစ်ခင်းရမည့်အခြေအနေရောက်ရှိလာခဲ့၏။ ထိုအရေးကို မြတ်ဘုရားရှင်သည် သမာပတ်ဖြင့်ပြုတော်မူ၏။ ရန်ပွဲကို ဆဲစေခြင်းငှာ ရောဟိနီမြစ်၏ သဲသောင်မှကောင်းကင်ယံပေါ်သို့ ဆင်းသက်တော်မူလေသည်။ နှစ်ဖက်သောမင်းနှင့် စစ်သည်တို့သည် အမျိုးအနွယ်၏ အကြီးအမြတ်ဖြစ်တော်မူသော ဘုရားရှင်မျက်မှောက်၌ သတ်ဖြတ်တိုက်ခိုက်ခြင်းငှာ မသင့်လျော်ချေဟု သံဝေဂရကာ လက်နက်ချ၍ ရှိခိုးဦးခိုက်ကြကုန်သည်။

ထိုအခါ မြတ်ဘုရားရှင်သည် ရန်ပွဲဆဲစေခြင်းငှာ ဇာတ်တော်ငါးဇာတ်ကို ဆုံးမဟောကြားတော်မူပြီးနောက် သံဝေဂ ဖြစ်စေခြင်းငှာ အတ္တဒဏ္ဍာ ဘယံဇာတံစသော အတ္တဒဏ္ဍာသုတ်ကို ဟောကြားဆုံးမတော်မူလေ၏။ ကောလိယနှင့် ကပိလမှ မင်းသားငါးရာတို့သည် ကမ္မဋ္ဌာန်းတရားပွားများအားထုတ်ကြရာ ရဟန္တာများဖြစ်တော်မူကြကုန်၏။ ထိုစဉ် မြတ်ဘုရားထံ စကြဝဠာတစ်သောင်းမှ နတ်ပြဟ္မာများ စုရုံးပေါ်လာကြသည်။ ထိုနေ့က နယုန်လပြည့်နေ့ဖြစ်သည်။ ဤသို့ဖြင့် နယုန်လ၏လပြည့်နေ့ကို မဟာသမယနေ့ဟု သတ်မှတ်ခဲ့ကြ၏။ ထို့ကြောင့် မဟာသမယဟူ၍ တင်စားခေါ်ဝေါ်လာခြင်းဖြစ်သည်။ နတ်ပြဟ္မာအပေါင်းတို့၏ အကြီးအကျယ်ဆုံး အချိန်အခါဟု အနက်ရလေသည်။

ယင်းသို့လျှင် ဤနယုန်လနှင့်စပ်လျဉ်း၍ လောကုတ်၊ လောကီနှစ်လီတို့ဖြင့် ကုန်ဆုံးနိုင်ဖွယ်မရှိချေ။ ရှေးဟောင်းပညာရှိ ကဝိအဆူဆူစာပေဝိဓူအဆက်ဆက်တို့သည်လည်း ဆယ့်နှစ်လရာသီဖွဲ့ရာ၌ ဩကာသလောကကို ထည့်သွင်းဖွဲ့ဆိုကြသည်။ စာဆိုသူတို့၏စိတ်ကူးဉာဏ်ချဲ့၍ အမျိုးမျိုးအဖုံဖုံကြည်နူးနှစ်သက်မှုအာရုံဖြင့် ထုတ်ဖော်ပေးစွမ်းခဲ့ကြသည်။ ထိုအထဲ၌ ဤနယုန်လသည် "ရာသီကနွေရာသီဖြစ်ပါလျက် ရေတွေက အရှေ့အနောက်၊ တောင်၊ မြောက်၊ ဖီလာထုတ်ပေါက် တဖွေးဖွေးနှင့် ရှိနေတော့သည်။ စုံခြေတစ်လျှောက်အပြိုင်ပေါက်နေသည့် သစ်ပင်တို့ကလည်း ရှေးကနှင့်မတူ ရွက်ညွှန့်တွေတလူလူနှင့် သူနိုင်ငါနိုင် အလှချင်းပြိုင်ကာ ဂနိုင်တစ်ခိုမှာ စိုပြည်သာယာလှပါဘိတော့သည်။ ကောင်းကင်တစ်ခွင်ဆို မင်ခဲတောင်ကြီးပြိုသလို မှိုင်းလို့သာညိုတော့သည်။ ရာသီမေထုန် ဤနယုန်သည် မိုးဒေဝါနှင့် ယှဉ်ပါးဆက်ဆံပြီးသွင်ပုံတော်အသစ်နှင့် ဘဝသစ်ထူထောင်နေသည့်အလား ရှိနေပါတော့၏။"

"နွေသနစ်ပေမို့၊ ရေမြစ်ကယ်သီတာဝယ်၊ ဖီလာလာစုံခြေနှင့်၊ ရဂုံနေသာဟန်မို့၊ ခါဂိမာန် မေထုန်ကို၊ သိန်တပုံသွင် ထူးပြန်တော့မတဲ့၊ မင်းဖူးရောင်"

ဟူ၍ ကုန်းဘောင်ခေတ်စာဆိုအကျော် ဦးမင်း၏ တွေ့ကြုံခဲ့သည့် ရာသီမေထုံလနယုန်၏ ပုံရိပ်ကို ထင်စေမြင်စေမည်ဖြစ်သည်။ ။



မီးမလောင်ခင်
သတိယှဉ်
ကြိုတင်ကာကွယ်ပါ



ပိုင်ရှင်ကိုယ်တိုင် အမြန်ငှားမည်

သုဝဏ္ဏ၊ VIP၊ တောင်ထိပ်ပန်းလမ်းမပေါ်၊ မြေအကျယ်ပေ(၉၀×၈၀)၊ ၂ ထပ် RC၊ အိပ်ခန်း(၄)ခန်း၊ ဖုန်းပါ၊ ရေ၊ မီးအစုံ၊ ရုံးခန်းဖွင့်လိုသူများ၊ တိတ်ဆိတ်ငြိမ်သက်စွာနေထိုင်လိုသူများအတွက် အထူးသင့်လျော်သည်။

ငွေကျပ်(၁၅)သိန်း

ဆက်သွယ်ရန် ဖုန်း-၀၁-၅၆၀၇၈၇၊ ၀၁-၅၇၂၂၂၄၊
၀၉-၅၁၇၈၉၇၉၊ ၀၉-၄၂၀၃၀၁၀၉၁၊ ၀၉-၄၃၀၂၂၈၂၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၀)ရပ်ကွက်၊ အမှတ်(၃၁၄)၊ အလျား×အနံပေ(၄၀×၆၀) အကျယ်အဝန်းရှိ မြေချပါမစ်မြေကွက်အား မူလအမည်ပေါက်ပိုင်ရှင်ထံမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူဦးအောင်တေဇ[၁၀/မလမ(နိုင်)၁၈၄၅၄၂]ထံမှကျွန်တော်ဦးမင်းဇော်ဦး [၁၂/ကမတ(နိုင်)၀၁၂၄၁၀]မှဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ယခုကြော်ငြာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ဦးမင်းဇော်ဦး[၁၂/ကမတ(နိုင်)၀၁၂၄၁၀]

ဖုန်း-၀၉-၅၁၆၁၂၇၉၊ ၀၉-၂၅၄၂၀၆၂၉၈၊ ၀၉-၅၁၂၆၆၇၂

စာအုပ်စာပေ လူ့မိတ်ဆွေ



အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာအောင် ဆောင်ရွက်သွားရမည်

နေပြည်တော် ဇွန် ၁၁

ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေး ကော်မတီ၏ နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာ ကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူး လုပ်ငန်းအဖွဲ့၊ Working Group များနှင့် Development Partner များ၏လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စုဝေးခန်းမ၌ ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ TVET နှင့် သက်ဆိုင်သောဝန်ကြီးဌာနများမှ ဒုတိယ ဝန်ကြီးများ၊ Task Force ကော်မတီဝင်များ၊ Development Partner အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် Development Partner အဖွဲ့အစည်းမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ပညာရေးမြှင့်တင်ရေးနှင့် အကောင် အထည်ဖော်ရေးကော်မတီ (Education Promotion and Implementation Committee-EPIC) ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် Development Partner များနှင့်ဆက်လက်ဆွေးနွေးညှိနှိုင်းသွားရမည် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ဆောင်ရွက်နိုင် ရေးအတွက် ပညာရေးမြှင့်တင်ရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီကို ၂၀၁၃ခုနှစ် ဧပြီလတွင် စတင်ဖွဲ့စည်း ခဲ့ပါကြောင်း၊ ပညာရေးမြှင့်တင်ရေးနှင့် အကောင်အထည် ဖော်ရေးကော်မတီသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုး တိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် အမျိုးသားပညာရေးစီမံကိန်းနှင့် TVET လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ TVET Task Force ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက Chair Person အဖြစ်ပါဝင်ပြီး အခြားဝန်ကြီး ဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှတာဝန်ရှိပုဂ္ဂိုလ်များ ပါဝင် ဆောင်ရွက်ခဲ့ပါကြောင်း၊ Policy Law နှင့် planning များကို သုံးလအတွင်းရည်မှန်း၍ ရေးဆွဲထားရှိပါကြောင်း၊ Policy၊ Law နှင့် Planning များ ရေးဆွဲရာတွင် Development Partner များနှင့် ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးက အသက်မွေး ဝမ်းကျောင်းပညာနှင့်ပတ်သက်ပြီး စိတ်ဝင်စားမှုရှိပါ ကြောင်း၊ Vocational Training ကျောင်းများကို မြန်မြန် ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်လိုပါကြောင်း၊ နည်းပညာတက္ကသိုလ်များကို Autonomous Universities များအဖြစ် ဖွဲ့စည်းရန်ရှိပါကြောင်း၊ အချို့သောဝန်ကြီးဌာန များအနေဖြင့် Mobile Technical Training Team များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသောကြောင့် ဒေသလိုအပ်ချက် နှင့် ကိုက်ညီမှုရှိပြီး လိုအပ်သောအကူအညီ ဆောင်ရွက် ပေးမှုများ ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း။

အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် Testing Centre ပြုလုပ်သွားရမည်ဖြစ်ပါကြောင်း၊ TVET Sector ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံခြားကူညီ ထောက်ပံ့မှုများမှာ ကြန့်ကြာနိုင်သည့်အတွက် မိမိတို့လုပ် ဆောင်မှုများအတိုင်း ဆောင်ရွက်သွားရန်လိုပါကြောင်း၊ ထို့နောက် နိုင်ငံခြားကူညီထောက်ပံ့မှုများဖြင့် အဆင့်မြှင့် တင်ခြင်းများ ပြုလုပ်ပေးသွားရမည်ဖြစ်ပါကြောင်း၊ Vocational Training များ ဆောင်ရွက်ရာတွင်လည်း အများပြည်သူများ ကျယ်ပြန့်စွာသိရှိနိုင်ရန် လိုအပ်ပါ ကြောင်း၊ ဝန်ကြီးဌာနများအလိုက် သတင်းစာများတွင် ထပ်မံကြော်ငြာသွားရန် လိုအပ်ပါကြောင်း၊ Drop Out ဖြစ်လာနိုင်သော ကျောင်းသားများအတွက် ကျောင်းဖွင့် ချိန်နှင့် Vocational Training ကို ချိန်ညှိလုပ်ဆောင်သွား ရမည်ဖြစ်ပါကြောင်း၊ Vocational Training ဆောင်ရွက် ရာတွင်လည်း သင်ကြားမည့် ဆရာ ဆရာမများ၏ အရည် အသွေးမြှင့်မားစေရန်လိုအပ်ပါကြောင်း၊ Training of Trainers များ လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း။

Teaching Aids ကိစ္စကိုလည်း ညှိနှိုင်းဆွေးနွေးရန် လိုအပ်ပါကြောင်း၊ Testing Centre အတွက် လိုအပ်ချက် များကို ဖြည့်ဆည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ Vocational Training အတွက် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများမှ ဆရာ ဆရာမများအား နိုင်ငံခြားပညာတော်သင်စေလွှတ်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံခြားသို့စေလွှတ်ရာတွင် ဝန်ကြီးဌာနများအား မှာကြား လိုသည်မှာ ကွန်ပျူတာတတ်ကျွမ်းပြီး ပညာသင်ကြားလို သော ဆရာ ဆရာမများအား စေလွှတ်ပေးစေလိုပါကြောင်း၊ တတ်မြောက်အောင်လည်း မိမိတို့ဘက်မှ ကြိုတင်ပြင်ဆင် သွားရမည်ဖြစ်ပါကြောင်း၊ မိမိတို့တွင် Upgrading Plan များရှိရန်လည်း လိုအပ်ပါကြောင်း၊ Plan များကို စနစ်တကျ လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ Task Force ဖွဲ့စည်းမှုတွင် Focal ဖြစ်ပြီး Organizer ဖြစ်သည့် အတွက် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ Skill Standard Authority နှင့် နည်းပညာကျွမ်းကျင်မှုနှင့် သက်မွေးပညာရေးကောင်စီ(၂)ခု၏ လုပ်ဆောင်ချက်မှာ ဟန်ချက်ညီပြီး တိကျစွာ စီမံခန့်ခွဲသွားရန် လိုအပ်ပါ ကြောင်း၊ TVET Task Force တွင် ပါဝင်ကြသော ဝန်ကြီး ဌာနများနှင့် အဖွဲ့အစည်းများမှ ပေါင်းစပ်ညှိနှိုင်းသွားရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးက ပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအား ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု လုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲမှု ကော်မတီကို ဖွဲ့စည်းခဲ့ပြီး အမျိုးသားပညာရေးဥပဒေနှင့် အမျိုးသားပညာရေးမူဝါဒများကို ဦးစားပေးအနေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊

ဒုတိယအဆင့်အနေဖြင့် အမျိုးသားပညာရေးစီမံ ကိန်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်အတွက် နည်းပညာနှင့် အသက်မွေးပညာရေးကဏ္ဍကို တိုးချဲ့ မြှင့်တင်ဆောင်ရွက်ရန်အတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာရေးမြှင့်တင်မှုအကောင် အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့အား နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန များမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ် များဖြင့် ၂၀၁၄ ခုနှစ် ဧပြီလတွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် Focal Ministry အဖြစ် ဆောင်ရွက်၍ အစည်းအဝေးများအား ကျင်းပပေးခဲ့ ပါကြောင်း။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာနှင့် အသက်မွေးဝမ်းကျောင်းပညာရေး၏ စွမ်းရည်များအား နားလည်မှုရှိစွာဖြင့် မြန်မာနိုင်ငံရှိ TVET အဖွဲ့အစည်းများ နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများအကြား ထိရောက်မှု ရှိသော ပူးပေါင်းဆောင်ရွက်ရေးအား တိုးချဲ့ဆောင်ရွက် ရန်ဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာ ဥပဒေရေးဆွဲခြင်း၊ မူဝါဒများရေးဆွဲခြင်း၊ အရည်အသွေး အကဲဖြတ်ခြင်း၊ ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက် ခြင်းနှင့် TVET Institutions များအတွက် အခြေခံ အဆောက်အအုံများ ထောက်ပံ့ပေးရန်အတွက် ပူးပေါင်း ဆောင်ရွက်မှုနယ်ပယ်များအား ရှာဖွေသတ်မှတ်ရန်ဖြစ်ပါ ကြောင်း။

ယနေ့ အစည်းအဝေးမှ မြန်မာနိုင်ငံ၏ နည်းပညာနှင့် သက်မွေးပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့ အကြားပူးပေါင်းဆောင်ရွက်မှုအား အရှိန်မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက်လည်း ဆက်လက်ဆောင်ရွက်နိုင်စွမ်းရှိမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသော Task Force အတွင်းရေးမှူး ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကျော်မြတ်က ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး Working Group ခေါင်းဆောင်များက မိမိတို့အဖွဲ့အလိုက်ဆောင်ရွက်နေ သောလုပ်ငန်းများ၊ Development Partners များနှင့် ပူးပေါင်းဆောင်ရွက်လိုသောလုပ်ငန်းများအား ဆွေးနွေး တင်ပြချက်များအပေါ် အစည်းအဝေးသို့ တက်ရောက်လာ ကြသော Development Partners အဖွဲ့အစည်းမှ ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကိုကိုဦးသည် အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး Future Generation အတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် TVET Law နှင့် Policy များ ဖြစ်စေရေးအတွက် သေချာစွာဆွေးနွေး ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Miss USA 2014 အလှမယ်သရဖူ နီဗားဒါးအလှမယ် Nia Sanchez ဆွတ်ခူး

(၆၃)ကြိမ်မြောက် Miss USA 2014 အလှမယ်ရွေး ချယ်ပွဲ အခမ်းအနား၏ နောက်ဆုံးအဆင့်ရွေးချယ်ခြင်းကို ဇွန် ၈ ရက်က အမေရိကန်နိုင်ငံ Louisiana ပြည်နယ် မြို့တော် Baton Rouge ရှိ Baton Rouge River Center ၌ ကျင်းပခဲ့ရာ နီဗားဒါးပြည်နယ်မှ အလှမယ် Nia Sanchez က Miss USA 2014 သရဖူကို ရရှိ ဆွတ်ခူးနိုင်ခဲ့သည်။

Miss USA 2014 ဆုရှင် Nia အား Miss USA 2013 ဆုရှင် Erin Brady က သရဖူချီးမြှင့်ပေးခဲ့ပြီး **(အပေါ်ပုံ)** အထူးဆုများအနေဖြင့် Miss Congeniality ဆုကို Rhode Island မှ Christina Palavra က လည်း ကောင်း၊ Miss Photogenic ဆုကို ကယ်လီဖိုးနီးယား မှ Cassandra Kunze ကလည်းကောင်း ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲသို့ အမေရိကန်နိုင်ငံအတွင်းရှိ ပြည်နယ် များမှ ကိုယ်စားပြု အလှမယ် ၅၁ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး Nia သည်လာမည့် Miss Universe 2014 အလှပြိုင်ပွဲ တွင် အမေရိကန်နိုင်ငံကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ် သည်။

Nia သည် အသက်(၁၃)နှစ်အရွယ်တွင် အလှမယ် ပြိုင်ပွဲကို ပထမဆုံးအကြိမ်အနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး Miss Citrus Valley သရဖူကို ရရှိဆွတ်ခူးခဲ့ကာ Miss USA သရဖူကို ပိုင်ဆိုင်နိုင်ခဲ့သည့် ပထမဆုံးသော နီဗားဒါး ပြည်နယ်ကိုယ်စားပြု အလှမယ်တစ်ဦးလည်းဖြစ်သည်။

မျိုးစန္ဒာမောင်-စုစည်းသည်

အိမ်ရှင်ဘရာဇီးအသင်း အနိုင်ရလဒ်ဆောင်ကြဉ်းမယ့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်

ဘရာဇီးအသင်းဟာ ကမ္ဘာ့ဖလားမှာ အကောင်းဆုံးအသင်း တွေထဲက တစ်သင်းလို့တစ်ထစ်ချပြောနိုင်တဲ့ လုံလောက်တဲ့ အကြောင်းပြချက်တွေရှိပါတယ်။ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာရော လက်ရှိအနေအထားမှာရော အားရစရာကောင်းတဲ့အသင်းဆိုရင် မှားအုံ့မထင်။

ဘရာဇီးအသင်းရဲ့ ကမ္ဘာ့ဖလားသမိုင်းကို ပြန်ကြည့်မယ်ဆို ရင် ၁၉၅၈၊ ၁၉၆၂၊ ၁၉၇၀၊ ၁၉၉၄နဲ့ ၂၀၀၂တို့မှာ ချန်ပီယံဖြစ်ထားပြီး ကမ္ဘာ့ဖလားကို ငါးကြိမ်အထိ ဆွတ်ခူးထားနိုင်ခဲ့တဲ့ ဖီဖာကမ္ဘာ့သမိုင်းမှာ အောင်မြင်မှု အရှိဆုံး အသင်း။ ဒါတင်မကသေး ဖီဖာကွန်ဖက်ဒရေးရှင်းဖလားဘက်ကို ပြန်ကြည့် ၁၉၉၇၊ ၂၀၀၅၊ ၂၀၀၉နဲ့ ၂၀၁၃ တို့မှာ ချန်ပီယံဖြစ်ထားပြီး အဲဒီပြိုင်ပွဲမှာ လည်း အောင်မြင်မှုအရှိဆုံးအသင်းဖြစ်တယ်။

ဘရာဇီးရဲ့ ကမ္ဘာ့ဖလား သမိုင်းတစ်လျှောက် ခြေစွမ်းအတောက်ပဆုံးလို့ ပြောလိုရတာက ဂျာဇင်ဟိုနဲ့ ပီလီတို့လို ကမ္ဘာ့အကောင်းဆုံးကစားသမားတွေ ကစားခဲ့တဲ့ ၁၉၇၀ ခုနှစ်က ဖလားရရှိမှုပဲဖြစ်တယ်။ အဲဒီနှစ်မှာဆိုရင် အုပ်စုအဆင့်မှာ ချက်ကိုဆလိုဗက်ကီးယားကို လေးဂိုး-တစ်ဂိုး၊ အင်္ဂလန်ကို တစ်ဂိုး-ဂိုးမရှိ ရိုမေးနီးယားကို သုံးဂိုး-နှစ်ဂိုး ကွာတားဖိုင်နယ်မှာ ပီရူးကို လေးဂိုးနှစ်ဂိုး၊ ဆီမီဖိုင်နယ်မှာ ဥရုဂွေးကို သုံးဂိုး-တစ်ဂိုး၊ ဗိုလ်လုပွဲ မှာ အီတလီကို လေးဂိုး-တစ်ဂိုး စတဲ့နိုင်ပွဲတွေနဲ့ အိမ်ကွင်းခြောက်ပွဲစလုံး အနိုင်ရပြီး ဖလားရယူနိုင်ခဲ့တယ်။ ၁၉၉၄ နဲ့ ၂၀၀၂ တို့မှာ ဖလားရယူခဲ့ပြီး နောက်ပိုင်း ဘရာဇီးအသင်းအားရမှု သိပ်မရှိခဲ့ပေမယ့် ၂၀၁၃ ခုနှစ်မှာ စကော်လာရီကို နည်းပြသစ်အဖြစ်နဲ့ ခန့်အပ်ခဲ့ချိန်ကစလို့ လူငယ်ကစားသမား တွေနဲ့ ဝါရင့်ကစားသမားတွေတွဲသုံးမှု တွေကြောင့် စကော်လာရီလက်ထက်မှာ အောင်မြင်မှု ပြန်လည်အစပြုလာခဲ့တယ်။

၂၀၁၄ ကမ္ဘာ့ဖလားကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့ရာမှာလည်း အခု ဇွန်လအတွင်း နောက်ဆုံးကစားခဲ့တဲ့ခြေစမ်းပွဲနှစ်ပွဲမှာဆိုရင် ပနားမားကို လေးဂိုးပြတ်နဲ့ဆာဘီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့နိုင်ထားတယ်။ အဲဒီရလဒ်ဟာ ဘရာဇီးအတွက် အားရစရာလို့ဆိုရမယ်။ ကမ္ဘာ့ဖလားအတွက်ရွေးချယ်ထားတဲ့ ကစားသမားတွေကိုကြည့် တစ်ဦးချင်း စွမ်းဆောင်ရည်လည်းရှိတယ်။ အသင်းလိုက်စုဖွဲ့မှုလည်းအားကောင်းတယ်။ ဂိုးမှာဆိုရင် ဂျူလီယိုဆီဇာ၊ နောက်တန်းမှာဆို အသင်းခေါင်းဆောင်သီယာရို့ဆေးလ်ဗား၊ ကွင်းလယ်မှာ အော်စကာ၊ တိုက်စစ်ပိုင်းမှာဆို ဟော့ခ်၊ ဖရက်ဒ်၊ နေမာစတဲ့ ကစားသမားတွေက အသင်းရဲ့အနိုင်ရလဒ်ကို ယူဆောင်ပေးမယ့် ကစားသမားတွေလို့ဆိုရမယ်။

နည်းပြစကော်လာရီဟာဆိုရင် သူရဲ့အသုံးပြုနေကြ ၄-၂-၃-၁ ကစားကွက်နဲ့ အံဝင်မယ့် ကစားသမားတွေကို ရွေးခေါ်ထားတယ်။ အခု ၂၀၁၄ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ဖြစ်တဲ့ ခရိုအေးရှားနဲ့ပွဲစဉ်အတွက်ကိုလည်း ဆီဇာ၊ အဲလ်ဗက်၊ လူးဝစ်၊ သီယာရိုဆေးလ်ဗား၊ မာဆယ်ခလို၊ ပေါလင်ဟို၊ ဂတ်စတာဗို၊ နေမာ၊ အော်စကာ၊ ဟော့ခ်၊ ဖရက်ဒ်စတဲ့ ကစားသမားတွေနဲ့ ပွဲထွက်လာဖို့ အလားအလာရှိတယ်။

ခရိုအေးရှားအသင်းကတော့ ပလက်တီကိုဆာ၊ ဆာနာ၊ လော့ဗ်ရန်၊ ကော်လူကာ၊ ပရန်ဂျစ်၊ ပီရီဆစ်၊ ကိုဗာဆစ်၊ အိုလစ်စတဲ့ ကစားသမားတွေကို ၄-၂-၃-၁ ပုံစံနဲ့ပွဲထွက်လာမယ်လို့ မျှော်လင့်ရတယ်။ ခရိုအေးရှားအသင်းဟာဆိုရင် ကမ္ဘာ့ဖလားမှာ အမြင့်ဆုံးရလဒ်ကတော့ ၁၉၉၈ ခုနှစ် ကမ္ဘာ့ဖလားမှာ တတိယနေရာလုပွဲမှာ တတိယရခဲ့တာက အောင်မြင်မှု အရှိဆုံးပဲ။

ခရိုအေးရှားအတွက် ဝမ်းနည်းစရာတစ်ခုကတော့ အိမ်ရှင်ဘရာဇီးနဲ့ ကစားရမယ့် ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်နဲ့ ခရိုအေးရှားအတွက် အားထားရတဲ့ တိုက်စစ်မှူး မန်ဇူကစ်မပါဝင်လာနိုင်ခြင်းပဲ။ မန်ဇူကစ်ဟာ ခရိုအေးရှား ကမ္ဘာ့ဝင်ခွင့်ရဖို့ အိုက်စလန်အသင်းနဲ့ ကစားခဲ့ရတဲ့ Play- Off ပွဲစဉ်မှာ အနီကတ်ပြ ခံထားရလို့ တစပွဲပယ်ပြစ်ဒဏ်ကျခံထားရတာဖြစ်တယ်။

ဘရာဇီးအသင်းနဲ့ ခရိုအေးရှားအသင်းတို့ရဲ့ အခု ကမ္ဘာ့ဖလားမတိုင်မီ ယခင်ထိပ်တိုက်တွေ့ဆုံခံမှု နှစ်ကြိမ်မှာလည်း ဘရာဇီးအသင်း တစ်ပွဲနိုင်ထားပြီး ကျန်တစ်ပွဲမှာ သရေရလဒ်ထွက်ပေါ်ထားတယ်။ ဒါ့ကြောင့် ယခင်ထိပ်တိုက် တွေ့ဆုံမှုနဲ့လက်ရှိကစားသမားတွေရဲ့စွမ်းဆောင်ရည် ကစားသမားစုဖွဲ့မှု တွေကို နှိုင်းယှဉ်ကြည့်မယ်ဆိုပါက အိမ်ရှင် ဘရာဇီးအသင်းအနေနဲ့ အိမ်ရှင် အဖြစ်လက်ခံကျင်းပခွင့်ရခဲ့တဲ့ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်မှာ အနိုင်ရလဒ်ဆောင်ကြဉ်းနိုင်မယ်လို့ သုံးသပ်ရမှာပါ။

ငွေကြယ်

ဘိုင်ယန်မြူးနစ်အသင်းမှ မန်ဇူကစ် ထွက်ခွာမည်

ဂျာမန်ထိပ်သီးကလပ် ဘိုင်ယန် မြူးနစ်အသင်း၏ ခရိုအေးရှား တိုက်စစ်မှူး မာရီယိုမန်ဇူကစ် သည် လာမည့်နွေရာသီ အပြောင်းအရွှေ့တွင် ဘိုင်ယန်မြူးနစ်အသင်း မှ ထွက်ခွာတော့မည်ဖြစ် ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့သည်။ မန်ဇူကစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် ဘိုင်ယန် မြူးနစ်အသင်း၌ ပုံမှန်ပွဲထွက်ခွင့် ရခဲ့သလို ဂိုးများစွာသွင်းယူနိုင်ခဲ့သော်လည်း မိမိမှာ နည်းပြ ဂွါဒီယိုလာ၏နည်းစနစ် များ နှင့် အံဝင်ခြင်းမရှိသည့်အပြင် ဘိုင်ယန်တွင် ကစားရသည်မှာလည်း ပျော်ရွှင်မှုမရှိသောကြောင့် အသင်းမှထွက်ခွာတော့မည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ၎င်းက "ကျွန်တော် ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲစဉ်မတိုင်မီတည်းက အသင်းဥက္ကဋ္ဌနဲ့ တွေ့ဆုံပြီး ဆွေးနွေးခဲ့ပါတယ်၊ ကျွန်တော်ထွက်ခွာလိုတဲ့ အကြောင်းအရင်းကတော့ ဂွါဒီယိုလာ ရဲ့နည်းစနစ်အောက်မှာ ကစားရတာ အဆင်မပြေလို့ပါ" ဟု ပြောကြား သွားခဲ့သည်။ မန်ဇူကစ်သည် လက်ရှိအချိန်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်မည့် ခရိုအေးရှား အသင်းနှင့်အတူ လေ့ကျင့်လျက်ရှိပြီး လာမည့်ဘောလုံးရာသီတွင် ဥရောပအသင်းကြီးတစ်သင်း၌ ကစားလိုကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

(ကိုရဲ)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင့်မူးယစ်ဆေး

"ချစ်သူငယ်ချင်း ငွေတိုးသို့ ရွှေရတုမွေးနေ့ဆုတောင်း"

၁၂-၆-၂၀၁၄ ရက်တွင် ကျရောက်သော ချစ်သူငယ်ချင်း၏ ရွှေရတုမွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြီးပြည့်စုံပြီး ဘာသာ၊ သာသနာအကျိုး ဆတက်တိုး ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပေါင်းများစွာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်တောင်း လျက်။

ချစ်သူငယ်ချင်း လှလှမွန်

သက်ဆိုင်သူများနှင့်အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဦးရဲလွင် မန်နေဂျင်းဒါရိုက်တာ ရွှေလွင်လွင်ဝန်ဆောင်မှု ကုမ္ပဏီလီမိတက်[တိုက်-စီ၊ အခန်း(၁၀၁)၊ ဒယ်လ်တာ ပလာဇာ၊ ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာ လိုက်ပါသည်။

(၁)ကိုကျော်ဇင်ဝင်း(ဘ)ဦးလှကြည်[၁၄/မအပ(နိုင်)၂၈၉၂၈၀]၊ (၂)ကိုအောင်မျိုးလင်း(ဘ)ဦးရွှေမြင့်[၁၂/ကတန(နိုင်)၁၁၂၀၉၉]၊ (၃)မငု ကေခိုင်(ဘ)ဦးဝင်းဇော်ဦး[၁၂/ဒဂမ(နိုင်)၀၁၃၇၆၇]၊ (၄)မဖြူနှင်းအိ(ဘ)ဦးလှမြင့်[၁၂/မဂဒ(နိုင်)၁၂၄၂၀၈]၊ (၅)ကိုမျိုးချစ်(ဘ)ဦးသိန်း[၁၀/သဖရ(နိုင်) ၁၃၁၈၆၇]၊ (၆)ကိုထွန်းမင်းမင်း(ဘ)ဦးမောင်ချို[၇/ပခန(နိုင်)၃၀၉၃၅၈]ကိုင်ဆောင်သူတို့သည် ရန်ကုန်မြို့ ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီ လီမိတက်နှင့်ဆက်သွယ်ပြီး ဂျပန်နိုင်ငံသို့ အထွေထွေလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်နေရာမှ စာချုပ်ပါအတိုင်း လုပ်ငန်းတာဝန် ထမ်းဆောင် နေဆဲကာလအတွင်း လုပ်ငန်းခွင်အားအကြောင်းမဲ့ စွန့်ခွာထွက်ပြေးတိမ်းရှောင်သွားကြပါသည်။

၎င်းတို့အတွက် စာချုပ်ပါစည်းကမ်းချိုးဖောက်ခဲ့ပါလျှင် ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီလီမိတက်သို့ ကျပ်သိန်း(၂၀၀)ထိ ပေးလျော်ပါမည် ဟု အောက်ပါပုဂ္ဂိုလ်များက အသီးသီးဝန်ခံကတိစာချုပ်ပြုလုပ်ပြီးမှ အထက်ဖော်ပြပါ ထွက်ပြေးတိမ်းရှောင်သွားသူများကို ဂျပန်နိုင်ငံသို့စေလွှတ်၍ အလုပ်လုပ်ကိုင်စေခြင်းဖြစ်ရာ၊ ထွက်ပြေးတိမ်းရှောင်သွားသူများအတွက် အာမခံသူများဖြစ်ကြသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် မိမိတို့ တာဝန်ယူထားသော အာမခံကြေးများအား ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီသို့ ဤကြေညာချက်ပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ပေးလျော်ရန် အများသိစေရန် ကြေညာလိုက်ပါသည်။

ထွက်ပြေးတိမ်းရှောင်သွားသူ	အာမခံသူ	ပေးလျော်ရန်ငွေ
၁။ ကိုကျော်ဇင်ဝင်း	၁။ ဦးဝင်းမြင့်[၁၄/မအပ(နိုင်)၀၂၃၅၀၃] အမှတ်(၂၁)၊ ခိုင်မဥ္ဇူလမ်း၊ (၆)ရပ်ကွက်၊ မအူပင်မြို့။ ၂။ ဒေါ်ဖြူဖြူဝင်း[၁၄/မအပ(နိုင်)၂၃၅၇၇၄] အမှတ်(၅၁)၊ ဦးဖိုးကျားလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။	ကျပ်သိန်း(၂၀၀)
၂။ ကိုအောင်မျိုးလင်း	၁။ ဦးမျိုးဝင်း[၁၂/ကတန(နိုင်)၀၃၇၆၃၂] အမှတ်(၇၂၂)၊ ကမ္ဘောဇာန်းလမ်း၊ မေတ္တာညွှန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၂။ ဦးရွှေမြင့်[၁၂/ကတန(နိုင်)၀၄၃၅၉၉] နရွဲချောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၃။ ဦးမောင်အေး[၁၂/ကတန(နိုင်)၀၄၃၂၆၈] နရွဲချောင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	ကျပ်သိန်း(၂၀၀)
၃။ မငုကေခိုင်	၁။ ဒေါ်သက်သက်ထွန်း[၁၄/မအပ(နိုင်)၀၀၈၅၃၀] တိုက်(၂၂)၊ အခန်း(၂၄)၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။ ၂။ ဒေါ်ဆုမြတ်မွန်[၁၂/ဒဂမ(နိုင်)၀၁၂၃၈၅] တိုက်(၂၂)၊ အခန်း(၂၄)၊ မလိခအိမ်ရာ၊ သဃ်န်းကျွန်း၊ ရန်ကုန်မြို့။	ကျပ်သိန်း(၂၀၀)
၄။ မဖြူနှင်းအိ	၁။ ဦးလှမြင့်[၁၂/မဂဒ(နိုင်)၁၂၄၂၀၈] အမှတ်(၃/၁၃၆)၊ ပေါက်ကုန်းအပိုင်း(၃)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ ၂။ မကြည်ကြည်မြင့်[၁၂/မဂဒ(နိုင်)၁၂၄၂၀၆] အမှတ်(၃/၁၃၆)၊ ပေါက်ကုန်းအပိုင်း(၃)၊ ဂျိုးဖြူလမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။	ကျပ်သိန်း(၂၀၀)
၅။ ကိုမျိုးချစ်	၁။ ဦးသိန်း[၁၀/သဖရ(နိုင်)၀၂၆၁၅၂] ပ/Cကျေးရွာ၊ လယ်ရွာပိုင်၊ သံဖြူဇရပ်မြို့။ ၂။ ဦးထွန်းသိန်း[၇/ပခန(နိုင်)၀၃၉၄၂၅] အမှတ်(၆၃၄)၊ မွန်စံပြ(၅)လမ်း၊ ဟသ်ာကုန်း(၁၉)ရပ်ကွက်၊ ပဲခူးမြို့။	ကျပ်သိန်း(၂၀၀)
၆။ ကိုထွန်းမင်းမင်း	၁။ ဦးမောင်ချို အမှတ်(၆၇)၊ ဇိုင်း/မြောက်(၄)လမ်း၊ ပဲခူးမြို့။ ၂။ ဒေါ်သူဇာအောင်[၇/ပခန(နိုင်)၃၀၉၇၁၉] အမှတ်(၆၇)၊ ဇိုင်း/မြောက်(၄)လမ်း၊ ပဲခူးမြို့။	ကျပ်သိန်း(၂၀၀)

ဤကြေညာချက်ပါနေ့ရက်တွင် အာမခံသူများက ရွှေလွင်လွင်ဝန်ဆောင်မှုကုမ္ပဏီရုံးသို့ လာရောက်ပေးလျော်ရန် ပျက်ကွက်ပါက တရားဥပဒေအရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးကျော်ရင်[**B.A(Law).,LL.B**]တရားလွှတ်တော်ရှေ့နေ

သင်-၁၉၀၂(၁၉၈၀) ၁၀/၁၂၊ (၃၅)လမ်း(အောက်)၊ အခန်း-၁၀၃(**A/B**)(ပ)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၈၆၁၁၂၉၀၊ ၀၉-၇၃၁၀၀၅၈၅

တရားမဝင် တမလန်းသစ်များ ပိုင်ရှင်မဲ့တွေ့ရှိ

ခင်ဦး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကဘွက်ကျေးရွာနှင့် ရုံးပင်ကျေးရွာကြား ဆင်နင်းချောင်းအတွင်း ဇွန် ၉ ရက် ည ၁၁ နာရီက တရားမဝင်တမလန်းသစ် ၁၇ လုံးကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါတမလန်းသစ်မှာ ၁ ဒသမ ၅၈၃၁ တန် ရှိပြီး တန်ဖိုး ငွေကျပ် ၆၃၃၂၄၀ ရှိကြောင်း သိရသည်။

တရားမဝင်တမလန်းသစ် ၁၇ လုံးကို တောအုပ်ဦးဝေဖြိုးအောင်နှင့်အဖွဲ့၊ ကဘွက်အုပ်ချုပ်ရေးမှူး ဦးသန်းလွင်နှင့်ကဘွက်ရဲကင်းမှ တပ်ကြပ်မြင့်ခိုင်တို့အဖွဲ့က ဆင်နင်းချောင်း ရေအိုင်အတွင်း ဒိုက်များဖုံးအုပ်ထားရာမှ တွေ့ရှိပြီး ကဘွက်သစ်တောရုံးသို့ အပ်နှံထားကြောင်းသိရသည်။

(ခင်ဦး-စိုးဝေ)

စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၁

နေပြည်တော် အမှတ်(၁၀၃) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် (၆၈) လမ်းနှင့် (၃၂) လမ်းထောင့်ရှိ လက်ဖက်ရည်ဆိုင်တွင် စောင့်ဆိုင်းနေစဉ် စဉ့်ကူးမြို့နယ် ရုံးပင်ကုန်းရပ်ကွက် လက်ပံလှကျေးရွာနေ မောင်မောင်ကြီး(၄၃)နှစ် မောင်းနှင်လာသော 9G/---- ခရီးသည်တင်မှန်လုံယာဉ်ငယ်နှင့် မဟာအောင်မြေမြို့နယ် မဟာန္တယ်စင်ရပ်ကွက်နေ ညီဌေးဦး(ခ)ကျော်ကြား(၂၈)နှစ် မောင်းနှင်လာသော ဆိုင်ကယ်တို့အား ရှာဖွေစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ရှာဖွေရာ မောင်မောင်ကြီး၏ ယာလက်တွင် ကိုင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၊ မှန်လုံယာဉ်၏ ရှေ့ခန်း တူးဘောက်အတွင်းရှိ စက္ကူဘူးခွံအတွင်းမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၆ ပြား စုစုပေါင်းဆေးပြား ၅၀၆ ပြား တန်ဖိုးငွေကျပ် ၂၅ ဒသမ ၃ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။

စစ်ဆေးချက်အရ မောင်မောင်ကြီးက ညီဌေးဦး(ခ)ကျော်ကြားအား ဆေးပြားဝယ်ယူမည့်သူအားရှာဖွေရန် ပွဲခအဖြစ်ငွေကျပ် ၃၀၀၀၀ ပေး၍ လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ၎င်းတို့နှစ်ဦးအား အမှတ်(၃)နယ်မြေရဲစခန်းက မယ(ပ) ၆/၂၀၁၄၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

လမ်းလျှောက်နေသူအမျိုးသမီးထံမှ ရွှေဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးရမိ

ရန်ကုန် ဇွန် ၁၁

မြောက်ဥက္ကလာပမြို့နယ်တွင် ဇွန် ၁၀ရက် နံနက် အစောပိုင်းက လမ်းလျှောက်နေသူ အမျိုးသမီးထံမှ ရွှေဆွဲကြိုးဖြတ်ပြေးသူအား ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၆ နာရီခွဲက မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ဝါဝါသိန်း(၅၂)နှစ်သည် မြောက်ဥက္ကလာပ အဝိုင်းကြီးရှိ ဈေးဆိုင်မှ မုန့်ဝယ်ပြီး လမ်းလျှောက်ပြန်လာစဉ် အောင်မြေလမ်း ကွေ့အရောက် ၎င်း၏နောက်မှ အမည်မသိအမျိုးသားတစ်ဦး စက်ဘီးဖြင့် လိုက်လာကာ လည်ပင်းတွင်ဆွဲထားသော အလေးချိန်ငါးမူးသားခန့်ရှိ ရွှေဆွဲကြိုးတစ်ကုံးအား ဆွဲဖြတ်ယူဆောင်ထွက်ပြေးသွားသဖြင့် ပတ်ဝန်းကျင်သို့ အကူအညီတောင်းရာ မြောက်ဥက္ကလာပမြို့မရဲစခန်းမှ လှည့်ကင်းတပ်ဖွဲ့ဝင်များနှင့် ပတ်ဝန်းကျင်ရှိပြည်သူများက ဝိုင်းဝန်းဖမ်းဆီးခဲ့သဖြင့် သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမိသူအား စစ်ဆေးရာ ရဲနိုင်ဦး(၂၀)နှစ် (၅)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေသူဖြစ်ကြောင်း သိရပြီး ၎င်းအားအရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် မြောက်ဥက္ကလာပမြို့မရဲစခန်းက (ပ)၄၃၉/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၂ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၄၀)

မြောင်းထဲ၌ ကလေးငယ်နှစ်ဦး ရေနစ်သေဆုံး

နတ်တလင်း ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့မရဲစခန်းမှ တာဝန်မှူးဒုရဲအုပ်ရဲလွင်သည် ဇွန် ၁၀ရက် ညနေ ၃နာရီခွဲတွင် နတ်တလင်းဆေးရုံ၌ ရေနစ်သေဆုံးသော ကလေးငယ်နှစ်ဦးရောက်ရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့ကြောင်းသိရသည်။

သာစည်ရပ်ကွက် တံခွန်တိုင်မြို့သစ်(၂)လမ်းထောင့် တစ်မိုင်ခန့်အကွာတွင်နေထိုင်သည့် ဦးအောင်ကျော်ဇော၏သား မောင်ရဲရင့်အောင် လေးနှစ်နှင့် တံခွန်တိုင်မြို့သစ် လယ်ပြင်လမ်းနေ ဦးခင်မောင်ရင်၏သား မောင်ပြည့်ဖြိုးဝေ လေးနှစ်ခန့်တို့သည် မွန်းလွဲ ၂နာရီခန့်တွင် မိုးရွာ၍မိုးရေထွက်ချိုးကြရာ အိမ်ပြန်မလာသဖြင့် မောင်ရဲရင့်အောင်၏မိခင် မသူဇာသိမ်းနှင့် မောင်ပြည့်ဖြိုးဝေ၏မိခင် မလွဲ့လွဲ့စိုးတို့က အိမ်နီးချင်းဖြစ်သူ ကိုနေဝင်းနှင့်အတူ လိုက်လံရှာဖွေကြရာ မသူဇာသိမ်း၏ နေအိမ်အရှေ့ဘက် လမ်းဘေးမြောင်းထဲ၌ ရေနစ်သေဆုံးနေကြသော ၎င်းတို့၏ အလောင်းကိုတွေ့ရှိ၍ဆယ်ယူခဲ့ရကြောင်း သိရသည်။ အမှုနှင့်ပတ်သက်၍ ဒုရဲအုပ် ရဲလွင်က တရားလိုပြုလုပ်တိုင်တန်းသဖြင့် သေမှုသေခင်း အမှတ် ၈/၂၀၁၄ဖြင့် အမှုဖွင့်ပြီး နတ်တလင်းမြို့ မြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးမျိုးညွန့်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၀၇၁)

ထော်လာဂျီနှင့်ဆိုင်ကယ်တိုက်မိ၊ တစ်ဦးသေဆုံး

ခင်ဦး ဇွန် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ညောင်ပင်သာ-ရေဦး ကားလမ်းမိုင်တိုင်(၁၈/၁)နှင့်(၁၈/၂)ကြားတွင် ဇွန် ၉ ရက် ည ၁၁ နာရီခန့်က ထော်လာဂျီနှင့် ဆိုင်ကယ်မျက်နှာချင်းဆိုင် တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေဘိုဘက်မှ အမည်မသိမောင်းနှင်လာသော အလယ်ထိုင် အပြာရောင်ထော်လာဂျီနှင့် ရေဦးဘက်မှ ရှိုင်းဘို(၁၆)နှစ်နှင့် ကျွန်းလည်ရွာနေရဲထွေးဦး(၁၆)နှစ်အား တင်ဆောင်မောင်းနှင်လာသော Kenbo-125 အစိမ်းရောင်ဆိုင်ကယ်တို့ တိုက်မိရာ ရှိုင်းဘိုမှာနေရာတွင်ပင် သေဆုံးခဲ့ပြီး ရဲထွေးဦးမှာ ဒဏ်ရာရရှိပြီး စိုးရိမ်ရသဖြင့် ရွှေဘိုဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ထော်လာဂျီမောင်းသူမှာ ထွက်ပြေးသွားသဖြင့် ခင်ဦးရဲစခန်းက တရားခံအား စုံစမ်းလျက်ရှိကြောင်း သိရသည်။

(ခင်ဦး-စိုးဝေ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သာသနာရေးဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာနှစ် (ငွေလုံးငွေရင်း) အသုံးစရိတ်ရန်ပုံငွေဖြင့် တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	အဆောက်အအုံအမျိုးအစား
(၁)	ကချင်	မိုးကောင်းမြို့နယ်သာသနာရေးမှူးရုံးအဆောက်အအုံ (RC -၁ထပ်) (၄၈'×၂၂'×၁၂')
(၂)	ကရင်	လှိုင်းဘွဲ့မြို့နယ်သာသနာရေးမှူးရုံးအဆောက်အအုံ (RC -၁ထပ်) (၃၆'×၃၁'×၁၂')
(၃)	မကွေး	ထီးလင်းမြို့နယ်သာသနာရေးမှူးရုံးအဆောက်အအုံ (RC -၁ထပ်) (၃၆'×၃၁'×၁၂')
(၄)	မန္တလေး	မန္တလေးခရိုင်သာသနာရေးမှူးရုံးအဆောက်အအုံ (RC-၁ထပ်) (၅၀'×၃၅'×၁၂')
(၅)	မန္တလေး	ရမည်းသင်းခရိုင် သာသနာရေးမှူးရုံးအဆောက်အအုံ (RC -၁ထပ်) (၄၀'×၃၀'×၁၂')
(၆)	မန္တလေး	မိုးကုတ်မြို့နယ်သာသနာရေးမှူးရုံးအဆောက်အအုံ (RC- ၂ထပ်) (၃၀'×၂၀'×၂၄')
(၇)	ရန်ကုန်	လှည်းကူးမြို့နယ်သာသနာရေးမှူးရုံးအဆောက်အအုံ (RC- ၁ထပ်) (၃၆'×၃၁'×၁၂')
(၈)	နေပြည်တော်	ဥတ္တရခရိုင်သာသနာရေးမှူးရုံးအဆောက်အအုံ (RC- ၁ထပ်) (၅၀'×၃၅'×၁၂')
(၉)	နေပြည်တော်	ဒက္ခိဏခရိုင်သာသနာရေးမှူးရုံးအဆောက်အအုံ (RC- ၁ထပ်) (၅၀'×၃၅'×၁၂')

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၆-၆-၂၀၁၄ရက်မှ ၂၆-၆-၂၀၁၄ရက်ထိ

တင်ဒါပုံစံတင်သွင်းရမည့်ရက် - ၁-၇-၂၀၁၄ရက်နံနက် ၉း၀၀နာရီမှ ၁၂း၀၀နာရီထိ

တင်ဒါဖွင့်မည့်နေရာ - သာသနာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၁)၊ နေပြည်တော်

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များအား အသေးစိတ် သိရှိလိုပါက သာသနာရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနခွဲ (ဖုန်း-၀၆၇-၄၀၆၂၃၂၊ ၀၆၇-၄၀၆၀၄၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သာသနာရေးဦးစီးဌာန

အမည်ပြောင်း ရန်ကုန်မြို့ သုဝဏ္ဏနေ အဖဦးအောင်ကြည်၏ သမီးဖြစ်သူ မထူးအိန္ဒြာစိုး [၁၂/သယက(နိုင်)၁၇၇၃၂၈]အား မထူးအိန္ဒြာလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ မထူးအိန္ဒြာလင်း



စစ်တောင်းမြစ်ရေတိုက်စားမှု သက်သာစေရန် ရေကာတန်းများတည်ဆောက်

ရေတိုက်စားခံရသော စစ်တောင်းမြစ်ကမ်းတွင် ရေကာတန်းတည်ဆောက်ထားမှုကို တွေ့ရစဉ်။

ရေတာရှည်၊ ဇွန် ၁၁

နှစ်စဉ် မိုးရာသီသို့ရောက်တိုင်း ရေတာရှည်မြို့နယ်တွင် စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် ကျေးရွာအချို့၌ လူနေအိမ်များ ရွှေ့ပြောင်းရခြင်းများရှိရာ ထိုသို့ရွှေ့ပြောင်းမှုများကြောင့် သက်ဆိုင်ရာမြစ်ကြောင်းထိန်းသိမ်းရေးအဖွဲ့က ရေကာတန်းများ တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့လှကျေးရွာအုပ်စုဝန်းကျင်ရှိ ပျဉ်းထောင်ကျေးရွာ၊ ကက္ကူကျေးရွာ၊ ဆွာမြို့အရှေ့ရှိ ရွှေကဖောင်းကျေးရွာနှင့် ရေတာရှည်မြို့အရှေ့ရှိ ကျွဲရိုင်းပြင်ကျေးရွာများသည် စစ်တောင်းမြစ်ရေတိုက်စားမှုဒဏ်ကို ဆိုးဝါးစွာခံစားခဲ့ရသော ကျေးရွာများဖြစ်သည်။

၎င်းကျေးရွာများအနက် ရွှေကဖောင်းကျေးရွာမှာ မြစ်ကမ်းပါးများ ပြိုကျမှု အန္တရာယ်ကြောင့် လူနေအိမ်ခြေ ၃၀ ကျော် ရွှေ့ပြောင်းခဲ့ကြရပြီး ထိုသို့ရွှေ့ပြောင်းမှုကြောင့် မြစ်ကမ်းတစ်လျှောက်တွင် လူနေအိမ် အနည်းငယ်သာရှိတော့ကြောင်း သိရသည်။

"မြစ်ဘေးတစ်လျှောက်မှာ အိမ်အသေးလေးတွေပဲ ရှိတော့တယ်။ အိမ်ကြီးတွေကတော့ တမံတောင်ဘက်နဲ့ အရှေ့ပိုင်းကိုရွှေ့သွားကုန်ပြီ။ ဒီမှာကျန်နေတဲ့သူတွေက နေစရာနေရာကိုမရှိလို့ နေကြရတာ။ ခုကျွန်တော်တို့ရွာအထက်ဘက်မှာ မြစ်ကြောင်းထိန်းသိမ်းရေးက ရေကာတန်းတွေလာဆောက်ပေးထားတယ်။ တကယ်ရေများလာရင်တော့ ပါသွားနိုင်တယ်"ဟု ရွှေကဖောင်းကျေးရွာဒေသခံတစ်ဦးက ပြောပြသည်။

စစ်တောင်းမြစ်သည် နှစ်ကာလကြာရှည်လာသည်နှင့်အမျှ မြစ်ချိုးမြစ်ကွေ့များကြောင့် ရေစီးနှုန်းနှေးကွေးကာ နုန်းပို့ချမှုများ၍ မြစ်ကြမ်းပြင်မြင့်တက်လာခြင်း၊ မြစ်လယ်ကျွန်းများပိုမိုများပြားလာခြင်းတို့ကြောင့် မိုးရာသီရောက်တိုင်း မြစ်ရေကြီးကာ မြစ်ကြောင်းတစ်လျှောက် နေထိုင်ကြသည့် ကျေးရွာအများအပြား ထိခိုက်ခံစားကြရခြင်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

ကိုလွင်(ဆွာ)

ရေစကြိုမြို့နယ်တွင်တက္ကသိုလ်ဝင်တန်း၁၅ဒသမ၆ရာခိုင်နှုန်းအောင်မြင်

ရေစကြို၊ ဇွန် ၁၁

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ရေစကြိုမြို့နယ်တွင် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို ဇွန် ၇ ရက်က ထုတ်ပြန်ကြေညာခဲ့ရာ ရေစကြိုမြို့ပေါ်နှင့် မြို့နယ်အတွင်း စာစစ်ဌာနများဖြစ်သည့် အ. ထ. ကကျောင်း ရှာ်ကျောင်း၊ အ. ထ. ကခွဲကျောင်း ကိုးကျောင်းနှင့် ပြင်ပဖြေဆိုသူများ အပါအဝင် ကျောင်းသား ၁၅၉၁ ဦးနှင့် ကျောင်းသူ ၁၉၆၀ ဦး စုစုပေါင်း ၃၅၅၁ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။

အောင်စာရင်းတွင် လေးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၇၂ ဦး အပါအဝင် ကျောင်းသား ၂၄၀ နှင့် ကျောင်းသူ ၃၁၄ ဦး စုစုပေါင်း ၅၅၄ ဦး ဖြေဆိုအောင်မြင်ခဲ့ကြသည်။ အောင်ချက်ရာခိုင်နှုန်းအနေဖြင့် ၁၅ ဒသမ ၆ ရာခိုင်နှုန်းအောင်မြင်ကြောင်းသိရသည်။

အောင်(မန်းတက္ကသိုလ်)

နွားထိုးကြီးပြန်/ဆက်မှ လက်လှမ်းမီ အလွယ်တကူဖတ်ရှုနိုင်ရန်စာပေရေချမ်းစင် စာအုပ်သစ်များအစားထိုး

နွားထိုးကြီး၊ ဇွန် ၁၁

ချိတ်ဆွဲထားရှိပြီးဖြစ်သော စာပေရေချမ်းစင်များအား စာအုပ်အသစ်များ အစားထိုးလဲလှယ်ခြင်းကို မြို့နယ်ဦးစီးမှူး ဦးတင့်လွင်ဦးနှင့် ဝန်ထမ်းများသည် ပြည်သူများ စာဖတ်သည့်အလေ့အထ တိုးတက်လာစေရန်နှင့် စာဖတ်သည့်အလေ့အထရှိပြီးသူများလည်း လက်လှမ်းမီအလွယ်တကူဖတ်ရှုရန်ရည်ရွယ်၍ မြို့ပေါ်ရှိ မီးရထားဘူတာ၊ ကားဂိတ်၊ စီးပွားရေးဘဏ်၊ ဆေးရုံအစရှိသည့် လူစည်ကားရာနေရာများတွင် စာပေရေချမ်းစင်များ ချိတ်ဆွဲထားရှိပေးခဲ့သည်။

မီးရထားဘူတာရုံမှာ ဈေးဝယ်ပြန်များ၊ ရထားစောင့်သူများသည် စာအုပ်များ အလွယ်တကူဖတ်ရှုရမည်ဖြစ်ပြီး ရထားစောင့်ရင်း အသိပညာဗဟုသုတလည်းရ ဖတ်ရတာအလွယ်တကူဖြင့် ခရီးသွားများအတွက် အဆင်ပြေစေရန် ရည်ရွယ်ကြောင်း သိရသည်။

ပြန်/ဆက်ဦးစီးဌာနအနေဖြင့် ယခုကဲ့သို့ ဆောင်ရွက်ပေးခဲ့သောကြောင့် စာဖတ်ဝါသနာရှင် ပြည်သူများအနေဖြင့် စာပေအလွယ်တကူဖတ်ရှုလေ့လာခွင့် ရရှိခဲ့ကြသည်။

ဦးသန်းအောင်ဇော်(နွားထိုးကြီး)

အိမ်သာခန်းအတွင်း ကြိုးဆွဲချသေဆုံးမှုဖြစ်ပွား

တာချီလိတ်၊ ဇွန် ၁၁

တာချီလိတ်မြို့နယ်၊ မိုင်းကိုးအုပ်စု၊ ယန်းကျောက်ရွာ၌ ဇွန် ၈ ရက် နံနက် ၉ နာရီခွဲခန့်က ဒုရဲအုပ် လှိုင်ဝင်းထွန်း တာဝန်မှူးအဖြစ် ဆောင်ရွက်နေစဉ် အမျိုးသားတစ်ဦး ကြိုးဆွဲချသေဆုံးမှုဖြစ်ပွားကြောင်း ယန်းကျောက်ရွာလက်ထောက်သူကြီး ဦးစိုင်းနွဲ့က ဖုန်းဖြင့်အကြောင်းကြားချက်အရ တာချီလိတ်မြို့မစခန်းမှူး ဒုရဲမှူးကျော်သန်း၊ တာဝန်မှူး ဒုရဲအုပ်လှိုင်ဝင်းထွန်း၊ နယ်ထိန်းတပ်ကြပ် ဂီးဒို၊ သက်သေ ဦးစိုင်းနွဲ့၊ ဦးစိုင်းဝန်းတို့နှင့်အတူ အခင်းဖြစ်နေရာအားသွားရောက်စစ်ဆေးခဲ့သည်။

အမှတ်(၃၀) ယန်းကျောက်ရွာနေ စိုင်းယီသည် ၎င်း၏နေအိမ်နှင့်တွဲလျက် အိမ်သာခန်းအတွင်း အမိုးဒိုင်းတန်းတွင် အဖြူ အဝါ၊ အပြာ အဝတ်ကြိုးများဆက်ထားသည့်ကြိုးတွင် စိုင်းယီသည် မတ်တတ်အနေအထားဖြင့် ပြင်ပဒဏ်ရာတစ်စုံတစ်ရာ ရရှိခြင်းမရှိ မျက်နှာတွင် လောက်များတက်၍ ပုပ်ပွကာ လွန်ခဲ့သည့် ငါးရက်ခန့်က ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ဆေးစာနှင့်အတူ တာချီလိတ်ပြည်သူ့ဆေးရုံသို့ ပို့အပ်ပြီး သေဆုံးခြင်းနှင့် ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်-မဟုတ် စစ်ဆေးနိုင်ရန် ဒုရဲအုပ် လှိုင်ဝင်းထွန်းမှ တရားလိုပြုလုပ်တိုင်တန်းရာ တာချီလိတ်မြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် ၁၂/၂၀၁၄ ဖြင့် ဖွင့်လှစ်ထားရှိပြီး ဒုရဲမှူး ကျော်သန်းက အမှုစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်ကြီး(တြိဂံနယ်မြေ)

u|df/wf|dt rS(6)&yfuGv|yfpf;D&S

ဖျာပုံ၊ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့တစ်ဖက်ကမ်း အမှတ်(၆)ရပ်ကွက်တွင် ဇွန် ၈ ရက် နံနက် ၁၁ နာရီက လျှပ်စစ်မီးဖွင့်ပွဲကျင်းပခဲ့ပြီး ၎င်းဖွင့်ပွဲအခမ်းအနားသို့ လျှပ်စစ်စွမ်းအား ဒုတိယဝန်ကြီး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ အမှတ်(၆)ရပ်ကွက် လျှပ်စစ်မီးရရှိရေးတာဝန်ရှိသူများ၊ အသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြသည်။

"ကျွန်တော်တို့ရပ်ကွက်မှာ နိုင်ငံတော်အဆင့် အခမ်းအနားအနေနဲ့ ပထမဆုံးပါပဲ။ အရင်က မြို့ ဖက်ခြမ်းက လူတွေပြောကြတယ်။ ဓာတ်မီးတိုင်မရှိတဲ့ဘက်တဲ့။ ခုအဲ့ဒီလိုမဟုတ်တော့ပါဘူး။ ဟိုဘက်ကမ်းက မီးထိန်ထိန် ဒီဘက်ကမ်းက မီးထိန်ထိန်ဖြစ်နေပါပြီ။ ဒီအတွက်လည်း လျှပ်စစ်စွမ်းအား ဒုဝန်ကြီးနဲ့ အားလုံးကို ကျေးဇူးတင်ပါတယ်"ဟု ရပ်မိ ရပ်ဖတစ်ဦးဖြစ်သော ဦးခင်ငြိမ်းက ပြောသည်။

အမှတ်(၆)ရပ်ကွက်သည် အိမ်ခြေ ၆၇၄ လုံးရှိပြီး လွန်ခဲ့သည့် ၂၆ နှစ်ကျော်ကာလတစ်လျှောက်အတွင်း ဖယောင်းတိုင်မီး၊ ဘက်ထရီ၊ မီးစက်တို့ကိုသာ အားကိုးခဲ့ရသည်။

အသောက

ရေစကြို၌ စာကြည့်တိုက်ပညာ ဆင့်ပွား သင်တန်းဖွင့်

ရေစကြို၊ ဇွန် ၁၁

ရေစကြိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းယုမော်နှင့် စာကြည့်တိုက် လက်ထောက်-၃ ဒေါ်စီစီမိုးတို့သည် ဇွန် ၈ ရက်တွင် ရေစကြိုမြို့နယ်၊ ကြီးကံကျေးရွာအုပ်စု၊ တာတိုင်ကျေးရွာ ရွှေညဏ်လင်း စာကြည့်တိုက်၌ စာကြည့်တိုက်ပညာဆင့်ပွားပို့ချပေးကြောင်းနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မျိုးတူစုလုပ်ငန်း၊ ကတ်တလောက်ရေးခြင်း၊စာစု၊ စာပြု၊စာငှားလုပ်ငန်းများအားသင်ကြားပို့ချပေးခဲ့ရာ ကျေးရွာ စာကြည့်တိုက်မှူး ဦးရဲမြင့်နှင့် ကျေးရွာမှ အဖြူရောင်ပရဟိတ လူမှုရေးအသင်းဝင် လူငယ်များ တက်ရောက်ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

Open Tender

မြေကွက်ဝယ်လိုသည်
09 31589922
09 31268183

မြေကွက်များဝယ်လိုသည်

မြင်းခြံတွင် အလုပ်သမား၊ လယ်သမားကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲပြုလုပ်

မြင်းခြံ၊ ဇွန် ၁၁

အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီမှ မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိအလုပ်ရှင်၊ အလုပ်သမားများ၊ တောင်သူလယ်သမားများ၊ ရပ်မိရပ်ဖများ၊ ခရိုင်/မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းတွေ့ဆုံပွဲကို ၂၀၁၄ ခုနှစ် ဇွန် ၉ ရက် နံနက် ၉ နာရီတွင် မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံ၊ ဆပ်ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်ပေါင်း ၅၁၆ ဦး တက်ရောက်ခဲ့ကြသည်။

ယခုကဲ့သို့ တွေ့ဆုံပွဲပြုလုပ်ရခြင်းမှာ နိုင်ငံတော်အနေဖြင့် ပြည်သူ့အကျိုးရှေးရှုပြီး ပြုပြင်ပြောင်းလဲမှုများအား ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပြည်သူဗဟိုပြုသည့် ပြည်သူ့အုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ပြီး လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်၍ တိုင်းပြည်တစ်ဝန်းလုံးရှိ ပြည်သူလူထု၏ အဆင်မပြေမှုများ ကြုံတွေ့ရသည့် အခက်အခဲများ စသည့်ပြဿနာများကို စုပေါင်းညှိနှိုင်းဖြေရှင်း အဖြေထုတ်ပေးရန်ဖြစ်ကြောင်း၊ ထိုတွေ့ဆုံပွဲတွင် အလုပ်သမားရေးရာနှင့် တောင်သူလယ်သမားရေးရာ ဆပ်ကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့သည်။

အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ၏အသံကို နားထောင်ကာ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းရန်အတွက် Delivery Unit အဖွဲ့များဖွဲ့စည်းပေးပြီး ဖြေရှင်းပေးလျက်ရှိရာ အလုပ်သမားများ၊ တောင်သူလယ်သမားများ၏ အဓိကလိုလားချက်များကို ထိထိမိမိ လျင်လျင်မြန်မြန် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ပြီး၊ တစ်ထိုင်တည်းမဆုံးဖြတ်နိုင်သည်ကို ပြည်ထောင်စု အထက်အဆင့်သို့တင်ပြပြီး ပြေလည်အောင် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားများ၊ တောင်သူလယ်သမားများ အနေဖြင့်လည်း အခက်အခဲများ၊ အဆင်မပြေမှုများရှိပါက ဆွေးနွေးပေးစေလိုကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့နောက် တက်ရောက်လာကြသော အလုပ်ရှင်၊ အလုပ်သမား၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအနက် ကိုးဦးက မေးမြန်းဆွေးနွေးချက်ပေါင်း ၁၂ ခု တင်ပြဆွေးနွေးခဲ့ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်ဇံက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးနေမှုများကိုပြောကြားခဲ့သည်။

ဆပ်ကော်မတီမှ တာဝန်ရှိသူများကလည်း ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ပြန်လည်ရှင်းလင်းပြောကြား၍ ဆပ်ကော်မတီဥက္ကဋ္ဌက ယခုဆွေးနွေးပွဲတွင် မေးမြန်းသည့် မေးခွန်းများအား ချက်ချင်းဆောင်ရွက်ပေးခြင်း ၁၀ ခု၊ အခြားဝန်ကြီးဌာန/ ဆပ်ကော်မတီများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း နှစ်ခုတို့ကို ရှင်းလင်းဖြေကြားခဲ့ပြီး၊ ဌာနဆိုင်ရာများအနေဖြင့်လည်း အလုပ်သမားများနှင့် တောင်သူလယ်သမားများ၏ အခက်အခဲများကို အချိန်မီဆောင်ရွက်ပေးနိုင်ရေး စေတနာထားကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးစေလိုကြောင်း မှာကြားခဲ့သည်။

ဦးဇော်မင်းနိုင်(မြင်းခြံ)

ရေချိုကျေးရွာတွင် အထက်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်ပွဲအခမ်းအနားကျင်းပ

မိတ္ထီလာ၊ ဇွန် ၁၁

မိတ္ထီလာမြို့ ရေချို၊ လေးတိုင်စင်၊ လိန်တော၊ ကံကောင်း၊ အင်းပက်လက် စသည့်ကျေးရွာများမှ ဒေသခံကျောင်းသား၊ ကျောင်းသူများနှင့် မလှိုင်မြို့နယ်မှ လယ်တကောင်း၊ ရေကမိုး ကျေးရွာများမှ ဒေသခံကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပညာသင်ယူနေသည့် ရေချိုကျေးရွာ အထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဆင့်တိုးမြှင့် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၀ နံနက် ၉ နာရီက အဆိုပါအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲမှ အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲအား တွေ့ရစဉ်။

ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆိုင်းဘုတ်အား မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစောဌေး (မိတ္ထီလာ အမှတ်-၁ မဲဆန္ဒနယ်)၊ ခေတ္တခရိုင်ပညာရေးမှူး သက်လေးဦး၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးကြည်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးယုတင်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခေတ္တခရိုင်ပညာရေးမှူးက အထက်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးပြီးနောက် ပညာရေးစည်းကမ်း ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေးနှင့် ပညာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ကျောင်းအကျိုးဆောင် နာယက ဦးအုန်းမောင်က ဒေသခံကျေးရွာနေပြည်သူများကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ရေချိုကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသည် မိတ္ထီလာမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ်၌ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိသည့် တစ်ခုတည်းသော အခြေခံပညာကျောင်းဖြစ်ကြောင်း သိရှိရသည်။

ချမ်းသာ(မိတ္ထီလာ)

ထင်းအစားအခြားလောင်စာသုံးစွဲရေး ဟောပြော

ငါန်းဇွန်၊ ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သာပေါင်းကျေးရွာသို့ ဇွန် ၈ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ရှိဝန်ထမ်းများ သွားရောက်၍ ထင်းအစား အခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လူထုပညာပေး ဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ ပညာပေးဟောပြောပွဲသို့ မြို့နယ်အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဗိုလ်တင်လင်းနှင့် တာဝန်ရှိဝန်ထမ်းများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဦးစီးအရာရှိက ထင်းအစားအခြားလောင်စာသုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပြည်သူများအနေဖြင့် အဓိကထားနေထိုင်ပြုမူသင့်သည့်အချက်များကို ရှင်းလင်းပြောကြားပြီး ထင်းအစား အခြားလောင်စာသုံးစွဲရေးအတွက် စွမ်းအားမြင့် မီးဖိုငါးလုံးကို မဲစနစ်ဖြင့် အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၆၄၅)

တောင်သာတွင် မိုးရာသီချေးငွေများ စတင်ထုတ်ချေး

တောင်သာ၊ ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် မြို့နယ် လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ တာဝန်ယူထုတ်ချေးမည့် ၂၀၁၄-ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက စတင်ထုတ်ချေးလျက်ရှိရာ ဇွန် ၉ ရက်အထိ စိုက်ပျိုးစရိတ်ချေးငွေများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ချေးပေးလျက်ရှိသည်။ တောင်သာမြို့နယ်တွင် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ၂၀၁၄-ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိရာ ကျောက်ချော၊ ဆင်ဖြူ အစရှိသည့် ကျေးရွာအုပ်စု နှစ်အုပ်စုမှ တောင်သူ ၂၈၅ ဦးကို စုစုပေါင်းငွေကျပ် ၆၉၅ သိန်းကျော် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျော်မျိုးနိုင်(တောင်သာ)



စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မိုင်းဖြတ်တွင်ကျင်းပ

မိုင်းဖြတ်၊ ဇွန် ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့တွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲနှင့် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၅ ရက် နံနက် ၉ နာရီက ဝမ်ပုံ အ. မ. ကကျောင်းဝင်းအတွင်း ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ကျော်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်းပြီး အဖွင့်အမှာစကားပြောကြားကာ၊ မြို့နယ်သစ်တောဦးစီးမှူး ဦးစောတင်မြင့်က အခမ်းအနားကျင်းပရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျွန်းပင် ၈၀၊ မယ်ဇလီအပင် ၁၀၀၊ မန်ကျည်းရှားအပင် ၁၀၀၊ ယူကလစ် ၁၂၅ ပင်၊ ကပြူး ၂၅ ပင် စုစုပေါင်းအပင် ၄၃၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

ဆင့်ပွားသင်တန်းအမှတ်စဉ်(၁) သင်တန်းဆင်း

မြင်းခြံ၊ ဇွန် ၁၁

မြင်းခြံမြို့ အမှတ်(၂)ရပ်ကွက် ဧရာဝတီခန်းမတွင် မြင်းခြံမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ကြီးမှူးဖွင့်လှစ်သော ရေရှည်ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းဖော်ဆောင်ရေး ဆင့်ပွားသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲအခမ်းအနားကို ၂၀၁၄-ခုနှစ် ဇွန် ၉ ရက် မွန်းလွဲ ၃ နာရီက ကျင်းပခဲ့ပြီးမြို့နယ်ပါတီကော်မတီ အတွင်းရေးမှူး ဦးမိုးဇော်က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။ သင်တန်းဆင်းပွဲသို့ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ ခရိုင်/ မြို့နယ် ပြည်ခိုင်ဖြိုးပါတီကော်မတီဝင်များ၊ သင်တန်းသား/သူများ တက်ရောက်ခဲ့သည်။ **ဦးဇော်မင်းနိုင်(မြင်းခြံ)**

တောင်သူများ စက်ဖြင့်ထွန်ယက်မှုများသောကြောင့် စက်အငှားလိုက်သူများ အဆင်ပြေ

သထုံ၊ ဇွန် ၁၁

မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ဦးတည်လျက်ရှိရာ ယခုနှစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်အတွင်းရှိ တောင်သူအများစုမှာလယ်ယာသုံးစက်များကိုဝယ်ယူအသုံးပြု၍ ထွန်ယက်စိုက်ပျိုးလာကြပြီး စက်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီလက်တွန်းထွန်စက်ငယ်ကို ကျွန်တော်မနှစ်က ဝယ်ထားတာပါ။ ကျွန်တော့လယ်မှာ ထယ်ထိုး၊ စက်တုံးရိုက်ပြီးတာနဲ့ အခြားလယ်တွေကို သီးစားအငှားလိုက်တယ်။ စက်နဲ့အသုံးပြုတာက ကျွဲ၊ နွားသုံးတာထက်ပိုပြီး အချိန်ကုန်၊ ငွေကုန်၊ လူပန်းသက်သာတယ်။ စက်နဲ့ အလုပ်လုပ်ရင် တစ်ရက်ကို ၈ ဧကကနေ ၁၀ ဧကအထိ ပြီးစီးပေမယ့် ကျွဲ၊ နွားနဲ့ဆိုတစ်ဧကကို ၂ ရက်လောက် ထွန်ယက်ရတာ။ နောက်ပြီး ဒီစက်တွေက ရေတင်၊ စပါးလှေ့၊ စပါးသယ် စသည်ဖြင့် မျိုးစုံအသုံးပြုလို့လည်းရတယ်။ ဒါပေမယ့် ဒီမှာတော့ အစဉ်အလာအတိုင်း ကျွဲ၊ နွားအသုံးပြု ထွန်ယက်နေသူတွေလဲ အများကြီးပါ"ဟု သထုံမြို့နယ်၊ ဇိုက္ကရဲကျေးရွာမှ တောင်သူ ဦးထွန်းဝင်းက ပြောသည်။

အဆိုပါစက်များဖြင့် အငှားလိုက်ထွန်ယက်ရာတွင် တစ်ဧကလျှင် ထယ်ထိုး ရိုးရိုးစပါးသုံးတင်း၊ ထယ်ထိုးစက်တုံးရိုက်အပြီး စပါးငါးတင်းနှုန်းရရှိသောကြောင့် စက်ပိုင်တောင်သူများမှာ မိမိလုပ်ငန်းအပြင် သီးစားအငှားလိုက် ထွန်ယက်ခြင်းဖြင့် အပိုဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **သက်ဦး(သထုံ)**

မိုးတွင်းကာလ ဘုရားဖူးခရီးသွားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် တောင်တက်ယာဉ်များ၏ ကြံ့ခိုင်ရေးအား ကျွမ်းကျင်ပညာရှင်များက အလေးနက်ထားစစ်ဆေး

ရန်ကုန်၊ ဇွန် ၁၁

မွန်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သော ကျိုက်ထိုမြို့မှ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးသို့ မိုးရာသီအတွင်း ဘုရားဖူးလာရောက်သည့် ခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းစေရန်အတွက် တောင်တက်ယာဉ်များ၏ ကြံ့ခိုင်မှုအခြေအနေအား လဆန်းပိုင်းတွင် သုံးရက်ကြာ ကျွမ်းကျင်ပညာရှင်များမှ စစ်ဆေးလျက်ရှိပြီး စိတ်ချရသည့် အခြေအနေရှိမှသာ ယာဉ်လိုင်းပြေးဆွဲခွင့်ပြုကြောင်း ကင်ပွန်းစခန်းရှိ ယာဉ်လိုင်းထိန်းသိမ်းမှု ကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"မိုးရာသီဆိုတော့ ဘုရားဖူးလာတာနည်းပေမယ့် ယာဉ်အန္တရာယ်မဖြစ်စေရေးအတွက် လဆန်းပိုင်း ၅ ရက်၊ ၆ ရက်နဲ့ ၇ ရက်တွေမှာ ယာဉ်ကြံ့ခိုင်မှုကို အထူးစစ်ဆေးနေပါတယ်။ ဒီလိုစစ်ဆေးတဲ့နေရာမှာ ကျွန်တော်တို့ယာဉ်လိုင်းက စက်ဆရာနှစ်ဦးနဲ့ ကျိုက်ထိုမြို့က ကျွမ်းကျင်စက်ဆရာသုံးဦးကို စုစည်းပြီးတော့ သေချာဆောင်ရွက်တာပါ။ သတ်မှတ်ရက်ကျော်လွန်ပြီး အစစ်ဆေးခံဖို့နောက်ကျတဲ့ ယာဉ်တွေကတော့ တစ်ရက်ကို ဒဏ်ငွေနှစ်သောင်းပေးဆောင်ရပါတယ်။ စစ်ဆေးရေးအဖွဲ့ကစစ်ဆေးပြီး ယာဉ်ကကြံ့ခိုင်မှုကောင်းမှ ပြန်လည်ပြေးဆွဲခွင့်ပေးပါတယ်"ဟု ယာဉ်လိုင်းထိန်းသိမ်းမှုကြီးကြပ်ရေးကော်မတီ (တောင်တက်မော်တော်ယာဉ်အသင်း) ဥက္ကဋ္ဌ ဦးဝိတင်က ပြောသည်။

ယာဉ်လိုင်းစစ်ဆေးရေးအဖွဲ့မှ မော်တော်ယာဉ်များအား စစ်ဆေးရာတွင် ကားခေါင်းလှန်၍ တိုက်ရော့၊ လေးတန်းကြံ့ခိုင်မှုအခြေအနေ၊ စက်နှိုးစေ၍ အင်ဂျင်မှဆီယိုစိမ့်မှု ရှိ-မရှိ၊ ခြေနင်းဘရိတ်၊ Hand ဘရိတ်၊ အိတ်ဇောဘရိတ်များနှင့် ဘရိတ်ပိုက်များ၏အခြေအနေ၊ တာယာများနှင့် ပန်ကာကြိုးကြံ့ခိုင်မှုအခြေအနေနှင့် မော်တော်ယာဉ်ရှိ မီးလုံးများအားလုံး ချို့ယွင်းချက်ရှိ-မရှိပါ အသေးစိတ်စစ်ဆေးကြကြောင်း သိရသည်။

ယာဉ်ထွက်ခွာသည့်ဂိတ်မှ ခရီးသည်အပြည့်တင်ဆောင်ထားသော ယာဉ်တစ်စီးသည် တစ်စုံတစ်ရာကြောင့် ကြံ့ခိုင်မှုအားနည်း၍ မထွက်ခွာနိုင်ခဲ့ပါက အသင့်ထားရှိသော အလှည့်ကျလုပ်အားပေးယာဉ်မှ အစားထိုးဝင်ရောက်ကူညီဆောင်ရွက်နိုင်ရန်ပြင်ဆင်ထားပြီး တောင်တက်ခရီးလမ်းတွင် ဖြစ်ခဲ့ပါကလည်းနီးစပ်ရာစစ်ဆေးရေးဂိတ်များမှလုပ်အားပေးယာဉ်များကကူညီပေးမည်ဖြစ်သည်။

"ခရီးသည်အပြည့်တင်ပြီးချိန် ယာဉ်တစ်စီးက အကြောင်းတစ်စုံတစ်ရာကြောင့် ယာဉ်မထွက်နိုင်တော့ဘူးဆိုရင် ခရီးသည်တွေကို အလှည့်ကျ လုပ်အားပေးယာဉ်တစ်စီးနဲ့ ချက်ချင်းအစားထိုးစီစဉ်ပေးမှာပါ။ ရရှိလာတဲ့ ယာဉ်စီးခတွေကိုတော့ မနစ်နာအောင် ပျက်နေတဲ့ယာဉ်ကို ပြန်လည်ပြုပြင်ဖို့ပေးမှာဖြစ်ပြီး ပြင်ပြီးသွားရင် ဂိတ်မှူးဆီမှာ ပြန်အစစ်ဆေးခံရမှာဖြစ်ပါတယ်"ဟုဥက္ကဋ္ဌ ဦးဝိတင်ကပြောသည်။

လက်ရှိ တောင်တက်မော်တော်ယာဉ်အသင်းတွင် ပြေးဆွဲနေသော ခရီးသည်တင်ယာဉ် စုစုပေါင်း ၁၄၃ စီးရှိပြီး ယခုအချိန် မိုးရာသီကာလအတွင်း နေ့စဉ် ကင်ပွန်းစခန်းမှ ကျိုက်ထီးရိုးစေတီတော်သို့ တောင်တက်ယာဉ် ၂၅ စီးမှ အစီး ၃၀ ကြား ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **စိုးအောင်ဖေ**



ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

ဆီဆိုင်၊ ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်း၌ ဇွန် ၈ ရက် နံနက် ၁၀ နာရီက ၂၀၁၄-၂၀၁၅ ခုနှစ်၊ စိုက်ပျိုးရာသီအတွက် ဘိန်းအစားထိုးသီးနှံ မျိုးစေ့များ ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင် လူမှုရေးတာဝန်ခံ ဦးခွန်မောင်ပယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ဌေးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးစည်သူငြိမ်းချမ်းတို့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သောဥပဒေရေးရာများကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးကျော်ကြင်က ဘိန်းအစားထိုးသီးနှံနှင့် စိုက်ပျိုးရေးရာကိစ္စများအား ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဘန်းယဉ်ကျေးရွာအုပ်စုနှင့် ဘန့်ဗွီးကျေးရွာအုပ်စုမှ တောင်သူများအား ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပါးမျိုးစေ့များ ပေးအပ်ခဲ့ကြောင်းသိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

အရှိန်ပြင်းစွာမောင်းနှင်၍ဆိုင်ကယ်အားဝင်တိုက်

သထုံ၊ ဇွန် ၁၁

သထုံမြို့နယ်တွင် ဆိုင်ကယ်အား မဆင်မခြင်မောင်းနှင်၍ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဆိုင်ကယ်အား မျက်နှာချင်းဆိုင်တိုက်မိကာ လူနှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာပြင်းထန်စွာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က သထုံမြို့နယ်၊ ဝါးပါးဆည်ရှေ့ သထုံ-ဘားအံကားလမ်း မိုင်တိုင်အမှတ် ၂/၂ နှင့် ၂/၃ အကြားတွင် သထုံမှ ဘားအံဘက်သို့ အောင်အောင်မောင်းနှင်ပြီး နောက်တွင် ဝင်းထွန်းလင်း လိုက်ပါစီးနင်းလာသော HONDA WAVE-110 အမျိုးအစား၊ မော်တော်ဆိုင်ကယ်မှာ အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောမှ ဦးဌေးမောင်ကြည် မောင်းနှင်လာသည့် DREAM-125 အမျိုးအစား ဆိုင်ကယ်အား မျက်နှာချင်းဆိုင် ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းသို့တိုက်မိမှုကြောင့် ဆိုင်ကယ်မောင်းသူ အောင်အောင်နှင့် ဦးဌေးမောင်ကြည်တို့မှာ သထုံခရိုင်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် ရရှိသောဒဏ်ရာဖြင့် လမ်းတွင်သေဆုံးခဲ့ပြီး နောက်မှလိုက်ပါစီးနင်းသူ ဝင်းထွန်းလင်းမှာ ဒဏ်ရာပြင်းထန်သဖြင့် ခရိုင်ပြည်သူ့ဆေးရုံတွင် အတွင်းလူနာအဖြစ် တက်ရောက်ကုသလျက်ရှိကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်

အင်းစိန်မြို့နယ်၊ ရွာမအနောက် မီးလောင်မှုဖြစ်ပွား

ရန်ကုန်၊ ဇွန် ၁၁

မိုးဦးကာလ ၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ ဖန်စက်လမ်းခွဲ၊ အမှတ်(၇)၊ ခြံပိုင်ရှင် ဦးကြူခင်၏ ခြံအတွင်း ခြံစောင့် ဦးသန်းဇော်ဝင်း ၄၄ နှစ်၏ နေအိမ်၌ ဘုရားစင်တွင် အမွှေးတိုင်မီးထွန်းညှိပူဇော်ထားရာမှ အမွှေးတိုင်မီးမှာ နေအိမ်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျပြီး ကြမ်းပြင်ပေါ်တွင် ခင်းထားသော ဖယောင်းပုဆိုးသို့ မီးကူးစက်လောင်ကျွမ်းမှု ဇွန် ၈ ရက် နံနက် ၁၀ နာရီကျော်တွင် ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ်ငါးသောင်းခန့် ဖြစ်သည်။

မီးလောင်ရာသို့ အင်းစိန်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်တစ်စီးဖြင့် သွားရောက်မီးငြိမ်း သတ်ခဲ့ပြီး မီးလောင်မှုနှင့်ပတ်သက်၍ အင်းစိန်မြို့မရဲစခန်းမှ (ပ)၅၇၂/၂၀၁၄ ပုဒ်မ ၂၈၅ ဖြင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြင့်ဦး(အင်းစိန်)

ကျောက်ဆည်မြို့နယ်တွင် စပါးခင်းအချို့၌ ရွက်လိပ်ရွက်စားပိုးများကျရောက်

ရွက်လိပ်ရွက်စားပိုးများကျရောက်ခြင်းကြောင့် ပိုးသတ်ဆေးများပက်ဖျန်းပေးနေစဉ်။

ကျောက်ဆည်၊ ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် မင်းစုစံပြကျေးရွာနှင့် စပါးတောကျေးရွာကွင်းများရှိ စပါးခင်းများတွင် ရွက်လိပ်ရွက်စားပိုးများ ကျရောက်နေသောကြောင့် ပိုးသတ်ဆေးများ ပက်ဖျန်းပေးနေကြောင်း သိရသည်။

"အရင်နှစ်တွေတုန်းက ဒီနယ်ဘက်မှာရှိတဲ့ စပါးခင်းတွေမှာ အခုလို အဖျက်ပိုးတွေ မကျရောက်တာ ကြာပြီ။ ဒီနှစ်မှာ မိုးရွာသွန်းမှုနည်းပြီး မိုးခွာသွားလို့ ခုလို ရွက်လိပ်ရွက်စား ဖျက်ပိုးများကျရောက်ရခြင်း ဖြစ်ပါတယ်။ စပါးတစ်ပင်မှာ ဖျက်ပိုး ၁၀ ကောင်ကနေ ၁၈၊ ၁၉ကောင်အထိ ကျရောက်နေတာတွေ့ရပါတယ်။ ဒီပိုးတွေက အဖျက်စွမ်းအားကြီးပါတယ်။ ရွက်လိပ်ရွက်စားပိုးကျရောက်ပြီး သုံးရက်ကနေ တစ်ပတ်အတွင်း စပါးပင်တွေအားလုံး အရွက်တစ်ရွက်မှမကျန်တော့ဘဲ အရိုးပြိုင်းပြိုင်းကျသွားအောင် စားပစ်တတ်ပါတယ်"ဟု ယင်းဒေသရှိ စိုက်ပျိုးသူတစ်ဦးက ပြောသည်။

"အချိန်မီ ပိုးသတ်ဆေးမဖျန်းနိုင်ရင် စပါးခင်းတစ်ခုလုံး ဖွေးဖွေးလှုပ်သွားပြီး စပါးပင်တွေဟာ အနှံတွေ တစ်လစ်နဲ့ သေကုန်တတ်ပါတယ်။ မနေ့မနက်က စပါးခင်းထဲလှည့်ပတ်ကြည့်တော့ ဖျက်ပိုးတွေ ကျရောက်နေတာတွေ့လို့ ခုလိုချက်ချင်းဆေးဖျန်းရခြင်း ဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

"အသုံးပြုတဲ့ဆေးကလန်းဆတ် ၅၀၅ အီးစီ၊ ရေဖျော်ဆေးရည်ပိုးသတ်ဆေးဖြစ်ပါတယ်။စပါးအနှံ တွေထွက်ခါစ အနှံမအောင်သေးတဲ့အတွက် အခြေအနေက စိုးရိမ်ရတဲ့အနေအထားဖြစ်ပါတယ်။ တစ်ရက်နှစ်ရက် စောင့်ကြည့်လို့ အခြေအနေမဟန်ရင် စိုက်ပျိုးရေးဌာနကိုအကြောင်းကြားပြီး အကူအညီရယူသွားဖို့ စီစဉ်ထားပါတယ်"ဟု စပါးတော ကျေးရွာကွင်းမှ တောင်သူကြီးဦးဖိုးကြည်က ပြောသည်။

အောင်မင်း(စဥ့်ကိုင်)

ချမ်းမြေ့မေတ္တာလူမှုကူညီရေးအသင်း အဖွဲ့ဝင်များ၏ သားသမီးများကို ၂၀၁၄–၂၀၁၅ ပညာသင်နှစ်အတွက် ထောက်ပံ့ကြေးများပေးအပ်

စဥ့်ကိုင်၊ ဇွန် ၁၁

စဥ့်ကိုင်မြို့နယ်၊ ချမ်းမြေ့မေတ္တာလူမှုကူညီရေးအသင်း၏ လုပ်အားပေး အသင်းဝင်များဖြစ်ကြသော အလုပ်အမှုဆောင်အဖွဲ့အပါအဝင် ကြီးကြပ်သူ၊ ယာဉ်မှူးနှင့် အကူအသင်းဝင်များ၏ သားသမီးများအား ၂၀၁၄-၁၅ ပညာသင်နှစ်အတွက် နှစ်စဉ်ပေးအပ်မြဲဖြစ်သော ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို အဆိုပါစဥ့်ကိုင်မြို့နယ်၊ ချမ်းမြေ့မေတ္တာလူမှုကူညီရေးအသင်း တည်ရှိရာရုံးခန်း၌ ဇွန် ၈ ရက် နံနက် ၈ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားကို အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ခဲ့ကြပြီး အဖွဲ့ဝင်မိသားစုများမှ ကျောင်းသား ကျောင်းသူ ၂၆ ဦးတို့အား မူလတန်းအဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၅၀၀၀ နှုန်း၊ အလယ်တန်းဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၆၀၀၀ နှုန်း၊ အထက်တန်းဆင့် ကျောင်းသားတစ်ဦးလျှင် ကျပ် ၇၀၀၀ နှုန်းဖြင့်စုစုပေါင်း ငွေကျပ် တစ်သိန်းလေးသောင်းငါးထောင်ကျပ်တိတိကို ကျောင်းဝတ်စုံကြေးအဖြစ် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

နာရေးကိစ္စများတွင် တက်ကြွစွာလုပ်အားပေးခဲ့ကြသော ကြီးကြပ်သူ၊ ယာဉ်မှူးနှင့် အကူလုပ်အားပေးအဖွဲ့ဝင် ၅၃ ဦးတို့အား တစ်ဦးလျှင် တစ်တင်းခွဲဝင် ဧရာပဒေသာဆန်အိတ်တစ်အိတ်စီ ဂုဏ်ပြုပေးအပ်ခဲ့ကြောင်း သိရသည်။

"ချမ်းမြေ့မေတ္တာလူမှုကူညီရေးအသင်းဟာ စဥ့်ကိုင်မြို့ပေါ်ရပ်ကွက်များအားလုံးနဲ့ အနီးပတ်ဝန်းကျင်ကျေးရွာများက နာရေးကူညီမှုအသင်းမရှိသေးတဲ့ ကျေးရွာအားလုံးကို ကိုယ်စားပြုပါတယ်။ မြို့ပေါ်ရပ်ကွက်တစ်ခုတည်းကို ကိုယ်စားပြုတဲ့ အဖွဲ့မဟုတ်ပါဘူး။ ယခုလောလောဆယ် လူနာတင်ယာဉ်နှစ်စီးနဲ့ နာရေးယာဉ်နှစ်စီးရှိပါတယ်။ ဒီကားလေးစီးကိုကြီးကြပ်သူ၊ ယာဉ်မောင်းနဲ့ အကူညလုပ်အားပေးအဖွဲ့ဝင် ၅၃ ဦးက အလှည့်ကျတာဝန်ယူပြီး ကိုယ်ကျိုးမဖက်၊ မေတ္တာရှေ့ထားပြီး ဆောင်ရွက်ခဲ့ကြပါတယ်။ စဥ့်ကိုင်မြို့နယ်ဟာ မန္တလေးတိုင်းမှာ ယာဉ်မတော်တဆမှု ၁၀ ကြိမ်မှ အကြိမ် ၂၀ အတွင်း ပျမ်းမျှ ဖြစ်ပေါ်လေ့ရှိပါတယ်"ဟု အသင်းဒုဥက္ကဋ္ဌ ဦးမောင်မောင်မှ ယင်းအခမ်းအနား၏ အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

"အခုဆိုရင် အသင်းတည်ထောင်လာခဲ့တာ ခြောက်နှစ်ပြည့်တော့မှာဖြစ်ပါတယ်။ ဒီကာလတွေအတွင်းမှာ နာရေးနဲ့ ယာဉ်မတော်တဆမှုတွေ ဆေးရုံလူနာအရေးပေါ် ပို့ဆောင်မှုတွေ မရေမတွက်နိုင်အောင် ကြိုးစားလုပ်ဆောင်ခဲ့ကြတဲ့ အသင်းဝင်တွေအပေါ် တတ်နိုင်သမျှ ကူညီထောက်ပံ့ပေးနိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

အောင်မင်း(စဥ့်ကိုင်)

MYANMAR THAMES INTERNATIONAL (MTI)
Diploma In Business (L4DB)
2nd Floor, Myay Ni Gone Plaza, Tel: 525871,706740,501450,0973147379

Money Minded ANZ

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ရှိ ပရိယတ္တိ သာသနာ့နုဂ္ဂဟစာမေးပွဲ (မဟာသမယနေ့) တွင် စာအောင်ပူဇာသဘင် ကျင်းပ

မကွေး၊ ဇွန် ၁၁

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ မြို့မဈေးကြီးလမ်း၊ နေ့စဉ်သံယာ့ဒါနဆွမ်းလောင်းဓမ္မဗိမာန်တွင် ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်(မဟာသမယနေ့)၊ ဇွန် ၁၂ ရက်တွင် စာအောင်ပူဇာသဘင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပရိယတ္တိသာသနာ့နုဂ္ဂဟစာမေးပွဲစာအောင်ပူဇာသဘင်ကို မကွေးမြို့ပေါ်ရှိ စာသင်တိုက် အသီးသီးက ဦးစီးပဓာနနာယကဆရာတော်များ၊ ဂဏ္ဍဝါစကဆရာတော်များနှင့် စာချဆရာတော်များ၏ ကြီး ကြပ်ကွပ်ကဲမှုကိုခံယူပြီး မကွေးပရိယတ္တိသာသနာ့နုဂ္ဂဟစာမေးပွဲ စာအောင်ပူဇာသဘင် ဒသမအကြိမ်မြောက်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပညာဂုဏ်ကိုအာရုံပြုလျက် အလှူရှင်များလှူဒါန်းရသောကြောင့် မိမိနှင့်မိမိတို့၏ သားသမီးများပညာရည်မြင့်မားပြီး ဘဝအဆင့်မြင့်သထက်မြင့်နိုင်စေရန် ရည်မှန်း၍ သဒ္ဓါထက်သန် စွာ လှူဒါန်းကြကြောင်းသိရသည်။

နေ့စဉ်သံဃာ့ဒါနဆွမ်းလောင်းအသင်းသည် စာသင်သားရဟန်းတို့၏ ပရိယတ္တိအခြေခံ၊ သဒ္ဒါ၊ သင်္ဂြိုဟ်ကို ပိုင်နိုင်သိမြင်စေရန် မြတ်စွာဘုရား၏ ပိဋကတ်သုံးပုံတွင် အခက်ခဲဆုံးဖြစ်သော အဘိဓမ္မာဘာသာရပ်ကိုလည်း တတ်သိကျွမ်းကျင်စေရန်အတွက် သဒ္ဒါသင်္ဂြိုဟ်(အခြေခံ)အဆင့်မြင့်နှင့် အဘိဓမ္မာညဝါ(ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်)စာမေးပွဲများကို ကျင်းပလျက်ရှိကြောင်းသိရသည်။

အပူဇော်ခံသာသနာ့အာဇာနည်(အခြေခံတန်း၊ အဆင့်မြင့်တန်းသင်ရိုး အဘိဓမ္မာညဝါ(ပထမဆင့်) သင်ရိုး အဘိဓမ္မာညဝါ (ဒုတိယဆင့်)၊ သင်ရိုး အဘိဓမ္မာညဝါ(တတိယဆင့်) စာအောင်သံယာစုစုပေါင်း ၇၇ ပါးရှိကြောင်း ဇွန် ၁၂ ရက် (မဟာသမယနေ့) နယုန်လပြည့်နေ့တွင် ကျင်းပမည်ကြောင်း သိရသည်။

ကောင်းသုတ(မင်းဘူး)

ကျောက်ဆည်မြို့နယ်မှ တောင်သူဦးကြီးများ ဆီထွက်သီးနှံ နှမ်းများ စတင်ရိတ်သိမ်းလျက်ရှိ

ကျောက်ဆည်၊ ဇွန် ၁၁

၂၀၁၄ ခုနှစ် နှမ်းစိုက်ရာသီ၌ ကျောက်ဆည်မြို့နယ်တွင် မိုးမှန်မှန်ရွာသွန်းမှုကြောင့် နှမ်းခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ယခုအခါ တောင်သူဦးကြီးများသည် စတင်ရိတ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။

ရာသီချိန်အစပွဲရုံများ၏ အဖွင့်ဈေးမှာ နှမ်းကောင်းလျှင် ကောင်းသလို နှမ်းတစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ မှ ၅၅၀၀၀ အထိ ဈေးပေးဝယ်ယူနေကြောင်း၊ တစ်ဧကလျှင် ရှစ်တင်းမှ ၁၄၊ ၁၅ တင်းကြားထွက်ရှိကြကြောင်း၊ နှမ်းရိတ်နှမ်းသိမ်းချိန်ဖြစ်၍ လောလောဆယ် မိုးမရွာစေလိုကြောင်း၊ မိုးရွာလျှင် နှမ်းသိမ်း နှမ်းယူရာ၌ အနှောင့်အယှက်ဖြစ်စေပြီး လေလွင့်ဆုံးရှုံးမှုများ ကြုံရတတ်ကြောင်း၊ ဒေသတွင်းတောင်သူအများစုမှာ အထွက်တိုးနှမ်းမျိုးများကို စိုက်ပျိုးထားကြကြောင်း သိရသည်။

"နှမ်းအထွက်နှုန်း ခန့်မှန်းရာမှာ နှမ်းတစ်ပင်လုံးမှာ သီးတဲ့ အသီးတွေထဲကအောက်ခြေအသီးလေးဆင့်ကိုဖယ်၊ အဖျားပိုင်းက မအောင်သေးတဲ့ အထက်သီးလေးဆင့်ငါးဆင့်ကိုပယ်ပြီးအလယ်မှာ သီးတဲ့သီးဆင့်အရေအတွက်ကို အအောင်ထားပြီး တွက်ယူရပါတယ်အလယ်သီးအဆင့် ၁၄ဆင့်သီးရင်ဒီနှမ်းခင်းဟာတစ်ဧကကိုကိုးတင်းနှုန်းရဲ့အထက်မှာထွက်မယ်လို့ခန့်မှန်းလို့ရပါတယ်"ဟု နှမ်းစိုက်တောင်သူ တစ်ဦးက ပြောသည်။

အောင်မင်း(စဉ့်ကိုင်)

နေပြည်တော် ဥတ္တရသီရိမြို့အတွင်း ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လူသွားစင်္ကြံလမ်း ပလက်ဖောင်းကပ်တုံးများ ပြုလုပ်ဆောင်ရွက်

နေပြည်တော်၊ ဇွန် ၁၁

နေပြည်တော်ကောင်စီနယ်မြေအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၄ ခုနှစ်၊ ဇွန်လမှစတင်၍ ဥတ္တရသီရိမြို့အတွင်း လမ်းများတွင် အကျယ်လေးပေရှိ ပလက်ဖောင်းကပ်တုံးများ ပြုလုပ်ဆောင်ရွက်မှုကို နေပြည်တော်စည်ပင်သာယာရေး အင်ဂျင်နီယာဌာန(လမ်း/တံတား)က ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးထံမှ သိရပြီး ရာနှုန်းပြည့်ပြီးစီးသည့်လမ်းအပိုင်းများကို တွေ့ရသည်။ **ကျော်သူရ**

သတင်းတို

ဘူတာအရောက် ရထားပေါ်မှ ခြေချော်ကျသူ ပွန်းပဲ့ဒဏ်ရာများရရှိ

အလုံမြို့နယ်၊ ကရင်ခြံရပ်ကွက်၊ အလုံလမ်းဘူတာ၌ ဇွန် ၉ ရက် ည ၇ နာရီခွဲက ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့ မောင်းနှင်လာသော မြို့ပတ်ရထားသည် အလုံလမ်းဘူတာအရောက် ရပ်နားစဉ် ရထားတွင် စီးနင်းလိုက်ပါလာသည့် ဦးဝင်းလှိုင် ၄၆ နှစ် အမှတ်/၇၉ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံ မြို့နယ်နေသူသည် ရထားပေါ်မှ ချော်ကျသွားသဖြင့် ကျောကုန်းပေါက်ပြဲ၊ခြေသလုံးပေါက်ပြဲ(မစိုးရိမ်ရ)ဒဏ်ရာများရရှိသဖြင့် အလုံမြို့မရဲစခန်းမှ ရန်ကုန်အနောက်ပိုင်းပြည်သူ့ဆေးရုံသို့တင်ပို့ပေးခဲ့ကြောင်း သိရသည်။

တင်မောင်ဦး(အလုံ)

မန္တလေးမြို့ရှိ SME လုပ်ငန်းများအတွက် ချေးငွေ လျှောက်လွှာများ ဇွန် ၂၅ ရက်ထိ လက်ခံသွားမည်

မန္တလေး၊ ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ SME အသေးစားနှင့် အလတ်စားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်အတွက် ချေးငွေထုတ်ပေးမည့် လျှောက်လွှာများကို ဇွန် ၂၅ ရက်အထိ စက်မှုကြီးကြပ်မှု လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုရေးရာဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

နိုင်ငံတွင်း SME အသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းများ တိုးတက်စေရန်အတွက် နိုင်ငံတော်အစိုးရမှ ယခု နှစ်တွင် ငွေကျပ် ဘီလီယံ ၂၀ ထုတ်ချေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ငွေကျပ်တစ်ဘီလီယံရရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့က ချေးငွေစိစစ်ရေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းပေးထားတယ်။ အဲဒီကော်မတီက လျှောက်လွှာတင်ထားတဲ့လုပ်ငန်းတွေကို အမှန်တကယ်ချေးငွေလိုအပ်လား၊ ချေးငွေထုတ်ချေးလိုက်ရင် လုပ်ငန်းတိုးသွားနိုင်လား၊ တကယ်လက်ရှိလုပ်ကိုင်နေတဲ့ လုပ်ငန်းလားဆိုတာကို ကွင်းဆင်းစစ်ဆေးမှာပါ။

"သူတို့ စစ်ဆေးပြီးတဲ့အချက်တွေကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဆီ တင်ပြမယ်။ အဲဒီအခါအစိုးရအဖွဲ့က စိစစ်ပြီးထောက်ခံပေးမယ်။ အားလုံးပွင့်လင်းမြင်သာအောင် ဆောင်ရွက်သွားမှာပါ။လက်သင့်ရာခေါ်သလိုမျိုးမဖြစ်စေရဘူး" ဟု မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုရေးရာဝန်ကြီး ဦးကျော်မြင့်က ပြောသည်။

ယခုလို ချေးငွေထုတ်ချေးပေးရာတွင် လုပ်ငန်းတစ်ခုအား ငွေကျပ်သိန်း ၅၀၀၀ ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်ထားပြီး တစ်နှစ်လျှင် အတိုးနှုန်း ၈ ဒသမ ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်သည့်အပြင် စက်မှုလက်မှုလုပ်ငန်းများ အများဆုံးရှိသော မန္တလေးတိုင်းဒေသကြီးအတွက် မူလရရှိထားသည့် ချေးငွေတစ်ဘီလီယံရှိကြောင်းဎင်းက ဆက်လက်ပြောသည်။

ထို့ပြင် ထပ်မံ၍ နှစ်ဘီလီယံ ထုတ်ချေးပေးနိုင်ရန် တင်ပြထားကြောင်း ဎင်းကထပ်မံရှင်းပြသည်။

မြန်မာနိုင်ငံအတွင်း အသေးစားနှင့်အလတ်စား စက်မှုလက်မှုလုပ်ငန်းSME လုပ်ငန်းပေါင်း ခြောက်သောင်းခန့်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် တရားဝင်မှတ်ပုံတင်ထားသည့် အသေးစား၊ အလတ်နှင့် အကြီးစားစက်မှုလက်မှုလုပ်ငန်းပေါင်း ၇၄၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တင်မောင်ဦး

ပညာရေးဆောင်းပါး

ပြောင်းလဲလာသည့်ပညာရေးစနစ်အား ချိန်ညှိခြင်း

à cifrmifX;(ynma&;)

တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်စာရင်းများ ကြိုတင်ကြေညာထားသည့်အတိုင်း ဇွန် ၇ ရက်တွင် ထွက်ရှိလာသည်။ အောင်မြင်သူများ၊ ဂုဏ်ထူးရရှိသူများ ပျော်မဆုံးမော်မဆုံးဖြစ်ကြ၏။ ရှုံးနိမ့်သူများ မှိုင်သူမှိုင် ငိုင်သူငိုင်၊ ငိုသူငို ယိုသူယို။

စင်စစ်ဘဝခရီးလမ်းကို လျှောက်လှမ်းရာတွင်လည်း အမြဲတမ်း အနိုင်ရနေသည်မဟုတ်။ ရှုံးနိမ့်ရသည့် အခါများလည်းရှိ၏။ ရှုံးနိမ့်တိုင်းလည်း စိတ်ဓာတ်ကျစရာမဟုတ်ပါ။ "လေတိုက်တိုင်းသာ၊ ရွက်ကြွေပါမူ၊ ဘယ်မှာသစ်ရွက်ကျန်မည်နည်း။ ရေတိုက်စားတိုင်းသာ ကမ်းပြိုပါမူ ဘယ်မှာမြေသားကျန်မည်နည်း။ ကျရှုံးတိုင်းသာ ငိုရပါမူ ဘယ်မှာမျက်ရည်ကျန်မည်နည်း" ဆိုသကဲ့သို့ပင်။ ဆုံးရှုံးမှုနှင့်ကြုံရသည့်အခါတိုင်း မလျှော့သောဖွဲလုံ့လ၊ ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် မိမိ၏လိုအပ်ချက်၊ အားနည်းချက်များကိုရှာကာ အချိန်မီ အခါမီ ပြုပြင်လိုက်လျှင် ဆုံးရှုံးခြင်းမှသည် အောင်မြင်မှုဆီသို့ တက်လှမ်းနိုင်မည်သာဖြစ်သည်။

ယခုနှစ်၏ တစ်နိုင်ငံလုံးအောင်ချက်ကို ယေဘုယျသုံးသပ်ရလျှင် ၃၀ ရာခိုင်နှုန်း ဝန်းကျင်တွင်သာ ရှိသည်ကိုတွေ့ရ၏။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ကြည့်လျှင် မွန်ပြည်နယ်သည် အောင်ချက်ရာနှုန်း အကောင်းဆုံးဖြင့် လေးနှစ်ဆက်တိုက် ပထမနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ထို့နောက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီ၊ ရန်ကုန်တိုင်းဒေသကြီးတို့ အသီးသီးရပ်တည်နိုင်ခဲ့ကြသည်ကို တွေ့ရ၏။ မြို့နယ်များနှင့် ကျောင်းအလိုက်အောင်ချက်ရာနှုန်းများ၊ ဂုဏ်ထူးအရေအတွက်များကို ကြည့်လျှင် ကွဲပြားနေကြမည်သာဖြစ်သည်။

စင်စစ်တက္ကသိုလ်ဝင်တန်း စာမေးပွဲသည် အခြေခံကျောင်းသား၊ ကျောင်းသူများ၏ ဘဝလမ်းခွဲကို အဓိက ဆုံးဖြတ်ပေးရာနေရာပင်ဖြစ်သည်။ အကြောင်းမှာ တက္ကသိုလ်ဝင်တန်းစာမေးပွဲ ရမှတ်ဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ အသက်မွေးဝမ်းကျောင်း၊ တက္ကသိုလ်၊ ကောလိပ် စသည်တို့ကို ခွဲခြားနိုင်ခြင်းကြောင့်ပင်ဖြစ်သည်။ လက်ရှိအနေအထားတွင် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းကို စစ်ဆေး အကဲဖြတ်ရာတွင်လည်း စာမေးပွဲထက်ကောင်းသည့် စနစ်မျိုးမရှိသေးပါ။

ယခုကျင်းပနေသည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲသည် အခြေခံပညာ ကျောင်းသား၊ ကျောင်းသူ များအတွက် တစ်ခုတည်းသော အစိုးရစစ်စာမေးပွဲဖြစ်သည်။ ဆိုလိုသည်မှာ သူငယ်တန်းမှ နဝမတန်းအထိ ကျောင်းစစ်စာမေးပွဲဖြစ်သည်။ တက္ကသိုလ်ဝင်တန်းရောက်မှသာ အစိုးရစစ်စာမေးပွဲနှင့် တွေ့ရခြင်းဖြစ်ရာ မျှော်မှန်းထားသည်ထက် လျော့နည်းကာ ပညာရေးအဟောသိကံဖြစ်မှုများလည်း ရှိသည်ကို တွေ့နိုင်ပါသည်။

သို့ဖြစ်၍ ယခုပညာသင်နှစ်မှစ၍ စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲများအား ရှေးယခင်က စစ်ဆေးခဲ့သည့်အတိုင်း အစိုးရစစ် (ဝါ) ဘုတ်စစ်စာမေးပွဲများအဖြစ် ကျင်းပရန် စီစဉ်လျာထားလျက်ရှိကြောင်း သိရ၏။ ဤသို့ဖြင့် တက္ကသိုလ်ဝင်တန်းမရောက်မီ အဆင့်နှစ်ဆင့်တွင် ကျောင်းသား၊ ကျောင်းသူများ၏ အရည်အချင်းအား စစ်ထုတ်နိုင်တော့မည်ဖြစ်၏။

လွန်ခဲ့သည့် စာသင်နှစ်များအတွင်း ကျောင်းတွင်းစာမေးပွဲ၏ အောင်ချက်များကို

ပုဂ္ဂလိကကျောင်းများ၏ အောင်ချက်ရာခိုင်နှုန်းကိုကြည့်လျှင် အစိုးရ . . .

လေ့လာရာတွင် ထူးခြားမှုရှိလာသည်ကို တွေ့ရ၏။ ယင်းမှာ အခြားမဟုတ်၊ အတန်းကြီးများ အထူးသဖြင့် အဋ္ဌမတန်း၊ နဝမတန်းစာမေးပွဲများတွင် ကျရှုံးသူအရေအတွက် သိသိသာသာများ လာခြင်းပင်ဖြစ်သည်။ နာမည်ကြီးကျောင်းများတွင်လည်း အလားတူအခြေအနေမျိုးတွေ့ရ၏။

ဆိုရလျှင် လွန်ခဲ့သည့် လေး၊ ငါးနှစ်ခန့်က အောင်ချက်ရာနှုန်းများနှင့် နှိုင်းယှဉ်ကြည့်လျှင် သိသာနိုင်သည်။ ယင်းနှစ်များက ကျောင်းစစ်စာမေးပွဲများတွင် ကျရှုံးသူမရှိသလောက်နည်းပါး၏။ အချို့ကျောင်းငယ်များဆိုလျှင် အောင်စာရင်းပင် ကပ်စရာမလို၊ အောင်စာရင်းထွက်သည့်နေ့တွင် ကျောင်းသင်ပုန်းတစ်ခုတွင် "အတန်းအသီးသီးမှ ဖြေဆိုသူအားလုံးအောင်မြင်သည်"ဟူ၍ စာတစ်ကြောင်းတည်း ရေးလိုက်သည်များလည်း ရှိ၏။

ဤသို့ကျရှုံးသူမရှိ အောင်မြင်လာခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများမှာ တစ်တန်းပြီးတစ်တန်း အတန်းများတက်လာသော်လည်း ယင်းအတန်းအသီးသီးတွင် ကြေညက်ရမည့်စာများမှာ မကြေညက်ခဲ့။ ဤသို့ဖြင့် အတန်းကြီးများသို့ရောက်ရှိလာ၏။ တက္ကသိုလ်ဝင်တန်းအရောက်တွင် အစိုးရစစ်နှင့် တွေ့သောအခါ မရှုနိုင်မကယ်နိုင်နှင့် ကျရှုံးသူဦးရေများပြားလာကာ တစ်ကြိမ်နှစ်ကြိမ်ကျရှုံးရုံကာမျှနှင့် ကျောင်းမှထွက်ခွာသွားကြသူများလည်း အများအပြားတွေ့ရှိနိုင်လေသည်။ ယင်းသို့သော မျိုးဆက်များကား ယနေ့တိုင် ကျန်ရှိနေဆဲဖြစ်၏။

ယခုကဲ့သို့ စတုတ္ထတန်းနှင့် အဋ္ဌမတန်းကို စစ်ဆေးမည့် ပုံစံပြောင်းလိုက်ခြင်းဖြင့် မိဘများကလည်း မိမိတို့၏ သားသမီးများကို ပေါ့ပေါ့ဆဆ လွှတ်ထား၍ မရတော့သည်ကို သိမြင်လာကြသည်။ သားသမီးအရေး တတ်နိုင်သမျှ အလေးထားလာကြသည်ကိုလည်း တွေ့ရ၏။

ဆိုရလျှင် အခြေခံပညာကျောင်းများက ကျရှုံးသူမရှိ အနေအထားမှ အရည်အချင်းမပြည့်မီသူများကို တဖြည်းဖြည်း စစ်ချနေသည်ကိုတွေ့ရသည်။ ဤသို့ အတန်းအသီးသီးတွင် အရည်အချင်းပြည့်မီသူများကိုသာ အောင်မြင်စေခြင်းဖြင့် အစိုးရစစ်စာမေးပွဲနှင့် တိုက်ရိုက်ထိတွေ့ရမည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အရည်အချင်းပြည့်ပြည့် အောင်ချက်ကောင်းကောင်းဖြင့် အောင်မြင်ကြမည်သာဖြစ်သည်။ ယခုစီမံဆောင်ရွက်နေသည့် စတုတ္ထတန်းနှင့် အဋ္ဌမတန်းစာမေးပွဲ စစ်ဆေးမှုပုံသဏ္ဌာန်ပြောင်းလဲခြင်းက တက္ကသိုလ်ဝင်တန်းစာမေးပွဲအတွက် ကြိုတင်လေ့ကျင့်ခြင်းပင်ဖြစ်ပါသည်။

ယခုအခါတွင် အစိုးရကျောင်းများနှင့်အတူ ပုဂ္ဂလိကကျောင်းများလည်း ပေါ်ထွန်းနေပြီဖြစ်၏။ ယင်းပုဂ္ဂလိကကျောင်းများ၏ အောင်ချက်ရာခိုင်နှုန်းကိုကြည့်လျှင် အစိုးရကျောင်းများနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ကိုတွေ့ရ၏။ အစိုးရကျောင်းများက အရည်အချင်းမပြည့်မီသူများကို အတန်းချသည့် အနေအထားမျိုးတွင် ပုဂ္ဂလိကကျောင်းများက ကျရှုံးသူမရှိသလောက် အောင်စာရင်းများ ထုတ်ပြန်နေသည်ကိုတွေ့ရ၏။ ပညာမလို အတန်းတက်ရမှုကိုသာလိုသော မိဘများလည်း ပုဂ္ဂလိကကျောင်းများတွင် အပြေးအလွှားအပ်နှံနေကြသည်ကိုတွေ့ရ၏။

စင်စစ်ပုဂ္ဂလိက ကျောင်းများသည်လည်း ပညာရေးဝန်ကြီးဌာန၏ လက်အောက်တွင်ရှိသည့် အခြေခံပညာသင်ကျောင်းများကဲ့သို့ပင် စာမေးပွဲစစ်ဆေး၍ အောင်စာရင်းများ ထုတ်ပြန်ကြေညာနေရသည်ဖြစ်ရာ ကျရှုံးသူမရှိ အောင်ချက်များ ထုတ်ပြန်နေမှုအပေါ် ပြန်လည်လေ့လာသုံးသပ်ရန် လိုအပ်လာပြီဖြစ်သည်။ အတန်းတိုင်းတွင် "မအောင်မရှိ ငါတပည့်" မူဖြင့် လက်ခံသင်ကြားနေကြလျှင် မလိုလားအပ်သော ပညာရေးအဟောသိကံဖြစ်မှုများ မြင့်မားနေဦးမည်ဖြစ်သည်။

ထို့ကြောင့် ပုဂ္ဂလိကကျောင်းများသည်လည်း အစိုးရကျောင်းများကဲ့သို့ အရည်အချင်းပြည့်မီသူများကိုသာ အတန်းတင်ပေးသည့်စနစ်ကို ကျင့်သုံးသင့်သည်။ ထို့အတူ တပည့်များ၏ အရည်အသွေးမြင့်မားလာအောင်လည်း အဘက်ဘက်မှ ဝိုင်းဝန်း ကြိုးပမ်းကြရမည်ဖြစ်သည်။ သို့မှသာ ယင်းကလေးများသည် တက္ကသိုလ်ဝင်တန်းဟူသည့် အစိုးရစစ် စာမေးပွဲနှင့် ရင်ဆိုင်ရသည့်အခါ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုနှင့်အတူ အောင်မြင်မှုရနိုင်ပေလိမ့်မည်။ မိမိတို့မျှော်မှန်းသည့် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ပေလိမ့်မည်။ ဤသည်မှာ အောင်ချက်ထိန်းညှိနိုင်ရေးနှင့် တိုက်ရိုက်အချိုးကျနေလိမ့်မည်ဟု တွေးဆမိသည်။

ပြည်သူ့ကျန်းမာရေးအတွက် ကွင်းဆင်းဆောင်ရွက်

ရန်ကုန်၊ ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ် ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးမှူး၊ ဒေါက်တာဒေါ်မိမိခိုင်၊ ကျန်းမာရေးမှူးအဆင့်(၁)ဦးတင့်လွင်နှင့် ကျန်းမာရေးဝန်ထမ်းများသည် ဇွန် ၆ ရက်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ထိရောက်စွာ ဆေးကုသမှုခံယူရရှိစေရန်အတွက် အနောက်သံခင်း ရပ်ကွက်ကြီး၊ ဒေသန္တရ ၂၃/ရပ်ကွက်ကြီး၊ ကျန်းမာရေးဌာနခွဲလှော်ကား၊ ၂၁/ရပ်ကွက်၊ ကျန်းမာရေးဌာနခွဲ၊ လိန်ကုန်း၊ ကျန်းမာရေးဌာနခွဲ၊ ဘုံရှည်ကုန်း၊ ဆေးခန်းများသို့ အခမဲ့ ကိုယ်ဝန်ဆောင်မိခင်၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်၊ မိဘပြည်သူများအားဆေးကုသပေးနေမှုကို ကွင်းဆင်း စစ်ဆေးခဲ့သည်။

ဇွန် ၇ ရက်တွင် မိုးရာသီတွင်ဖြစ်ပေါ်လာမည့် သွေးလွန်တုပ်ကွေးရောဂါနှင့် ဝမ်းပျက်ဝမ်းလျှော၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန်၊ ကျန်းမာရေးဆရာမများ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူး၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး၊ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ မြို့နယ်ကျန်းမာရေးဦးစီးမှူး၊ ဒေါက်တာဒေါ်မိမိခိုင် ဦးဆောင်ကာ ရပ်ကွက်အတွင်း အိမ်များရှိရေစည်၊ ရေကန်များသို့ စနစ်တကျ အဘိတ်ဆေးများခတ်ပေးကာ ကျန်းမာရေးပညာပေးဟောပြောပွဲများပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သားစိန်ဒိုင်း**

၂၀၁၄ အလုပ်အကိုင်ရှာဖွေပွဲတွင် အလုပ်လျှောက်ထားသူ ၇၀၀ ကျော်အလုပ်ခန့်

မန္တလေး၊ ဇွန် ၁၁

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ Asia Speed General Service Co,Ltd နှင့် ထီးလှိုင်ရှင် Business Group Essential Employment Agencies တို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၄ အလုပ်အကိုင်ရှာဖွေပွဲ(မန္တလေး)ကို ဇွန် ၇ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ပြီးပြည်တွင်းပြည်ပကုမ္ပဏီ ၃၃ခုက ပြခန်းများဖွင့်လှစ်ကာ လျှောက်လွှာခေါ်ယူကြကြောင်း သိရသည်။

၂၀၁၄ အလုပ်အကိုင်ရှာဖွေပွဲ(မန္တလေး)ကို အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က ဖွင့်လှစ်ပေးပြီး ဇွန် ၇ ရက်နှင့် ၈ ရက်များတွင် အလုပ်အကိုင်ရှာဖွေပွဲ၌ ကုမ္ပဏီပေါင်း ၃၃ ခုသို့ အလုပ်လာရောက်လျှောက်ထားသူ ၁၆၅၈ ဦးရှိပြီး ၎င်းတို့အနက်မှ ၇၀၀ ကျော်ကို နေ့ချင်းပြီး အလုပ်ခန့်ထားပေးကာ ကျန်ရှိသူများကိုလည်း စိစစ်ရွေးချယ်၍ ဆက်လက်ခန့်ထားပေးသွားမည်ဖြစ်သည်။

အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေပွဲများကို မန္တလေးမြို့တွင် လေးကြိမ်ကျင်းပခဲ့ပြီး ၆၂၀၉ ဦးကို အလုပ်အကိုင်ရရှိအောင်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းသိရသည်။ **မောင်ပြည်သူ(မန္တလေး)**

ဝိဇာတပူဇာမင်္ဂလာ
ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်းကျေးရွာ၊ မင်္ဂလာတိုက်ဦးစီးပဓာန နာယက ဆရာတော် ဦးသုမင်္ဂလ(ဒယ်အိုး) အရှင်သူမြတ်၏ "ဝိဇာတပူဇာ" မင်္ဂလာကို တပည့်ဒါယကာ-ဒါယိကာမတို့က ညီညာပေါင်းစု မြတ်ကောင်းမှုကို သံဃာဂုဏ်ရည်မှန်း လှူဒါန်းလိုပါသဖြင့် အတူတကွ ပါဝင်ကုသိုလ်ယူနိုင်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ဝိဇာတပူဇာမင်္ဂလာအစီအစဉ်

ကျင်းပမည့်နေ့ရက် - (၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်)၊ ၁၆-၆-၂၀၁၄ ရက်(တနင်္လာနေ့)
ကျင်းပမည့်အချိန် - နံနက် ၈း၃၀ နာရီ
ကျင်းပမည့်နေရာ - "မင်္ဂလာတိုက်" ဘုရားလမ်းကျေးရွာ၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဝိဇာတပူဇာအကြိုတရားအလှူတော်

ဘဒ္ဒန္တ ပညာသီဟ (ရွှေညဝါ) - ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်နေ့ ၁၂-၆-၂၀၁၄ရက် (ကြာသပတေးနေ့)
ဘဒ္ဒန္တ ဒေါက်တာအာသဘ (ရွှေဝါဝင်း) - ၁၃၇၆-ခုနှစ်၊ နယုန်လပြည့်ကျော်(၁)ရက် ၁၃-၆-၂၀၁၄ရက် (သောကြာနေ့)
ဘဒ္ဒန္တ ဥတ္တမ (သစ္စာရွှေစည်) - ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော်(၂)ရက် ၁၄-၆-၂၀၁၄ရက် (စနေနေ့)
ဘဒ္ဒန္တအဂ္ဂီသ (ပါဠိကာရီ) - ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော်(၃)ရက် ၁၅-၆-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ဘဒ္ဒန္တဦးသုမင်္ဂလ (ဒယ်အိုး) - ၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော်(၄)ရက် ၁၆-၆-၂၀၁၄ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန် - ညစဉ် ၇း၃၀ နာရီ
ကျင်းပမည့်နေရာ - "မင်္ဂလာတိုက်"ဘုရားလမ်းကျေးရွာ၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့နေ ဦးညီညီ(Chief Engineer)- ဒေါ်ခင်ချိုဆက်တို့၏ သား **မောင်ညီလင်းထက် (ဆဒဂ-၁၃၉)** အထက(၁)ဒဂုံသည် အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ (ငါးဘာသာဂုဏ်ထူး)ဖြင့် ၂၀၁၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သောကြောင့် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။ ဘဝတစ်လျှောက်လုံး အောင်မြင်မှုများ ဆက်လက်ပိုင်ဆိုင်နိုင်ပါစေ။

ဘိုးဘိုး ဦးသန်းအောင် (ရှေးဟောင်းအင်ဂျင်နီယာ)-ဘွားဘွား ဒေါ်ငွေ
ဦးဦး စိုင်းအောင်ညွှန့်ထွေး(ဆရာစိုင်း-ကိုင်ပိုင်သင်တန်း)-အန်တီနီနီ
(အမှတ်-၄၊ မူလွန်၊ ချမ်းအေးသာစံ)
အစ်ကိုကြီး-ငြိမ်းချမ်းကိုကို၊ သီတာစိမ်းလဲ့ခြံ၊ နယူးစီဗွီလိုင်း၊ မန္တလေးမြို့။

ဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေးမြို့နေ ဦးသူရ(ကျောင်းအုပ်ကြီး-ငြိမ်း)၏ မြေး၊ ဦးသိန်းဟန်- ဒေါ်တင်တင်နိုင် (အင်ဂျင်နီယာမှူး-စက်မှု၊ ပ-ဆ-င-မန္တလေး)၏သမီး၊ မောင်ဝေမင်းဟန် 1st B.Tech (Civil)၏ ညီမ **မအိမိုမိုဟန် (မနတ-၁၂၆၂)** သည် ၂၀၁၂-၂၀၁၃ ခုနှစ် စာမေးပွဲတွင် (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ငါးဘာသာ ဂုဏ်ထူးဖြင့် အောင်မြင်ပါသဖြင့် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

တီတီကြီး-ဒေါ်ခင်မေဦး
အလပြ၊ အထက(၁၃)၊ မန္တလေးမြို့။

GL

July 10
July 10
July 10
July 10
July 10
July 10,19
July 11,20

Ks-34000

မီး သတိပြု

တိုက်ခန်းရောင်းမည်

မရမ်းကုန်းမြို့နယ်၊ သမိုင်းလမ်းဆုံ အနီး၊ ရဲရန်အောင်လမ်း၊ (၃) ရပ်ကွက်ရှိ တိုက်အသစ်၊ နေထိုင်ရန် အသင့် ပြင်ဆင်ပြီး၊ ပေ (၁၂½ ×၅၅)၊ ရေမီးစုံ၊ ဒုတိယထပ်၊ ရှေ့နောက် ဝရန်တာ၊ ထောင့်ခန်း၊ အိပ်ခန်း ၂ ခန်း ပါ တိုက်ခန်းအားရောင်းမည်။

ဆက်သွယ်ရန် ဖုန်း-၀၉ ၄၉၃၁၈၁၂၉

အမည်ပြောင်း

အဖ ဦးမြင့်လွင်ဦး၏ သားနှင့်သမီး မောင်တင်ဦးဝင်း [၁၂/ကမရ(နိုင်) ၀၆၀၈၅၉] အား မောင်ဇွန်မိုးရည်ထွဋ် ဟုလည်းကောင်း၊ မဇာလီနှင်း [၁၂/ကမရ(နိုင်) ၀၆၀၉၀၀] အား မဇွန်သျှမ်း မြတ်ဝသုန်ခြယ်ဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

STI MYANMAR UNIVERSITY

STI Myanmar University နှင့် The Open University of Hong Kong (OUHK)/ SKU

(က) Bachelor of Business Administration (BBA)
- Management

(ခ) Bachelor of Engineering (BE)
- Civil and Architectural Engineering
- Electronic Engineering

(ဂ) Bachelor of Beauty Art (BA)
- Beauty Design
- Beauty Therapy

Apply Now!
JUNE
Intake

IGCSE(or)GCE 'O' Level
Bachelor
၂။ BBA The Open University of Hong Kong (OUHK)
၃။ BE နှင့် BA SKU

STI Myanmar University
Building-10, MICT Park, Hlaing Campus, Hlaing Township, Yangon.
No (377), Upper Shwe Bon Thar Street, Pabedan Township, Yangon.
TEL : 507151/507152, 377988, 09250064451, 0931702299, 09420254872

SAYAR DR. NYAN LIN'S ACADEMY OF EDUCATION, Private High School

ကန့်ကွက်နိုင်ပါသည်

MINISTRY OF TRANSPORT
MYANMA PORT AUTHORITY
INVITATION TO TENDER

Open tenders are invited by the Myanma Port Authority, for the supply of the following items-

Sr No	Description	Currency	Closing Date & Time
1	Spare Parts for Main Engine of M.V Hsadan (Cooler Insert-2 Units)	F.E	30-6-2014 (14:00 hours)
2	Marine Diesel Engine & Gear Box for Pilot Cutter-(2 Sets)	Kyats	27-6-2014 (13:00 hours)
3	M.S Welding Electrode(Kobe-30/ RB-26)		
4	Zinc Anode(3Kg/6Kg)		
5	Dee Shackle-(3 items)		

Tender forms and documents are available at the Stores Department,(Near Toll Gate of Concrete Road), Seik Kan Township, Myanma Port Authority,starting from 12-6-2014 during office hours.

For further details, please contact telephone number 01-8610231, 01-8610232 and 01-8610229.

Controller of Stores
Myanma Port Authority

ဆက်သွယ်ပေးပါရန်

၇-၆-၂၀၁၄ရက်တွင် မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်ပါသော ပိုက်ဆံအိတ်တစ်လုံးကောက်ရထားပါသည်။ ပိုင်ရှင်အစစ်အမှန် အောက်ပါဖုန်းနံပါတ်ကို ဆက်သွယ်ပါ။

ဖုန်း-၀၉- ၄၄၈၀၁၆၆၉၀၊ ၀၉-၄၂၀၀၀၄၄၉၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၉/ဘီ)၊ မြေကွက်အမှတ်(၂၂၄)၊ မြေကွက်တည်နေရာအမှတ်(၂၂၄)၊ (၃၉-ဘီ)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဒေါ်တင်မေ (BS-၀၆၃၁၇၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်တင်မေ ကွယ်လွန်သဖြင့် ဦးသန်းနိုင်[၁၂/ဥကတ(နိုင်)၀၂၃၁၅၀]က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအ၀ယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၅၁၀/က)၊ မြေကွက်တည်နေရာအမှတ်(၅၁၀/က)၊ (၁၇)လမ်း၊ (၁၀)ရပ်ကွက်၊ ဒေါ်သန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းနှင့် ခင်ပွန်း ဦးဘကြည် ကွယ်လွန်သဖြင့် ဦးစိုးမြင့်[၁၂/ဥကတ(နိုင်)၀၁၇၄၀၉]က တစ်ဦးတည်းသောသား တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအ၀ယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ပျောက်ဆုံး

ကျွန်မ ဒေါ်စန်းစန်းဝေ[၁၂/မဘန(နိုင်)၀၄၅၈၈၆]၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉၂၅၄၀၉၂၇၂၀**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/တောင်၊ မြေကွက်အမှတ်-၆၆၇/ခ၊ မြေကွက်တည်နေရာအမှတ်(၆၆၇/ခ)၊ ဇောတရုံလမ်း၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးရဲဆွေ) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရဲဆွေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စီစီ[၁၂/သကတ(ပြ)၀၀၀၅၀၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၃၆၃/၂၀၁၄) ရရှိသူ ဒေါ်ချိုချိုမာ[၁၂/စခန(နိုင်)၀၇၅၁၄၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ (၁)အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ (၂)အရောင်းအ၀ယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆/အနောက်၊ မြေကွက်အမှတ်(၅၃၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၃၂/ခ)၊ ဝေဇယန္တာလမ်း၊ ၁၀/၆အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးရွှေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးရွှေ(ဖခင်)နှင့် ဒေါ်သန်းကြည်(မိခင်)တို့ကွယ်လွန်သဖြင့် သားများဖြစ်သော (၁)ဦးမိုးဆန်းဦး[၁၂/သကတ(နိုင်)၁၁၁၉၂၃]၊ (၂)ဦးအောင်ထွန်းဦး [၁၂/သကတ(နိုင်)၀၆၀၁၃၈]တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၁၅/၂၀၁၄)ရသူ ဦးအောင်မြတ်သူ[၁၄/လပတ(နိုင်)၁၀၉၆၄၆]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃ဒီ၊မြေကွက်အမှတ်(၅၁)၊ မြေကွက်တည်နေရာအမှတ်(၂၉)၊ (၂)လမ်း၊ မြို့မရပ်ကွက်၊ ဗဟန်းမြို့နယ်၊ (ဒေါ်မမကြီး)အမည်ပေါက် သုံးလပတ်မြေငှားဂရန်မြေအား အမည်ပေါက်(မိခင်) ဒေါ်မမကြီး (ဖခင်) ဦးမောင်ဦး(ခင်ပွန်း)ဖြစ်သူ ဦးမြင့်အောင်(ခင်ပွန်း)ဦးမြင့်သိန်းတို့ အသီးသီးကွယ်လွန်သဖြင့် ဦးမြင့်ထွန်းဦး [၇/တငန(နိုင်)၀၄၀၃၀၈]၊ ဒေါ်ခင်မာယု[၁၂/အစန(နိုင်)၀၁၇၇၁၃]၊ ဒေါ်ဆွေဆွေ(ခ)ဒေါ်ထွေးညိုညို[၁၂/ဗဟန(နိုင်)၀၁၃၅၉၂]တို့က သားအရင်း၊ တရားဝင်(ဇနီး)တော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

